www.burmeseclassic.com

# ရှင်ပြန်ထမြောက်ရာဂီတ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၇၅၂၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၆၀၀၆၀၂

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၆ ခုနှစ် ဧပြီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အိမ်၏ အနေအထားက. . 'နီ' တို့အိမ်နှင့်ယှဉ်လျှင် အတော်ကြီး ကို ထယ်ဝါခန့်ညားပါသည်။သို့သော်. . . သူ့ထည်ဝါပုံက တမင် သက်သက် ဆင်ယင်ထားသော ထည်ဝါမှုမျိုးမဟုတ်ဘဲ ပင်ကိုခန့်ထည်မှု မျိုး. . ဟုတော့. . နီ. . ခံစား၍ရသည်။

နီက. . ကားပေါ်မှ. . အထုတ်အပိုးများကိုချရန်ပြင်ဆဲ. . ဒရိုင်ဘာက လက်ကာတားသဖြင့်. . နောက်ဆုတ်နေလိုက်ရသည်. .။ အန်တီပွင့်သီခင်. . ကတော့. . အောက်ထပ်က. . မှန်နီညိုရောင်များဖြင့် ပိတ်ကာထားသော. . Slide door ကိုဆွဲဖွင့်ကာ. . 'လာကြဦး' ဟု ခေါ်လိုက်သည်. .။အထဲမှ. . ထွက်လာသည်က. . အမျိုးသမီး တစ်ယောက် နှင့် အမျိုးသားတစ်ယောက်။အမျိုးသမီးက. . သုံးဆယ်ခန့် ရှိမည်ထင်သည်. .။အမျိုးသားကတော့. . နှစ်ဆယ့်ငါး၊ နှစ်ဆယ့်


www.burmeseclassic.com

www.burmeseclassic.com



ခြောက်. . ဟု ထင်ရ၏။

"နှင်းဆီက . . ပစ္စည်းမသယ်နဲ့. . ညီမလေးကိုခေါ်သွား. . နေရာချပေး. . ကြည်စင်က. . ပစ္စည်းကူချ. . အပေါ်ထိမသယ်နိုင်ရင်. . မင်းညီတို့ ပင်းယတို့ကိုခေါ်"

"နှစ်ယောက်လုံးမရှိဘူး"

"ဒါဆို. . နောက်ကအလုပ်သမားခေါ်လိုက်. . အော်. . မေ့လို့ . . ဒါက. . မင်းတို့ညီမလေး. . ဆင်းနီလွင်. . တဲ့. . 'နီ' လို့ခေါ်တယ်. . နီ. . ဒါက. . နှင်းဆီခင်. . ဒါက. . မင်းကြည်စင်. . နီ့အစ်ကိုနဲ့အစ်မ. . ပဲ. ."

BURMESE CLASSIC

"ဟုတ်. ."

အစ်ကိုနှင့်အစ်မကလည်း နီ့ကို နှစ်လိုစွာပြုံးပြကြ၏။

ပြောပြီးတာနှင့်အပေါ်ထပ်သို့ တက်သွားသော အန်တီပွင့်သီခင်ကို ကြည့်ကာ. . မမနှင်းဆီခင်က . . နီ့ကို. . လက်ကမ်း၏။

"လာ. . နီ. . မမတို့အပေါ်သွားမယ်"

"ဟုတ်ကဲ့. ."

သားလှေကားမှ. . အပေါ်ဆုံးထပ်ထိ တက်ခဲ့ကြသည်. . ။ တိုက်က. . သုံးထပ်တိုက်. . ။အန်တီက. . အလယ်ထပ်မှာနေပုံရသည်. . ။အောက်ထပ်က. . အန်တီပွင့်သီခင်၏ရုံးခန်း. . ။အပေါ်ဆုံးထပ်က. . ခု. . 'နီ' နေရမည့်အထပ်ဖြစ်ပုံရသည်. . ။

အပေါ်ရောက်တော့. . နီ. . နေရမည့်အခန်းကို. . မမက ပြပေးသဖြင့် ကိုကိုမင်းကြည်စင်နှင့် အလုပ်သမားများက. . ပစ္စည်းချပေးကြသည်။

"ဒါ. . နီနေရမယ့်အခန်းပဲ. ."

"ဟုတ်ကဲ့မမ. ."

"ဒီအထပ်မှာက. . မမရယ်၊ ကိုကိုမင်းကြည်စင်ရယ်၊ ပင်းယကျော်ရယ်. . မင်းညီဇင်ရယ်နေတာ. . ခု. . နီနဲ့ပါဆို. . ငါးယောက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီက"

"အလယ်ထပ်မှာနေတယ်. ."

"နို့ဘေးခန်းက. ."

"မင်းညီအခန်း. ."

ထိုစဉ်မှာပဲ. . ပန္နည်းတွေချပြီးသွားသဖြင့်. . အလုပ်သမားများ ပြန်ဆင်းသွားသည်. .။ကိုကိုမင်းကြည်စင်က. . မောသွားဟန်နှင့်. . ဧည့်ခန်းတွင်ခြေပစ်လက်ပစ်ထိုင်ရင်း. . လှမ်းမေး၏။

"နှင့်အဖေက. . သွားပြီလား. ."

"ဟုတ်. . မနက်ကပဲ. . လေဆိပ်ပို့ခဲ့တာ. ."

"ကောင်းတာပေါ့. . ဒါမှ. . နှင့်မှာ. . ဆွေတွေမျိုးတွေရှိသေးတာနှင်သိရတာ. . မဟုတ်ရင်. . လမ်းမှာတွေ့တောင်. . မောင်နှမမှန်းသိမှာမဟုတ်ဘူး. ."

ဟုတ်နေသောစကားကြောင့်. . နီ. . ခေါင်းညိတ်ထောက်ခံမိသည်. .။

မမနှင်းဆီခင်က. . ရယ်ရင်းဝင်ထောက်၏။

"သိနိုင်တာတစ်ခုတော့ရှိပါတယ်. ."

"ဘာလဲ. ."

"နာမည်လေ. ."

သုံးယောက်သားရယ်ဖြစ်ကြသည်. .။ဒီလောက်ကာရန်တူအောင် မှည့်ထားသော နာမည်များကတော့. . တစ်ယောက်နှင့်တစ်ယောက် သတိမပြုမိစရာ အကြောင်းမရှိ. . တစ်ခုပဲ. . ခုနက. . ကြားလိုက်ရသော . . 'ပင်းယကျော်' ဆိုသည့်နာမည်. .။

"ဟို. . ခုနကပြောတဲ့. . ပင်းယကျော်. . ဆိုတာကကော"

"အေး. . ဒီတစ်ကောင်ပဲ. . ရှားရှားပါးပါး ကွဲထွက်နေတာ. . ဒါပေမယ့် အဲဒါကိုက အပြစ်ကြီးတစ်ခုလိုလုပ်ပြောခံနေရပြန်ကော. . နှင့်အမေအကြောင်း ပြောမဆုံးကြသလိုပေါ့ဒီနာမည်ပေး

www.burmeseclassic.com



ခဲ့တဲ့. . သူ့အမေက. . တကယ့်. . တရားခံကြီးလိုပဲ. . ”

နီ့မေမေနှင့်ပတ်သက်သော ရာဇဝင်ကိုတောင် မနေ့တစ်နေ့ကမှ ဖေဖေပြောပြသဖြင့် သိခဲ့ရသည်မို့ ပင်းယကျော်. . အမေဆိုသူအကြောင်း. . နီမသိတာမဆန်း. . ။

“ကြည်စင်. . ကလေးကို. . လျှောက်ပြောမနေနဲ့. . နားပါစေဦး ညနေကျမှ မမတို့တွေ့ကြမယ်၊ ဟုတ်ပြီလား. . ခု. . အလုပ်တွေရှိသေး တယ်. . ”

“အေး. . ဟုတ်တယ်. . ငါတို့. . တော်ကြာ. . ဆူခံနေရဦးမယ်. . ”

ပြောပြောဆိုဆို. . မမနှင်းဆီခင်တို့ အောက်ပြန်ဆင်းသွားသဖြင့်. . အပေါ်တွင်. . နီ. . တစ်ယောက်တည်းကျန်ခဲ့ရသည်. . ။ နီ့အတွက်. . ကုတင်က. . ခင်းကျင်းထားပြီးသား. . စားပွဲမှာပင်. . စားပွဲခင်းကလေးက. . ဖွေးဖွေးဖြူလျှက်. . ။နီ. . ပါလာသောကျောင်းစာအုပ်များကို. . စင်ကလေးနှင့်အရင်နေရာချလိုက်သည်. . ။ပြီးမှ. . အိတ်ထဲမှအဝတ်အစားများကို. . နံရံကပ်ဘီရိုထဲစီထည့်ရ၏. . ။အကျီချိတ်များကလည်း အသင့်မို့. . ချိတ်ထားရမည့်အဝတ်အစားများကို ချိတ်ဆွဲထားလိုက်သည်. . ။

ပြီးမှ. . နီ. . တစ်စုံတစ်ခုကိုသတိရကာ. . ကျောပိုးအိတ်ကလေးကို ပြေးဖွင့်ရသည်. . ။အထဲမှာ. . ဖေဖေနှင့်မေမေ့ပုံ ပါသည်. . ။ပြီး. . နီနှင့်ဖေဖေ့ပုံ. . ။ပုံလေးနှစ်ပုံကို. . နီ. . စားပွဲပေါ်တင်ထား လိုက်သည်. . ။နီ့ဖေဖေ. . သွားလမ်းလာလမ်းဖြောင့်ဖို့လည်း မေတ္တာပို့ မိသေး၏။နီတို့မှာက အဖေတစ်ခုသားတစ်ခုမဟုတ်လား။ မေမေက ငယ်ငယ်လေး တည်းက . . နီတို့နှင့် ထာဝရခွဲသွားခဲ့သော်လည်း ဖေဖေနှင့်နီက တစ်ခါမှ ခွဲခဲ့ကြဖူးသည်မဟုတ်. . ။ ဖေဖေကျရာနေရာတိုင်းထိ နီ. . လိုက်ခဲ့ရသည်ချည်း. . ။ခုလို ဖေဖေ UN Project တွေမှာ တာဝန် မထမ်းဆောင်ခင်ထိပေါ့. . ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ဖေဖေက. . UN မှ ပေးထားသောတာဝန်နှင့် တောင်အမေရိက တိုက်ထဲရှိ နိုင်ငံတစ်ခုတွင်. . သုံးနှစ် နီးပါးမျှ သွားရောက်အမှုထမ်း ရမည်ဖြစ်သဖြင့်. . နီ့ကို ထားခဲ့ခြင်းဖြစ်သည်. . ။ မနက်ကပဲ ဖေဖေ့ကို လေဆိပ်ပို့ခဲ့သည်။ ခု. . အန်တီပွင့်သီ လာခေါ် သဖြင့် အိမ်ကိုသော့ချ ပိတ်ခဲ့ကာ. . အန်တီ့နောက်လိုက်လာခဲ့ရခြင်း ဖြစ်၏။ ဖေဖေက. . နောက်တစ်ရက်ဆို. . သူနေရမည့်နေရာသို့ ရောက်မည်။ ရောက်ရောက်ချင်း ဖုန်းဆက်ဖို့ နီ မှာထားခဲ့သည်. . ။

"ဖုန်း. . ဟုတ်သားပဲ. . ဒီမှာဖုန်းကဘယ်နားထားလဲမသိ"

စိတ်ထဲမှရေရွတ်မိရင်းက ဧည့်ခန်းဘက်ပြန်ထွက်ကာ ဖုန်းရှာ ကြည့်သည်။မရှိ. . ။

ဧည့်ခန်းထဲမှာက TV , အောက်စက်များနှင့် sound box ကြီး နှစ်ခု. . ။ပြီးတော့ ကွန်ပျူတာ နှစ်ခု. . ။ဒါပဲတွေ့သည်။ တစ်ထပ်လုံးမှာ လည်းအခန်းလေး၊ ငါးခန်းနှင့်ဧည့်ခန်းကလွဲလျှင် ဘာအခန်းပိုမှမရှိ။

"ဒုက္ခပါပဲ"

နီ. . စိတ်ညစ်ညစ်နှင့် ရေရွတ်မိသည်။

ဒီလောက်ခန့်ညားထည်ဝါသောအိမ်ကြီးမှာ တယ်လီဖုန်းလေး တောင်မရှိတာတော့ မဖြစ်နိုင်။အောက်ထပ်မှာ ရုံးခန်းဆိုတာကအလုပ် ခန်းမို့ ဘယ်နည်းနှင့်မဆိုတော့ ဖုန်းရှိမှာပင်။ ဒါဆို အပေါ်ကို extension ဘာလို့ပေးမထားတာလဲ။ဖုန်းလာလျှင် အပေါ်ကလူတွေက အောက်ထပ်ထိဆင်းပြောရတာလား။ နီ ခေါင်းထဲ အတွေးတွေ ရှုတ်ယှက်ခတ်ကုန်သည်။

ဖေဖေနှင့်နီ ဆက်သွယ်ဖို့က ဖုန်းမရှိလို့မဖြစ်ပါ။

နီ အိမ်မှာပဲ ပြန်နေရလျှင်ကောင်းမလားဟုပင် စဉ်းစားမိသည်။ နီတို့အိမ်မှာက ဖုန်းရှိသည်။ ခက်တာက ဖေဖေက နီ့ကို တစ်ယောက်တည်း မပြောနှင့် တခြားအဖော်တစ်ယောက်နှင့် ထားခဲ့ ရမှာတောင်စိတ်မချ၍ ဘယ်တုန်းကမှ တွေးထင်မထားခဲ့မိသော



www.burmeseclassic.com

www.burmeseclassic.com


အန်တီပွင့်သီခင် လက်ထဲအပ်ခဲ့ခြင်းဖြစ်သည်။နီ့ဘဝမှာတော့ နှစ်ခါလား တွေ့ဖူးသော အန်တီပွင့်သီခင်သည် သူစိမ်းသက်သက်သာဖြစ်၏။ ကျန်မောင်နှမဝမ်းကွဲ ဆိုသည်များကတော့ ပိုတောင်ဆိုးသေးသည်။ ရှိသည်ဟုပင်မသိခဲ့။

ခုတော့ နီထင်မှတ်မထားဘဲနှင့် နီ့မောင်နှမဝမ်းကွဲများက နီ့ကို နွေးထွေးစွာကြိုဆိုကြသည်။မင်းညီဆိုသော သူနှင့်ပင်းယကျော်ပဲကျန် သည်။တစ်ဘက်ခြံမှာရှိသော(ရှိသည်ဟုသိထားသော) ဖွားဖွား နှင့်တခြား မောင်နှမများကိုတော့ နီစာရင်းမသွင်းမိပါ။ သူတို့၏ မနွေးထွေးမှာ သေချာသောအကြည့်များကိုလည်း နီရင်ဆိုင်ရန် ဖေဖေကော အန်တီပွင့်သီခင်ကပါ အားပေးထားခဲ့ပြီးပြီပဲ။

ခုလောလောဆယ် နီ့အတွက်အရေးအကြီးဆုံးက ဖေဖေ ဖြစ်သည်။

ထို့ကြောင့် နီ ဖုန်းတစ်လုံးလိုအပ်သည်။

သို့မှသာ ဖေဖေနှင့် နီ အဆက်အသွယ်ရနိုင်လိမ့်မည်လေ။

❄ ❄ ❄


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ညနေကျတော့ မမနှင်းဆီခင်အပေါ်ပြန်တက်လာတာ ရေမိုးချိုး၏။ပြီးမှ နို့ကိုခေါ်ကာ ထမင်းဆင်းစားကြသည်။ ထမင်းဝိုင်းမှာ အန်တီပွင့်သီခင်ကိုလည်းတွေ့ရ၏။ပြီးတော့ နီနှင့်မတွေ့ရသေးသော မင်းညီဇင်. .။

"မင်းညီ. . ."

"ဗျာ. . ."

"ဒါ. . . ဆင်းနီလွင်"

"ဟုတ်. . . အန်တီ ဆင့်သီဇင်ရဲ့ သမီး"

အရေးထဲ မင်းညီဆိုသူက မေမေ့နာမည် ထည့်ပြောကာ ကွန့်သေး၏။အန်တီပွင့်သီခင်ကတော့ ဘာမှမပြော. .။ အသာအယာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံး၏။

မမနှင်းဆီကသာ နီနှင့်မင်းညီကိုတစ်လှည့်စီကြည့်ကာ. . .

"နီနဲ့ မင်းညီ . . . ဘယ်သူကြီးလဲ"

နီကတော့ ဘာမှမသိသူမို့ ခေါင်းခါမိ၏။အန်တီကလည်း အခုမှ မျက်မှောင်လေးကြုတ်ကာ စဉ်းစားပြီးမှ. . .

"နီက May မှာမွေးတာထင်တယ်"

"ဟုတ်တယ်"

"မင်းညီက . . . နိုဝင်ဘာမှာမွေးတာ မင်းညီကြီးတယ်"

"ဗျာ"

"အာ. . . ဒါဆို နီကြီးတာလေ"

အန်တီ့စကားကြောင့် မင်းညီနှင့်နီ တစ်ပြိုင်နက်တည်း အသံထွက်သွားကြ၏။အန်တီက ပြန်ရှင်းပြသည်။

"မဟုတ်ဘူး. . . မင်းညီက နှစ်ကြီးတယ်. . . မင်းညီကိုမွေးပြီးနောက် 'မေ' မှာကျမှ နီ့ကိုမွေးတာ"

"ဩော်"

"ဩော်"

နီနှင့်မင်းညီ အတူတူအသံထွက်သွားပြန်သဖြင့် ရယ်မိကြပြန်သည်။နီကတော့ အန်တီ့ကိုပဲ ကြိတ်ချီးကျူးမိသည်။ဘယ်သူကမှ အဖက်လုပ်ကာ အဆက်အသွယ်မပြုသော နီ့မေမေ. . . နီ့ကိုမွေးသည့်ကာလကို အန်တီက သေသေချာချာကြီးကို မှတ်မိနေသည်လေ. . နီကတော့ ဒီအိမ်ကို အန်တီမျက်နှာကိုတစ်နိုင်ငံထင်ကာ လိုက်လာခဲ့ခြင်းဖြစ်သည်။

"မှတ်ထား . . ငါက နင့်ထက် (၆) လကြီးတယ်"

"အတန်းကတူတူပဲ"

"ကြေးမတိုက်နဲ့. . နင့်ထက်အကြီးကအကြီးပဲ. . ကိုကိုခေါ်"

နီ အန်တီ့ကိုကြည့်တော့ အန်တီက ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


"မင်းညီနဲ့ကြည်စင်က. . ညီအစ်ကိုအရင်းလေ. . သူက ညီမလိုချင်နေရှာတာ. . ခေါ်လိုက်ပါ. . နီရယ်"

မမနှင်းဆီခင်ကပါ ဝင်ထောက်ပေး၏။

"ကိုကိုမင်းညီ. . ဟုတ်လား. . အဲလိုခေါ်ရမှာလား"

"ဟုတ်ပ. . ညီမလေးရေ. . လိမ္မာလိုက်တာ ရှော့. . စား"

ပြောပြောဆိုဆို နီ့ပန်းကန်ထဲ ရေုတ်သီးကြော်တွေ တစ်ဇွန်းမောက်မောက်ကြီးခပ်ထည့်ပေးလိုက်သဖြင့် အော်ရသေးသည်။ပြီးမှ ခပ်တည်တည်နှင့် ဆို၏။

"အလကားပြောတာပါ. . ကြိုက်သလိုခေါ်. . ငါ့မှာ. . ဟိုဘက်က နန်းတော်လို ရာဇသံတွေဘာတွေမရှိပါဘူး"

"မင်းညီ. ."

အန်တီ တစ်ချက်ဝင်ဟန့်မှ မင်းညီစကားရပ်သွားသည်။

ဒါဆို တဖက်က ဖွားဖွား၏ နန်းတော်နှင့် မင်းညီတို့နှင့်က သိပ်ကီး မကိုက်ဘူးပေါ့။နီက ထိုသို့ တွေးမိကာ နည်းနည်းတော့ အသက်ရှုချောင်သွားသလို ခံစားရသည်။နီ့မှာက ဒီအိမ်မှာသာ လာနေရသည်။ တဖက်က အဖွားနှင့်ဆွေတော်မျိုးတော်များက ဘယ်လိုဆက်ဆံကြမလဲ ဆိုတာ တထိတ်ထိတ်. . .။

ဖေဖေကတော့ အန်တီပွင့်သီခင်ကို အမှတ်ပေးဖူး၏။

"နင့်အန်တီက နင့်အမေပြီးရင် စိတ်ထားအကောင်းဆုံးပဲ"တဲ့။

ဖေဖေကတော့ တကယ့်စံပါ။မေမေမှ လွဲလျှင် တခြားမိန်းမကို အလေးမထားတာ သိသာလွန်းသည်။မေမေဆုံးတာ နီ့ကို မွေးပြီး နှစ်နှစ်မှာကတည်းက ဖြစ်သော်လည်း ဖေဖေ နောက်အိမ်ထောင်မပြုခဲ့တာ သူ့စကြည့်. . .။

ထမင်းစားပြီးတော့ အန်တီက သူ့အခန်းသူပြန်သည်။မပြန်ခင် နီ့ကို မှာသွားသေးသည်။

"နီ ခဏနေကျ လာခဲ့ဦး" တဲ့. . .။


www.burmeseclassic.com

www.burmeseclassic.com



နီ မမနှင်းဆီခင်ကိုလှမ်းကြည့်မိတော့ မမက ပြန်မကြည့်သဖြင့် နီ့ အကြည့်ကို ဘာမှသိလိုက်ပုံမရ။ လျှပ်ပါးပုံရသော မင်းညီကတော့ နီ့ကို ပုခုံးတွန့်ပြ၏။ကိုကို မင်းကြည်စင်ကတော့. . .

"သွားလိုက်ဦး" ဟုသာ သတိပေးရှာသည်. .။

နီ မမနှင်းဆီခင်ကို ဝိုင်းကူသိမ်းပေးပြီးတာနှင့် လိုက်သွားလိုက်သည်။အန်တီရှိရာ အလယ်ထပ်တံခါးက ပိတ်ထား၏။အခန်းမှာ ကုံးကုံးကွကွရော၊ မားမားမတ်မတ်ပါ ခြေဖျားထောက်ရှာသော်လည်း လူခေါ်ဘဲလ်ကို မတွေ့ရသဖြင့် သဘာဝက ပေးထားသော လက်အစုံနှင့် ခေါက်လိုက်ရသည်။

"ဒေါက်. . . ဒေါက်. . ."

အထဲမှ ဘာလှုပ်ရှားသံမှမကြားရ။အန်တီအသံသာ ထွက်လာ၏။

"နီလား . . . တွန်းဝင်လာခဲ့"

နီ တံခါးကို အသာတွန်းကြည့်ကာ နည်းနည်းလေး အားစိုက်ရသည်ကလွဲလျှင် အသာအယာပင် ပွင့်သွား၏။အထဲမှာ အန်တီက စာအုပ်အထူကြီးတစ်အုပ်ကို ဖွင့်ကာ marker ရောင်စုံများနှင့် highlight ထိုးကာ စိတ်ဝင်တစားဖတ်နေသည်။

နီ. . ထိုင်ရမလား၊ ရပ်နေရမလား ဝေခွဲမရဆဲ. . အန်တီက "ထိုင်လေ" ဟုဆိုသဖြင့် ကပျာကယာ ခုံတစ်လုံးဆွဲကာ ထိုင်လိုက်ရ၏။ အန်တီက စာအုပ်ကို ပိတ်လိုက်ရင်း နီ့ကိုမေး၏။

"အဆင်ပြေရဲ့လား. . နီ"

"ဟုတ်ကဲ့. . အဆင်ပြေပါတယ်"

ဘာကို မေးမှန်းမသိသော်လည်း သိချင်ယောင်ဆောင်ကာ အဆင်ပြေပေးလိုက်သည်။ဒါကို သိပုံရသော အန်တီက ရယ်၏။အန်တီက ခု အသက် လေးဆယ်နား နီးနေပြီဆိုသော်လည်း ခုထိ အရှယ်တင်ကာ လှပဆဲ. .။မသိသူများက သုံးဆယ်ဝန်းကျင်ဟုပင် ခန့်မှန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com


လောက်အောင် နုပျိုလေသည်။

"ဒီမှာ ဘာလိုလဲ"

"ဘာမှ. . ."

နီ ထုံးစံအတိုင်း ဘာမှမလိုဘူးဟု ပြောမည်ပြင်ပြီးမှ ဖုန်းမရှိတာကို သွားသတိရသဖြင့် စကားက ရပ်သွားရသည်။အန်တီက မျက်မှောင်လေးကျုံ့ကာ ကြည့်ရင်း

"ပြောလေ. . ဘာလို့ရပ်သွားတာလဲ၊ အားမနာနဲ့. . ပြော . . လောကမှာ လိုအပ်တဲ့နေရာတိုင်းမှာ ပြောရဲဆိုရဲတာဟာ အရည်အချင်းတစ်ခုပဲ. . . အဲဒါမှတ်ထား"

"ဟုတ်ကဲ့. . ဟိုလေ. . အိမ်မှာ ဖုန်းမရှိဘူးလားလို့ မေးမလို့ပါ . . . ဖေဖေနဲ့ဆက်သွယ်ဖို့က ဖုန်းရှိမှ ဖြစ်မှာလေ. ."

"ဒီမှာ. . . ဖုန်းတွေ့လား"

"ဟင့်အင်း. . . အန်တီ. . . မတွေ့လို့မေးတာ"

"မရှိကို မရှိတာ"

"ရှင်. . ."

နီ. . တကယ့်ကို အံ့သြသွားရသည်။ဘာလို့မရှိရတာလဲဟု တွေးရင်းက နီတို့အိမ်မှ ဖုန်းကို ဒီဘက်ခဏ ရွှေ့ထားလျှင် ရမလားဟုလည်း တွေးမိသည်။

"ဟုတ်တယ်. . . ဒီအိမ်မှာရော အောက်ထပ်က အလုပ်ခန်းမှာရော၊ ဖုန်းမထားဘူး၊ အဓိကကတော့ အသံမကြားချင်တာ"

"ရှင်"

နီ အန်တီ့ကို တအံ့တသြနှင့် ကြည့်မိသည်။အန်တီသည် ဆူးရှသော အသံများနှင့်ပတ်သက်ပြီး အလာဂျစ် ဖြစ်တတ်သူလား. .။ အန်တီက ထိုင်ရာမှထကာ အနီးရှိ အလူမီနီယံ ဗီရိုလေးဆီ ထသွားသည်။

"အန်တီနဲ့ သမီးအဖေနဲ့တိုင်ပင်ထားပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ. . . အန်တီ"

"သမီးအတွက်. . ဖုန်းတစ်လုံးလေ"

အန်တီက အံဆွဲတစ်ခုအတွင်းမှ ဗူးလေးတစ်ခုကို ထုတ်လာ၏။ ပြီး ဖွင့်ကာ နီ့ရှေ့ကို ချပေးသည်။လက်ကိုင်ဖုန်း နီနီလေးတစ်လုံး. .။ အရေးထဲ အခွံလား၊ ကစားစရာလား ဟု နီ တွေးဖြစ်အောင်တွေးလိုက်သေးသည်။

အန်တီက ဖုန်းကိုဖွင့်ကာ နီ့ကို ကမ်းပေးသည်။နီ လှမ်းယူကြည့်လိုက်တော့ အပြာနုရောင် Screen နှင့် လင်းနေသော ဖုန်းကလေးကို တွေ့လိုက် ရသည်။

"ဒါ. . . ဒါက"

"နီ့အတွက်"

"အန်တီပေးတာလား"

"အင်း. . . မဟုတ်သေးဘူး. . နီ့ဖေဖေလည်း တစ်ဝက်ပါတယ်"

နီအံ့ဩသွားရသည်။ ဖေဖေက ဘာမှ မှာကြားမသွား။

အန်တီက စကားကို ဆက်၏။

"ဒီအိမ်မှာက ဖုန်းမရှိတော့ communication အတွက် လွယ်အောင် လိုအပ်တဲ့သူတိုင်းကို ဖုန်းတစ်လုံးစီ ပေးထားတယ်"

ဖုန်းတစ်လုံးစီဟု ဆိုသဖြင့် နီ မျက်လုံးပြူးသွားရသည်။ တန်ဖိုးကနည်းမှမနည်းပဲ။

"ဒါပေမယ့်. . . ဒီတိုင်းတော့မရဘူး. . အလုပ်လုပ်တဲ့လူတွေက ဒီဖုန်းဖိုးကို လခသဘော နဲ့ တစ်လချင်းစီ installment နဲ့ သွင်းရတယ်. . . bill ကို ကိုယ့်ဘာသာကိုယ် ဆောင်ရတယ်. ."

"နီကျတော့ရော. . . နီကခုမှ ကျောင်းတက်တုန်း"

"ဒီမှာ ကျောင်းတက်နေတာ သုံးယောက်ရှိတယ်. . . နီ အပါ အဝင်ပေါ့. . . မင်းညီနဲ့ ပင်းယတို့ကတော့ ကိစ္စမရှိဘူး. . . သူတို့အိမ်က စီစဉ်ပေးတယ်. . . နီ့ကိုတော့ အန်တီထုတ်ထားတဲ့ စည်းကမ်းအရ ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com


တာမို့ နို့ဖေဖေနဲ့အန်တီနဲ့တစ်ဝက်စီ. . ”

နီ ဖုန်းလေးကိုကြည့်ကာ ပျော်ရမည့်အစား စိတ်မကောင်းဖြစ်နေမိသည်။ဒီအတွက် ဖေဖေနှင့်နီ နီးရမှာမှန်သော်လည်း ဝေးကွာခြင်းမှရမည့် ငွေကြေးတော်တော်များများကို သုံးစွဲလိုက်ရလိမ့်မည်။အန်တီလည်း သက်သာမည်မဟုတ်. . ။

“ ph : bill ကိုကော နို့မုန့်ဖိုးထဲက ပေးရမှာလား”

“ဒါလည်း ကန့်သတ်ချက်ရှိတယ်. . . ရှစ်ထောင်အောက်တို အန်တီဆောင်ပေးတယ်. . . ကျော်ရင် ကိုယ့်ဘာသာကိုယ် ဆောင်ရတယ်. . . နီကတော့ oversea call တွေကို နို့အဖေကခေါ်မှာပဲ. .၊ ဒီက Local call လောက်ပဲရှိတော့. . . နို့အတွက်က အဆင်ပြေမှာပါ. . ပြီးတော့ ဖုန်းဆိုတာ ဆက်သွယ်ရေးလွယ်ကူမှုအတွက်ပဲ သုံးတာကောင်းတယ်. . တခြားမလိုအပ်တဲ့ကိစ္စတွေမှာ မသုံးပါနဲ့”

အန်တီပြောသော တခြားမလိုအပ်တဲ့ကိစ္စတွေဆိုတာ ဘာဝါလိမ့်. . ။သူငယ်ချင်းတွေနဲ့ အလာပသလာပပြောတာကို ဆိုလိုတာလား။

“ကဲ. . . ပြီးရင် သွားလို့ရပြီ. . နီ နားတော့. . . နို့ဖေဖေ. . ဒီညတော့ ဖုန်းမဆက်လောက်ပါဘူး. . . နောက်နေ့မှ ဆက်လိမ့်မယ်ထင်တယ်. . . ဖုန်းကို သေသေချာချာသုံးတတ်ချင်ရင် အပေါ်ရောက်မှ မင်းညီတို့ ကြည်စင်တို့ကို မေး”

“ဟုတ်ကဲ့”

“ကဲ. . ကဲ. . သွား”

ပြောပြောဆိုဆို အန်တီက ထိုင်ခုံတွင်ပြန်ထိုင်တာ စာအုပ်ထူကြီးကို ပြန်ဖွင့်သဖြင့် နီ ထထွက်ရန်ပြင်လိုက်၏။အခန်းတံခါးဝနားရောက်မှ . . နောက်မှ အန်တီလှမ်းခေါ်လိုက်သည်။

“အော်. . . မေ့လို့”

“ဘာများလဲ. . အန်တီ”

“ဒီက စည်းကမ်းတစ်ခုကို ပြောဖို့မေ့နေလို့”


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်"

"ဒီမှာ ဘာ ring သံမှမကြားချင်တဲ့အတွက် ဖုန်းမထားတာ နီတို့ ဖုန်းတွေကိုလည်း ring ပိတ်ထားပါ"

"ရှင်"

နီ ကြောင်အစွာ ငေးနေမိဆဲ အန်တီက သူ့အလုပ်ပြီးပြီဆိုသော သဘောနှင့် စာအုပ်ကိုပြန်ဖတ်နေပြီ။နီ. . လေးကန်စွာလှမ်းထွက်ခဲ့ရုံမှအပ ဘာမှမတတ်နိုင်။လက်ထဲမှာ စေးစေးပိုင်ပိုင်လေးရှိနေသော ဖုန်းနီနီလေးက နီ့ကို လှောင်နေသယောင်. . .။

နီက နာမည်ကသာ ဆင်းနီလွင်. .။အနီရောင်ကို မကြိုက်. .။

ခု နီမကြိုက်သော အရောင်နှင့်ဖုန်းလေးက လက်ထဲမှာ. .။ ring ပိတ်ထားဟုဆိုသဖြင့် အသံလည်းကြားမှာမဟုတ်. .။နီ တစ္ဆေနီနီသေးသေးလေးတစ်ကောင်လို ဖုန်းကလေးကိုဆုပ်ကိုင်ထားရင်းက အပေါ်ပြန်တက်လာခဲ့လိုက်သည်။

❄ ❄ ❄


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နီ အပေါ်ထပ်ရောက်တော့ ညှော်ခန်းမှာ မမနှင်းဆီခင်က TV ကြည့်နေသည်။ကိုကိုမင်းကြည်စင်နှင့် မင်းညီက ကွန်ပျူတာတစ်ယောက်တစ်လုံးနှင့်. . .။ ညှော်ခန်းကြမ်းပြင်ပေါ်က ကောဇောပေါ်တွင် ဆိုဖာပေါ်တင်သော ခေါင်းအုံးသေးသေးလေးသုံးလုံးကို ဆင့်ကာ လှဲနေသော သူတစ်ယောက်ကိုပါတွေ့လိုက်ရသည်။ဘယ်လိုနည်းမှ နီ မမှားနိုင်ပါ။ သူသည် ပင်းယကျော် ဖြစ်လိမ့်မည်။

မမနှင်းဆီခင်က နီ့ကို အနားလာထိုင်ခိုင်း၏။

နီက မမနားဝင်ထိုင်လိုက်ရင်း. . စိတ်ရှုပ်ရှုပ်နှင့်ငြိမ်နေမိသည်။ TV ကို ကြည့်နေရသော်လည်း စိတ်က TV ထဲမရောက်. . .။

"မကြီး"


www.burmeseclassic.com

www.burmeseclassic.com



"ဟေး..."

ခေါ်သံထွက်လာ၏။နီ လှည့်ကြည့်မိသော်လည်း ပင်းယကျော်က မျက်စိစုံမှိတ်ထားပြီး အော်နေခြင်းဖြစ်သဖြင့် နီ့ကို မြင်ပုံမပေါ်..။

"ကျွန်တော့်လိုပဲ နာမည်ကျော်တဲ့ အန်တီဆင့်သီဇင်ရဲ့ သမီးဆိုတာ ရောက်ပြီလား"

မေမေ့နာမည်ကို ကြားလိုက်ရတာမို့ နီ့ ကိုယ်လေးတစ်ချက်မတ်သွားရသည်။မေမေ့နာမည်က မကြားရတာတောင် အတော်ကြာခဲ့ပြီပဲ..။ အိမ်က 'ဒေါက်တာဆင့်သီဇင်' ဆိုသော ကျွန်းသားဆိုင်းဘုတ်လေးတောင် ဖေဖေက သူ့အခန်းထဲထည့်ထားသဖြင့် မမြင်ရတာကြာနေပြီ။

"အော်မနေနဲ့ ပင်းယ...ဒီမှာ ထကြည့်ပါဦး"

မင်းညီက လှမ်းအော်မှ ပင်းယက ထထိုင်သည်။နီ့ကို မြင်တော့ မျက်မှောင်ကျုံ့ကာကြည့်၏။

"နင့်ကြည့်ရတာ နင့်အမေနဲ့လည်းမတူပါလား"

ဟုတ်ပါသည်။နီက မေမေနှင့်မတူဘဲ ဖေဖေနှင့်တူခြင်းဖြစ်သည်။ ဖေဖေထံမှ ထင်ရှားတောက်ပသော မျက်ဝန်းများကို ပိုင်ဆိုင်ထားပြီး မေမေ့ထံမှ အန်တီပွင့်သီတို့လို အသားအရေမျိုးကို ရထားသူဖြစ်သည်။

မေမေကတော့ တစ်မျိုးလုံးတစ်ဆွေလုံးကိုပုန်ကန်ကာ ဖေဖေ့ကို ယူခဲ့သဖြင့် နာမည်ကြီးခြင်းဖြစ်သည်။သို့သော် မေမေ့ဆုံးဖြတ်ချက် မမှားခဲ့ပါ။ပင်းယကျော်ကတော့ ဘာလို့နာမည်ကြီးမှန်းမသိ..။သူကတော့ နီ့ထက် ကြီးမှာလည်းသေချာသဖြင့်..နီ မင်းညီကို ဆက်ဆံသလို မဆက်ဆံရဲပါ..။

"နာမည်က"

"ဆင်းနီလွင်"

"ဒါကြောင့် ဒီပုံပေါက်နေတာ"

ဘာမှမဆိုင်ပါ..။မေမေကရော ဘာများထူးခြားစွာ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပြောင်းခဲ့လို့တုန်း. . ။ပင်းယကျော်ဆိုတာလည်း မင်းညီတို့၊ ကိုကိုမင်းကြည်စင်တို့လို သန့်ပြန့်ချောမောသူပင်. . ။ညီအစ်ကိုဆို ယုံနိုင်လောက်အောင် ဆင်သည်။သူ့ရုပ်ရည်ကလည်း တသီးတခြား ကွဲထွက်နေသည်မှ မဟုတ်ပဲ. . ။

"မင်းဟာက ဘာဆိုင်လဲ"

ကိုကို မင်းကြည်စင်က ထိုင်ရာမှ ထလာကာ ဝင်ပြော၏။ပြီး နှီ့ဘက်လှည့်ကာ. . .

"ပြစမ်း နင့် handset က ဘာအမျိုးအစားလဲ"

နှီ့ကို အန်တီဖုန်းခေါ်ပေးတယ်ဆိုတာ သူတို့သိနေတာလား၊ မှန်းမိနေတာလားမသိ။မင်းညီကပါ ထလာ၏။ 'ညီလည်းကြည့်မယ်' ဟု ဆိုကာ မကြီးမငယ်နှင့် မမနှင်းဆီခင်ပေါ် ဝင်ထိုင်သဖြင့် မမက အော်ကာ တွန်းချရသေးသည်။

"ဟင်. . . အနီရောင်ကြီး"

မင်းညီက နှာခေါင်းရှုံ့၏။ကိုမင်းကြည်စင်က ဘာမှမပြော. . . ရယ်ပဲရယ်နေသည်။မမနှင်းဆီခင်ကတော့ အန်တီပွင့်သီခင်ကို ချီးကျူး၏။

"အန်တီက idea တော့ကောင်းတယ်. . မမတုန်းကဆို တကယ့်ကို နှင်းဆီရောင်လှလှလေး ပေးတာ. . နှင်းဆီပွင့်လေးတောင်မှ ပါသေးတယ်"

"ညီ့ကျတော့. . . ရိုးရိုးပါပဲ"

မင်းညီက အထွန့်တက်၏။

"မင်းက ဆန်းချင်သေးလို့လား. . မိန်းမကျနေတာပဲ"

ပင်းယကျော်က နှာခေါင်းရှုံ့ကာ ဝင်ပြော၏။

သူတို့ ရန်ဖြစ်မှာစိုးသဖြင့် နှီ ဝင်ပြောလိုက်ရသည်။

"နှီ မေးစရာရှိလို့"

"ဘာလဲ. ."

"မေးလေ. ."

www.burmeseclassic.com



အားလုံးက စိတ်ဝင်တစားနားထောင်ပေးရှာသည်။

"အန်တီက မှာလိုက်တယ်"

"ဘာလဲ. . . ring သံမကြားချင်ဘူးတဲ့လား"

ပင်းယကျော်က ရယ်ဟဟမေး၏။

"ဟုတ်တယ်"

"ပေး. . နင့်ဖုန်းကို ငါ setting ပြောင်းပေးမယ်"

"ring မမြည်ရင်ဘာနဲ့ကြားမှာလဲ"

"vibration နဲ့"

နီ နားမလည်ပါ။

နီမှ မကိုင်ဘူးသောပစ္စည်းပဲ။နီ့ ဖေဖေဆရာဝန်ကြီးကလည်း တကယ့်ဆရာဝန်ကြီးပါပဲ။ ဖုန်းလေးတစ်လုံးကိုမှ မကိုင်ပါ. .။

မျက်လုံးအဝိုင်းသားလေးနှင့် စိတ်ရှုပ်ဟန်ပြူးကြောင်ကြောင် ဖေးနေသော နီ့ကို ကြည့်ကာ မင်းညီက ဆို၏။

"ကဲ. . . အားလုံးအဆင်ပြေသွားအောင် လုပ်ပေးလိုက်ပါ. . ပင်းယရာ"

"မင်းဆရာမလုပ်နဲ့မင်းညီ ဟိုကောင်မလေး ကြည့်ထား"

နီ့ကို လှမ်းပြောသဖြင့် နီကြည့်နေလိုက်ရသည်။ ကိုပင်းယက 'မကြီး ဖုန်းပေး' ဟု ဆိုကာ မမနှင်းဆီခင်ထံမှ ဖုန်းကိုတောင်းကာ ခေါ်ကြည့်သည်။ထိုအခါကျမှ နီ့ ဖုန်းကလေး၏နံပါတ်ကိုတောင် နီ မသိသေးတာသတိရမိသည်။

ဖုန်းကလေးက 'ဂျီ' ကနဲ တိုးတိုးလေးမြည်ကာ တုန်ခါလာသည်။ အင်း. . . ဒီလိုဆိုတော့လည်း မဆိုးပါဘူးဟု ကြိတ်ကာမှတ်ချက်ချမိသည်။

"ဘာလဲ ring သံမကြားရင် ဘယ်လိုလုပ်မလဲလို့ ပူနေတာလား"

"ဟုတ်တယ်"

"ခု vibrator က ပိုမမိုက်ဘူးလား"

နီ ဘာပြောရမှန်းမသိ၍ မျက်လုံးအဝိုင်းသားနှင့်သာပြန်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



မိ၏။

မင်းညီက. . .

"ဘာလဲ နင်က သူများတွေလို ဖုန်းသံလေးကြားချင်တာလား"

"အဲလိုလည်းမဟုတ်ပါဘူး မကြားလိုက်မှာစိုးတာ"

နို့ စကားကြောင့် နို့ကို အားလုံးကဝိုင်းရယ်ကြသည်။ ပင်းယကျော်ကသာ . . .

"ဒါကကြားဖို့ထက် အသားနဲ့ကပ်ထားရတာလေ ဒါမှ vibration ကို သိမှာပေါ့. . အပြင်ထွက်ရင်တော့ ring ဖွင့်ရင်ဖွင့်ထားပေါ့၊ အိမ်ထဲမှာ ညဖက်ကတော့ ကိုယ့်အခန်းထဲမှာပဲဆိုပြီးတော့ ယောင်လို့တောင် ring မဖွင့်မိပါစေနဲ့. . အန်တီက ခွင့်လွှတ်မှာ မဟုတ်ဘူး"

ပင်းယစကားကို မမနှင်းဆီကထောက်ခံ၏။

"ဟုတ်တယ်. . . မမကိုလည်းတစ်ခါပြောဖူးတယ်. . အိမ်ထဲဝင်မယ်ကြံတာနဲ့ ring ပိတ်ထားပါကွဲ့"

"နေဦး. . . နီ တစ်ခုမေးချင်သေးတယ်"

"ဘာလဲ. . . မေးလေ"

"အန်တီက ဘာလို့ ring သံမကြားချင်ရတာလဲ"

"အဲဒါတော့ ငါတို့လည်းသိချင်နေတာ မကြီးကမပြောဘူးလေ"

ပင်းယကျော်က မမနှင်းဆီခင်ဖက်လှည့်ကာ မေးဆတ်ပြရင်းဝင်ပြော၏။

"မမသိတယ်လား. ."

"ဆိုပါတော့ကွယ်"

"ဒါဆို ဘာလို့မပြောတာလဲ"

"ဘာလုပ်မှာလဲ ကလေးသိရမှာမှ မဟုတ်တာ"

ကိုကိုမင်းကြည်စင်က တဟားဟား ထရယ်၏။

"မကြီး ငါကနင့်ထက် တစ်နှစ်ကျော်ပဲ ငယ်တာလေ" တဲ့.။ အားလုံးက မမနှင်းဆီခင်ကို 'မကြီး' ဟုခေါ်ကြပုံရသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အခေါ်အဝေါ်လေးကို နီ သဘောကျပါသည်။ဒီမှာက မောင်နှမအရင်းများ ပမာ နေ့ နေကြသည်ဟု နီ မြင်စပြုလာသည်။နီလည်း မမနှင်းဆီခင် ကို မမ ဟုခေါ်မည့်အစား မကြီးဟုပင် ပြောင်းခေါ်ရန် ဆုံးဖြတ် လိုက်သည်။

"ဟုတ်သားပဲမကြီးရာ ခု နီလည်းရှိုဟုန်း ပြောပြပါလား"

"မပြောနိုင်ပါဘူး"

မကြီးက ခါးခါးသီးသီးငြင်းသည်။

"ring သံကို အလာ့ဂျစ်ဖြစ်တာများ လူခေါ်ဘဲလ်တောင် မထားဘူး"

ကိုကိုက နီ့ကို ရှင်းပြသလိုနှင့်ပြော၏။နီကတော့ တခြားဆက်သိချင်နေတာများကို မေးရသေးသည်။

"ဒါဆို အောက်က အလုပ်ခန်းအတွက်ဆက်သွယ်ရေးက"

"fax, email နဲ့ မကြီးရဲ့ ph: ပဲပေါ့"

"မကြီးက အလုပ်မှာတော်တော်တာဝန်ယူထားရတာ"

ကိုကိုက နီ့ကို သေချာရှင်းပြနေသည်။ နီ သိချင်သော ကဏ္ဍထိတော့ ကိုကိုလည်းရှင်းနိုင်မည် မထင်ပါ။ဘာမှမဟုတ်သော ring သံလေးတစ်ခုသည် လူတစ်ယောက်ကို ဒီလောက်ထိ ပြုပြင်ပြောင်းလဲသွားစေသလား. . .။ နီ နားမလည်ပါ။ သေချာတာကတော့ အန်တီပွင့်သီခင်မှာ ဒီကိစ္စကလွှဲလျှင် ဘာမှထူးခြားမှုမရှိ။ အရာရာသည် ပုံမှန်ပင်၊ တစ်ဘက်ခြံမှ ဖွားဖွားတို့ဆွေတော်မျိုးတော်တချို့နှင့် သိပ်အဆင်တပြေမရှိလှသော သူများကို အိမ်ပေါ်ခေါ်တင်ထားသည်ကလွှဲလျှင်ပေါ့. . .။

နီငြိမ်သွားသည်ကိုကြည့်ကာ မကြီးက မပြောပြ၍ စိတ်မကောင်းဖြစ်သွားသည်ထင်ကာ ချော့နေသေးသည်။

"မဟုတ်ပါဘူး၊ နီနားလည်ပါတယ်။ တချို့အရာတွေက ပြောပြလို့ ဘာအကျိုးမှမရှိဘူးလေ၊ ဒီတိုင်းထားတာကောင်းပါတယ်" နီ့ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စလိုပေါ့"

အားလုံးကဝိုင်းရယ်ကြသည်

"နင့်အမေကိစ္စက open ပဲ၊ တစ်မျိုးလုံးတစ်ဆွေလုံးသိတယ်။ အန်တီ့ကိစ္စသာမသိတာ၊ လုပ်ပါမကြီးရာ. . ."

မင်းညီစကားကပြန်လည်သွားပြန်သဖြင့် မကြီးထပြေးတော့သည်။ ကိုကိုမင်းကြည်စင်ကတော့ နှစ်သိမ့်စကားဆိုသည်။

"တစ်နေ့အကြောင်းသိပ်တိုက်ဆိုင်လာရင်တော့ သိရမှာပေါ့. ."

"အကြောင်းက ဘာမှန်းမသိတော့ တိုက်ဆိုင်အောင် ဘယ်လို လုပ်ရမှန်းလဲမသိ. . ."

ပင်းယကျော်စကားကြောင့် ရယ်မိကြပြန်သည်။ ဒီအိမ်မှ. . . ပထမဦးဆုံး "ည" ကလေးက နီ့ အတွက်တော့ ထင်တာထက်များစွာ အဆင်ပြေနေလေသည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခါတိုင်းဆို ကျောင်းသွားလျှင် နီက ကျောင်းက စငှားထားသော ကျောင်းကားနှင့်သွားသည်။ ဒီနေ့တော့ အန်တီစီစဉ်ပေးသည့်အတိုင်း ကိုကိုပင်းယရယ်၊ မင်းညီရယ်၊ နီရယ်၊ ကားတစ်စီးနှင့် ကျောင်းသွားရသည်။ ကားမောင်းသူက ပင်းယကျော် . . .။ သူကနီတို့ထက် ကြီးသည်။ ဒီနှစ် နောက်ဆုံးနှစ် . . .။

ကားပေါ်ဝရုန်းသုန်းကားရောက်လာသော မင်းညီကို ကြည့်ကာ ပင်းယကျော်က မဲ့၏။

"နီ နင်တော့ နောက်နှစ်တွေသူနဲ့သာ ကျောင်းတက်ရင် ကျောင်းရောက်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မင်းညီကထိုစကားကို ရယ်၏။ ပြီးမှ. . .

"လွယ်ပါတယ်၊ ပင်းယရာ ကားကို မိနီမောင်းပစေပေါ့၊ ဒါဆိုရောက်မှာပါ၊ ငါ့တော့ မမောင်းခိုင်းနဲ့ပေါ့၊ အိပ်ပျော်ရင်း ကားမောင်း တဲ့လူဆိုတာ ကမ္ဘာမှာရှိဦးမှာ မဟုတ်ဘူး. ."

မင်းညီက သူ့ထက်ကြီးသော ပင်းယကျ ပင်းယပဲခေါ်သည်။ နီနဲ့ကျတော့ သူက အစ်ကို ခေါ်ခံချင်သေးသည်။ အမှန်က နီလည်း အဲလို ရင်းရင်းနှီးနှီးခေါ်ရတာကို သဘောကျသည်။ သို့သော် ဘာမှတော့ မပြောရဲသေး. . .။

သေချာတာကတော့ ဒီမောင်နှမတွေသည် သွေးကပဲ စကားပြောတာလား၊ စိတ်ခတ်အခြေခံပဲ တူလို့လားမသိ။ စိမ်းမနေပဲ တရင်းတနှီး ရှိလှသည်။ တစ်ဘက်ခြံနှင့် သူတို့၏ ဆက်ဆံရေးကို မသိသေးသော်လည်း ဒီလိုတော့ မဖြစ်နိုင်ဟုလည်း နီတွေးမိ၏။

"နီ. . .နင် ကားမောင်းတတ်လား. ."

"ဟင့်အင်း"

"သင်ပါလား. . ."

"သင်ပေးမှာလား. . ."

နီကတကယ်သင်ချင်နေသူမို့ မင်းညီအမေးကို မျှော်လင့်တကြီး ပြန်မေးမိသည်။ ပင်းယကျော်က ရယ်၏။

"သူတောင် ပျင်းမို့ မမောင်းတာကြာပြီ. . နင့် ဘယ်လို သင်ပေးမလဲ. . ."

"ပင်းယသင်လိမ့်မယ်. . . နင်တတ်မှဖြစ်မှာဟ"

မင်းညီက ဒီစကားကိုတော့ မျက်နှာသေလေးနှင့် ပြောသည်။

"ဘာလို့လဲ"

"ပင်းယ ကျောင်းပြီးသွားရင်. . . ငါမောင်းမယ့်ကား စီးရမှာ နင်မကြောက်ဘူးလား"

မင်းညီအမေးကို နီ ဘာပြန်ဖြေရမှန်းပင်မသိ၊ မင်းညီကသာ



www.burmeseclassic.com

www.burmeseclassic.com



စကားဆက်၏။

"ဒီတော့ မိန်းကလေးဖြစ်တဲ့နင်က ပင်းယဆီက ကားမောင်းသင် တွမ်းကျင်မှာနဲ့ ပင်းယကျောင်းပြီးမှာနဲ့ အချိန်ကိုက်ပဲ"

"ဖြစ်ရတယ်. . . မင်းမောင်းပါလားမင်းညီ"

"မောင်းချင်ဘူး. . . အထူးသဖြင့် ခုလို အိပ်ရေးမဝပဲ သွားရမယ့် ကျောင်းချိန်မျိုး "

"နို သင်မယ်လေ. . . ကိုကိုပင်းယက နို့ကိုသင်မှာလား"

ပင်းယက ရယ်၏။

"သင်တာကထားစမ်းပါ. . . ငါ့ကို ကိုကိုမခေါ်စမ်းပါနဲ့. . . မင်းညီခေါ် သလို ပင်းယပဲခေါ်ပါ. . . တစ်မျိုးလုံး ငါ့ကို ဘယ်ကောင်မှ "ကိုကို" တပ်မခေါ်ဘူး"

"ဟင် ဖေဖေကပြောတော့ ယဉ်ယဉ်ကျေးကျေး မခေါ်ရင် ဒီက လူတွေက မကြိုက်ဘူးဆို"

"အဲဒါ ဟိုဘက်က နန်းတော်ကိုပြောတာ. . . ဒီဘက်က ငါတို့ရွာနဲ့ ဘာမှမဆိုင်ဘူး"

မင်းညီကတော့ ပင်းယစကားကိုရယ်၏။ လူကတော့ ခုထိ မျက်လုံးမဖွင့်ချင်သေး။ အိပ်ချင်နေသေးပုံ. . .။ နီတစ်ခုသတိထားမိသည်။ မင်းညီကော ပင်းယကော ဟိုဘက်ခြံကို "နန်းတော်" ဟု ခေါ်တာကိုဖြစ်သည်။

"နို တစ်ခုမေးချင်သေးတယ်"

"ဘာလဲ"

"ဘာလို့ ဟိုဘက်ခြံကို နန်းတော်လို့ခေါ်တာလဲ"

"အာ တုံးလိုက်တာနီရာ ရွဲ့တာဟ၊ သူတို့ကိုယ်သူတို့ သိပ်မျိုးရိုးမြင့်မြတ်တယ်၊ ကြီးကျယ်ခန်းနားတယ်၊ ထင်နေလို့ရွဲ့တာ. . ."

"ဩော်"

"လာဩော်မနေနဲ့၊ နင်လည်း နင့်အမေက စောစောစီးစီးဆုံးပြီး



www.burmeseclassic.com

www.burmeseclassic.com


နင့်အဖေက လူအေးဆိုတော့ ဒီဘက်ကအမျိုးတွေအကြောင်း သိမှာမဟုတ်ဘူး။ မကြာပါဘူး၊ နင်သိလာမှာပါ . . ”

ပင်းယ၏ မကြာပါဘူးဆိုသော စကားက တာသွားလှသည်။ ဗေဒင်ပင် မေးစရာမလို။ နီတို့စီးလာသော ကားကလေးကို ကားကြီးတစ်စင်းက အတင်းဖြတ်ကျော်ကာ တက်သွားသဖြင့် ပင်းယပင် မနည်းရှောင်လိုက်ရသည်။

“အဲဒါပဲ”

“ရှင် . . ဘာလဲ . . ပင်းယ”

“အဲဒါလေ၊ ဟိုဘက်ခြံကဟာတွေ”

“ဟုတ်လား”

ကားက ဟန်ချက်ပျက်သွားသည်မို့ မင်းညီလည်း ငိုက်နေရာမှ မျက်စိပွင့်လာသည်။ သူကတော့ ဘာမှမေးစရာမလိုပဲ အခြေအနေကိုသိပုံရသည်။ “အရူးတွေ” ဟုရေရွတ်၏။ ပင်းယက ရှင်းပြ၏။

“သူတို့လည်း ကျောင်းသွားမှာ”

“ဟုတ်လား”

နီစိတ်ညစ်သွားသည်။ ထိုထဲတွင် နီနှင့်အတန်းတူ မေဂျာတူ လာမရှိပါစေနှင့်ဟု ကြိတ်၍ဆုတောင်းလိုက်မိသည်။

“မင်းညီတို့က ဘာလို့ အန်တီနဲ့ ဒီဘက်ခြံရောက်နေတာလဲ” မင်းညီကရယ်၏။

“ငါက ဘာပြဿနာမှ ကြီးကြီးမားမားမရှိဘူး . . အားလုံးနဲ့ အစေးမကပ်တာလေး တစ်ခုရယ်၊ သူတို့ကို ကြည့်မရတာရယ်လောက်ပါပဲ”

“ပင်းယကကော”

“သူလား . . သူကတော့ တကယ်ကို မီးခွက်ထွန်းရှာထားတဲ့ ပြဿနာတွေ လုပ်ထားတယ်”

“ငါ့အတွက်ကတော့ ဒါတွေက ထမင်းစား၊ ရေသောက်လောက်


www.burmeseclassic.com

www.burmeseclassic.com



ခါလဲ၊ သူတို့အတွက်သာ မီးခွက်ထွန်းရှာသလိုဖြစ်နေတာ. . .”

ပင်းယက ခပ်ပေါ့ပေါ့ပင်ပြောသည်။

“ပြောပါဦး. . . ပင်းယကဘာတွေလုပ်ခဲ့လို့လဲ”

“ဆယ်တန်းတုန်းက သူတို့ထားတဲ့ ဘော်ဒါမှာမနေတာ တစ်ချက်၊ နောက်တစ်ချက်က သူတို့သဘောမကျတဲ့သူရဲ့ သမီးနဲ့ နှီးရိုးအပြင်က ကျူရှင်မှာ အတူလိုက်တက်တာကတစ်ချက်. . .”

“ပင်းယက အဲဒီကောင်မလေးနဲ့ ကြိုက်နေလို့လား”

“မဟုတ်ပါဘူး၊ အဲဒီကျူရှင်က ဆရာသင်တာကိုကြိုက်တာ”

“ပြီးတော့ရော. . .”

“ဆယ်တန်းအောင်တော့ သူတို့ဘော်ဒါမှာထားတဲ့ သူတွေက အောင်ရုံပဲအောင်ပြီး ငါက ဘာသာစုံ ဂုဏ်ထူးပါတာကတစ်ချက်”

“ဟင် ဒါကအပြစ်မှ မဟုတ်တာ”

“နင်နားမလည်ပါဘူး၊ ဒါလည်း ဟိုဘက်ကလူတွေအတွက် ကတော့ နင်အမေလို ဂြိုဟ်တစ်ကောင်ထပ်ရောက်လာတယ်ဆိုပြီး မျက်လုံးထောင့်ကပ်ကြည့်ကြတော့တာပေါ့၊ ပြီးတော့ ငါက နင့်အမေထက်ဆိုးတာက သူတို့ဖြစ်ချင်သလို ဆေးကျောင်း၊ စက်မှု ဘာမှမတက်ဘဲ ရိုးရိုးမေဂျာလျှောက်ခဲ့တာ. . .”

“ဟင် . . . နှမြောစရာ”

“ဒါတောင် ပင်းယက သူ့မွေးထားတဲ့ အမေကိုသနားလို့ ကျောင်းဆက်တက်တာ၊ မဟုတ်ရင် distance ပဲယူမလို့တဲ့”

မင်းညီကဝင်ပြောခြင်းဖြစ်သည်။

“ခုကျတော့ကော”

“ခုကျတော့ အန်တီပွင့်သီနဲ့ လာနေမိတော့ နောက် ပြစ်မှုတစ်ခု တိုးပြန်ရော၊ လာဦးမယ်. . . နောက်တစ်မှု. . .”

“ဘာလဲ. . .”

“ခု. . . ငါကြိုက်နေတဲ့ကောင်မလေးက ဘွားဒေါ်ကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



တမ္ဘာ့ရန်ရဲ့မြေး"

"တမင်လုပ်နေသလား မှတ်ရတယ်"

မင်းညီက မဲ့ရွဲ့ကာမှတ်ချက်ချ၏။ ပင်းယကတော့ အေးအေးဆေးဆေးပင်။

"ပြောပြီးပြီလေ. . ထမင်းစားရေသောက်. . . accidentally ကိစ္စတွေပါလို့. . ."

နီ ကတော့ရယ်နေရုံမှအပ. . . ဘာမှမပြောတတ်။တကယ်ဆို မေမေလည်းသူတို့လူမထင်တဲ့. . . လူတော်လူကောင်း တစ်ယောက်နဲ့ ယူခဲ့လို့ . . . အမွေဖြတ်၊ ဆွေခန်းမျိုးခန်းဖြတ်ခံခဲ့ရရုံ မက. . မကောင်းမှုကျူးလွန်ခဲ့သော သူတစ်ယောက်လို တစ်မျိုးလုံးထံ လက်ဆင့်ကမ်းပုံပြဆုံးမတာ ခံခဲ့ရသေးတာပဲ။ပင်းယဆို ပိုဆိုးမှာပေါ့။

ဒါပေမယ့်၊ ပင်းယတို့၊ မင်းညီတို့သာမက နီတို့ပါအားကိုးနိုင်သော အန်တီပွင့်သီ ရှိနေတာမို့ နီတို့မောင်နှမတွေက မေမေ့ထက်ကံကောင်း ပါသည်။ မေမေ့တုန်းကကျတော့ မေမေကို ယုံကြည်နားလည် အားပေးချင်သော အန်တီပွင့်သီ ကိုယ်တိုင်က မေမေ့အောက်အငယ် ဖြစ်နေလေတော့ ဘာမှမတတ်နိုင်ခဲ့။

မေမေဆုံးတုန်းကတောင် အန်တီပွင့်သီက လွဲလျှင် ဘယ်သူမှ မလာဟု ဖေဖေပြောပြခဲ့သည်။ သေချာတာကတော့ အန်တီပွင့်သီက ဖေဖေ့ကိုလည်းလေးစားသည်။ ဖေဖေနှင့်နီ့ကို တစ်နှစ်တစ်ခါ လောက်တော့ လှမ်းအဆက်အသွယ် လုပ်တတ်သူဖြစ်သည်။

"နင်ကကျတော့ ဘာလို့နင့်အမေနဲ့မတူ၊ အဖေနဲ့မတူဘဲ မေဂျာပဲရလောက်အောင် လာညံ့နေတာလဲ"

"နီ လည်းမပြောတတ်ပါဘူး၊ နီက နဂိုကတည်းကညံ့တာ၊ တော်ကိုမတော်တာ၊ ဘယ်သူနဲ့တူလို့လဲမသိပါဘူး"

"မင်းညီနဲ့"

မင်းညီက စိတ်မဆိုးသည့်အပြင် ရယ်တောင်ရယ်နေသေးသည်။

www.burmeseclassic.com


"ညှပ်ဖို့ဆိုတာကလည်း ငါ့အတွက် ထမင်းစားရေသောက်ပါ" ဟုရေရွတ်နေလိုက်သေး၏။

ကျောင်းတက်တော့ နီတို့စီးနေကျ ကျောင်းကားက မရောက်သေးသဖြင့် နီ့သူငယ်ချင်း ပွံ့ပွံ့ကို ကားနားမှာပင်ထိုင်စောင့်နေလိုက်သည်။ နီတို့ရပ်နေသော နေရာနှင့်မလှမ်းမကမ်းတွင် စောစောက နီတို့ကိုပွတ်ကာသီကာ ကျော်တက်သွားသောကားကို တွေ့လိုက်ရ၏။ လူတော့တစ်ယောက်မှ မတွေ့လိုက်ရ၍ တော်သေးသည်။ သို့သော် သူတို့ကို မြင်တော့မြင်ဖူးထားမှဖြစ်မည်။ ဒါမှရှောင်နိုင်မှာလေ။

အံတန်းလုံးဝမတူသော ပင်းယနှင့် အတန်းတူပါလျှက် မေဂျာမတူသော မင်းညီတို့ပင် ဘယ်ရောက်သွားကြမှန်းမသိတော့။ ဘယ်အချိန် ပြန်မှာလဲဟုပင် မမေးလိုက်မိ။ ကျောင်းကတော့ တဖြည်းဖြည်းလင်းတောက်လာသော နေရောင်များနှင့်အတူ သက်ဝင်လှုပ်ရှားလို့နေပြီ။

အဝေးမှအသံတစ်သံကြားရသလို။

"နီ" တဲ့. . .။

ဒါ ဘယ်သူလဲ။ ပွံ့ပွံ့လား၊ ဖေဖေလား၊ အန်တီလား. . .။

❄ ❄ ❄


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ပုံ့ပုံ့ရောက်လာတော့ ပုံ့ပုံ့က နီ့ကိုစိတ်ဆိုးနေသည်။

"ငါ့မှာတော့ ပူလိုက်ရတာ နင်ကဒီရောက်နေတယ်။ အကြောင်း လေးဘာလေးကြားပါလား"

"အကြောင်းကြားချင်ပေမယ့် ဖုန်းမရှိတာရော၊ ဖုန်းဆက်ဖို့ အချိန်မရှိတာရောကြောင့်"

ပုံ့ပုံ့မျက်မှောင်ကြုတ်သွားသည်။

"အိမ်အပြောင်းအလဲမို့ ဖုန်းဆက်ဖို့အချိန်မရှိတာကို လက်ခံလို့ ရပါတယ်။ ဖုန်းမရှိဘူးဆိုတာက ဘာလဲ၊ နင်ခုနေတဲ့အိမ်က ဘာဖြစ် နေလို့လဲ"

နီ့ လေသံလေးနိမ့်ကာပြောလိုက်သည်။

"ဖုန်းမရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



"နားမလည်ဘူး။ နင့်အဒေါ်မှာလုပ်ငန်းတွေကော၊ ဖယ်စယ်လ်လတီစ်ကောအပြည့်ရှိတာ၊ ဖုန်းမရှိဘူးဆိုတာ မဖြစ်နိုင်ဘူး"

"တကယ် . . . . ညကမှ ဖုန်းတစ်လုံးရတာ"

နီ ပုံ့ပုံ့ကို သေချာလိပ်ပတ်လည်အောင် ရှင်းပြရ၏။ ညကမောင် နှမတွေ အဆင်ပြေကာ စကားကောင်းနေတာရောပေါ့။

"နင်ကအတော်အဆင်ပြေနေတာပဲ၊ ငါ့မှာတော့ပူလိုက်ရတာ၊ နင့်အမေကိုအဆက်ဖြတ်ထားတဲ့ အမျိုးတွေဘက်သွားနေရမှာမို့ ပူလိုက်ရတာ၊ တော်သေးတယ်၊ အဆင်ပြေလို့"

"အင်း ဟုတ်တယ်၊ ငါလည်းအစက ဘာမှမသိတော့ပူတာပေါ့၊ ခုကျတော့ အန်တီတို့က ဟိုဘက်အိမ်နဲ့ ကင်းကင်းနေသလို စိတ်တွေပါ မတူကြတော့ အတော်အဆင်ပြေသွားတယ်"

"အင်းလေ နင့်အဖေကလည်း နင်အဆင်မပြေနိုင်မယ့် နေရာမျိုးတော့ ရွေးမှာမဟုတ်ပါဘူး"

ပုံ့ပုံ့က နီ့ဖေဖေကို အရမ်းချစ်သူဖြစ်သည်။ ဖေဖေကလည်း ပုံ့ပုံ့ကို နီ့လိုပင်ချစ်၏။ ပြီးတော့ နီသုံးတန်းလောက်ကတည်းက ပုံ့ပုံ့နှင့်အတူနေခဲ့ရတာမို့ ပုံ့ပုံ့နှင့်နီက စားအတူ၊ သွားအတူ၊ စာကြည့်အတူ။ ဖေဖေ နိုက်ဂျူတီကျလျှင်ပင် ပုံ့ပုံ့တို့သားအမိက အိမ်မှာ လာစောင့်ပေးကြရသည်။ ထိုစဉ် နီ ရှပ်အင်္ကျီအိတ်ထဲ ထည့်ထားသော ဖုန်းကလေးက "ဂျီ" ကနဲ တုန်ခါလာသည်။

နီ ကိုင်လိုက်တော့ မင်းညီ. . .။

"နီ"

"ဘာလဲ"

"နင့်နားကကောင်မလေးက နင့်သူငယ်ချင်းလား"

"ဘာလုပ်မလို့လဲ"

"ငါကအကြီးလေ၊ နင်ပြန်မမေးနဲ့ မေးတာဖြေ"

နီ စိတ်တိုသွားရသော်လည်း ခုမှဖုန်းကိုမြင်သော ပုံ့ပုံ့၏မျက်

www.burmeseclassic.com

www.burmeseclassic.com



စောင်းကြောင့် ကောင်းကောင်းပြန်ဖြေပေးလိုက်ရသည်။

"ဟုတ်တယ်၊ ဘာလုပ်မလို့လဲ"

"ငါနင့်ကို နေ့လယ်ကျ ထမင်းကျွေးချင်တယ်"

"သေလိုက်"

"နင့်မုန့်ဖိုး အကုန်သက်သာမှာ နင်စဉ်းစားနော်၊ နေ့လယ် ငါလာခဲ့မယ်၊ ဒါပဲ"

ချက်ချင်းဖုန်းချသွားသဖြင့် နီဘာမှပြန်မပြောလိုက်ရ။ ပုံ့ပုံ့ကို ရှင်းရဦးမည်။

"ဒီဖုန်းက"

"အန်တီပေးထားတာ"

"နင်တို့အိမ်က လိုင်းဖုန်းအစား ဒါမျိုးပဲသုံးတာလား"

ပုံ့ပုံ့က တည်စူးစူးလေး ကြည့်ကာရစ်တော့သည်။

"မဟုတ်ဘူး အိမ်မှာက"

နီ အန်တီကိစ္စကိုပါ ထည့်ပြောကာရှင်းရတော့သည်။ ပုံ့ပုံ့က သေချာနားထောင်သော်လည်း သိပ်တော့လက်မခံချင်။

" ring သံ မကြားချင်ဘူးဆိုတာ ဘာလို့လဲ"

"အကြောင်းရှိတယ်တဲ့"

"ဘာအကြောင်းလဲ"

"ငါတို့ကို မပြောဘူးလေ"

"ဇာတ်လမ်းကတော့ စိတ်ဝင်စားစရာပဲ"

ပုံ့ပုံ့က စကားလုံးနှင့်ရိုသည်။ တကယ်တော့ ထိုဇာတ်လမ်းကို နီတို့လည်း စိတ်ဝင်စားသည်ပဲ။ သိမှမသိရတာ၊ သိရတောင် ပုံ့ပုံ့ကို ပြောခွင့်ရှိမရှိ မသေချာ။

"ခုနက ဘယ်သူကဖုန်းဆက်တာလဲ၊ ငါ့ကိုလည်း နံပါတ်မပေးဘူး"

"ပေးဖို့နေနေသာသာ ငါတောင်ခုထိ အလွတ်မရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခုနကဆက်တာက"

ပုံ့ပုံ့က စကားကိုအပြတ်မခံပဲ ပြန်မေး၏။ ဟိုကဖြင့် သူ့အကြောင်းမေးတာ။ နီ. . . ရယ်ချင်သွားရသည်။ နီ့အစ်ကို မင်းညီသည် လူရှုပ်လား။ သေချာတာကတော့ ပင်းယလောက် မတည်ငြိမ်။ မင်းညီက လူရှုပ်ဆိုလျှင်တော့ ညီအစ်မပမာ ချစ်ရသောပုံ့ပုံ့ကို မင်းညီနှင့်သဘော မတူနိုင်ပါ။

"ဟဲ့. . . မေးနေတယ်၊ ဘာပြုံးနေတာလဲ"

"ငါ့အစ်ကို"

"မဟုတ်တာ"

"အဟုတ်"

"ဒါဆို ဘာဖြစ်လို့ ပြုံးစိစိဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ၊ ဟိုက နင်ကိုမေးနေတာကိုး"

"ငါ့ကို. . .၊ သူမှမမြင်တာ၊ လာမရှိုးနဲ့"

ပုံ့ပုံ့က သူ့ကိုယ်သူ လက်မလေးထိုးကာ မေးရင်း ခေါင်းခါ၏။

"မြင်လို့ လှမ်းဆက်တာပေါ့"

"မြင်လို့"

"အေးလေ၊ ငါနဲ့တူတူလာတာ၊ သူ ဒီနားမှာရှိမှာပဲ"

ထိုအခါကျမှ မရွှေပုံ့ ဘေးဆီကိုကြည့်ကာ ငြိမ်သွားသည်။ ဒီတစ်ခါတော့ ငါ့အလှည့်ပေါ့ ဟု တွေးကာ နီ ပုံ့ပုံ့ကို ပြဿနာရှာ တော့သည်။

"ဘာလဲ. . . ရင်ခုန်သွားပြီလား"

"ဘာလို့ခုန်ရမှာလဲ၊ နင်လျှောက်ပြောတိုင်း ငါကယုံပြီး ရင်ခုန်ရ မယ့်အရွယ်လား. . . ဝေးသေး"

"စကားကိုခွဲပြောပါ၊ ပုံ့ပုံ့ရာ မယုံကြည်တတ်တဲ့ အရွယ်လို့ ဆိုလိုချင်တာလား။ ရင်မခုန်တတ်သေးတဲ့ အရွယ်လို့ဆိုလိုတာလား"

"သေလိုက်"

www.burmeseclassic.com

www.burmeseclassic.com


ပုံ့ပုံ့ နီ့ကို စိတ်မရှည်စွာ မေတ္တာပို့၏။

ထိုစဉ် နီ့ဖုန်းကလေးက ဟပ်မံတုန်ခါလာပြန်သည်။

"မင်းညီစုတ်" ဟု ရင်ထဲကရေရွတ်ရင်း ဖုန်းကိုကြည့်လိုက်တော့ နီ မျက်လုံးပြူးသွားရသည်။ unidentified number တဲ့။

မြတ်စွာဘုရား။

နီ ခလုတ်ကိုနှိပ်ကာ ထူးလိုက်၏။

"ဟဲလို"

"ဟဲလို၊ ရန်ကုန်ကလား"

"ဟုတ်ပါတယ်"

"ဆင်းနီလွင် ဆိုတာလား"

"ဟုတ်ပါတယ်၊ ခုပြောနေတာဘယ်သူလဲ"

အသံကအရှမ်းကို နူးညံ့ကြည်မွေ့သော အသံမျိုးဖြစ်သည်။ နီ တစ်ခါမှမကြားဘူးပါ။

"ကျွန်တော်က ဖုန်းခေါ်ပေးတာပါ၊ ခု ဆင်းနီလွင်ရဲ့အဖေ စကားပြောပါလိမ့်မယ်။

"ဖေဖေ"

"ရော့ အန်ကယ်" ဟု ဆိုကာဖေဖေ့အသံကိုကြားလိုက်ရ၏။

"သမီး . . . နီလား"

"ဟုတ်တယ် . . . ဟုတ်တယ် . . . ဖေဖေ၊ ဖေဖေခုရောက်သွားပြီလား"

"အင်း၊ သမီး အဆင်ပြေလား"

"ပြေတယ်ဖေဖေ"

"အေးအေး၊ အန်တီ့စကားနားထောင်၊ မောင်နှမတွေနဲ့ အဆင်ပြေအောင်နေ၊ ဟိုဘက်ခြံနဲ့ ဘာမှပြဿနာမဖြစ်စေနဲ့၊ ကြားလား"

"ဟုတ်ကဲ့ဖေဖေ၊ ဖေဖေရော အဆင်ပြေလား"

"ပြေပါတယ်၊ ခုနက ဖုန်းခေါ်ပေးတဲ့သူငယ်က ဖေဖေ့ကို

www.burmeseclassic.com



အစစကပါတယ်။ သူက ဒီကိုရောက်နေတာ ကြာပြီလေ"

"ဟုတ်ကဲ့၊ ဖေဖေ"

ဖေဖေ့ ဘေးမှာ ဘာပဲပြောပြော ကူဖော်လောင်ဖက်ရှိတယ်ဆို တော့ နီ နည်းနည်းတော့ စိတ်ချသွားရသည်။

ဖေဖေနှင့်နီ စကားတွေအပြန်အလှန်မှာကြားကာ ဖုန်းချလိုက် ကြ၏။

"နင့်အဖေလား"

"ဟင် အဖေကိုများ ခုပြောနေတာဘယ်သူလဲတဲ့"

ပုံ့ပုံ့က နှာခေါင်းရှုံ့ကာ ချီးကျူး၏။

"ဟဲ့ ပထမပြောတာ ဖေဖေမှမဟုတ်တာ"

"ဒါဆိုဘယ်သူလဲ"

"ငါလည်းဘယ်သိမလဲ၊ ဖေဖေ့ကိုဖုန်းခေါ်ပေးတာတဲ့၊ ဖေဖေ ကပြောတော့ အနားမှာအတော်ကိုကူညီတယ်ဆိုပဲ"

"သူလည်းအဲဒီကဝန်ထမ်းပဲလား"

"ဒါတော့မသိပါဘူး၊ သိတာက. . ."

သိတာကဟုဆိုကာ နီ ထိုလူ့အသံလေးကိုကြားယောင်ကာ စကားစကိုဖြတ်ထားလိုက်မိ၏။ ဒါကို ပုံ့ပုံ့ကစိတ်မရှည်။

"ဘာလဲ၊ သိတာကဘာလဲ"

"သိတာက အဲဒီအသံက အရမ်းနားထောင်လို့ကောင်းတယ်၊ ရင်ထဲကိုအေးသွားစေတဲ့ အသံမျိုး"

"ဖြစ်ရတယ်"

ပုံ့ပုံ့က နှာခေါင်းရှုံ့ကာ ချီးကျူးပြန်သည်။

နီကတော့ ဂရုမစိုက်ပါ။

ဖေဖေ၊ အဆင်ပြေချောမွေ့စွာရောက်သွားကြောင်း သိရ၍ ပျော်သည်။ ထိုအပျော်များနှင့်အတူ အခြားသော အရာတစ်ခု ရင်ထဲ ဖြတ်စီး သွားတာကိုလည်း ပျော်သလိုခံစားရသည်။ မင်းညီ ဓာတ်စောက



www.burmeseclassic.com

www.burmeseclassic.com


လှမ်းပြောထားတာများကိုပင် မေ့ကာ ပင်းယထံပင် ဖုန်းဆက်မေးဖို့ သတိမရတော့။

ထူးဆန်းပါသည်။

အသံတစ်ခု၏အင်အားသည် ဤမျှထိ ညို့ငင်ဆွဲဆောင်နိုင်စွမ်း လွန်းသည်။

ဒါဟာတကယ်ကော ဟုတ်ရဲ့လားကွယ်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

မင်းညီကတော့ နောက်တစ်နေ့မှာပင် နီတို့အတန်းကို ရောက်ခဲ့သည်။ နီတို့ထမင်းစားဆင်းချိန်လောက်ဖြစ်၏။ နီက ဖေဖေ့ရှိစဉ်က တည်းက အကျင့်ပါနေ၍ ကျောင်းကို ထမင်းဗူးထည့်သည်။ ပုံ့ပုံ့ကတော့ ထည့်လေ့မရှိ။ ထမင်းဗူးတကားကားနှင့် နီ့ကို ပုံ့ပုံ့ကသူ့ထုံးစံအတိုင်း ရှုံ့ချနေကျ၊ အိမ်က ပင်းယတို့၊ မင်းညီတို့ကလည်း ထိုပါတီဝင်ပင်။ မမနှင်းဆီခင်ပင် နီ့ကိုတအံ့တသြ။

"နီ နင်ထမင်းစားသွားတော့မလို့လား"

နီ ခေါင်းကိုညိတ်ပြတော့ မင်းညီက နီ့ကို ပုံ့ပုံ့မမြင်အောင် မျက်စိမှိတ်ပြကာ "ငါလည်းလိုက်မယ်" ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပေါ့. . နင်လည်းခြေထောက်နဲ့ အစာအိမ်နဲ့ ပဲ"

ဒီလောက်နှင့်ကတော့ မင်းညီတို့ကတော့ မမှုပါ၊ မင်းညီကို ခုမှမြင်ဖူးသော ပုံ့ပုံ့ကတော့ ဘယ်သူမှန်းသိပုံမပေါ်။ ကင်တင်းရောက်တော့ နီက ထမင်းဗူးဖွင့်ကာ ပုံ့ပုံ့ကထမင်းကြော်မှာ၏။

"နင်က ဘာမှမစားဘူးလား နီ"

"ဒီမှာ ထမင်းဗူးလေ၊ နင်မမြင်ဘူးလား"

"မဟုတ်ဘူး၊ ဒီက တစ်ခုခုမှာစားဖို့ပြောတာ"

"မစားပါဘူး၊ ငါ့ဟင်းကပိုကောင်းတယ်"

"မစားနေပေါ့၊ ငါကကျွေးမလို့"

သူကျွေးမလို့ဆိုတာ ဘယ်လိုစေတနာနဲ့လဲ၊ မသိတာကျလို့။ စားမိရင် နီက ကိုယ့်သူငယ်ချင်းကို မုန့်တစ်ပွဲနဲ့ ရောင်းစားတယ်ဖြစ်ဦးမည်။ ဒီကိစ္စတွေက သာမန်တွေးလျှင်တော့ သာမန်ပေါ့။ နီတွေးသလို တွေးလျှင်တော့ ဘယ်လိုမှမကောင်းနိုင်။

"နေတော့၊ ငါထမင်းပဲစားမယ်"

"နင် အအေးမသောက်တော့ဘူးလား. . နီ"

ဘာမှမသိသော ပုံ့ပုံ့ကဝင်မေးသဖြင့် နီ ခေါင်းခါပြလိုက်သည်။ မဖြစ်တော့ပါ။

"ပုံ့ပုံ့"

"ဘာလဲ"

"ဒါ ငါ့အစ်ကို မင်းညီ"

"ဟင်. . . ဟုတ်လား"

ပုံ့ပုံ့ ပုံစံက နည်းနည်းအထိတ်အလန့်ဆန်သွားတာမို့ မင်းညီက နီ့ ကို မသင်္ကာသလိုကြည့်၏။ နီ မသိချင်ယောင်နေလိုက်၏။

"မင်းညီ ဒါ ငါ့သူငယ်ချင်း ပုံ့ပုံ့တဲ့"

"ဟုတ်ကဲ့၊ ဒါနာမည်အရင်းပဲလား"

မင်းညီက ဒါမျိုးကျနပ်သည်။ ပုံ့ပုံ့ဆိုသောအမည်ကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာခေါ်ကြတာများသည်ဆိုတာကို မင်းညီကတွေးမိပုံရ၏။

"ဟင့်အင်း ကျောင်းနာမည်ကသပ်သပ်၊ ဒါပေမယ့် ကျောင်းနာမည်ကို ဘယ်သူမှမခေါ်ကြဘူး"

နီ ပိတ်ပြောလိုက်သဖြင့် မင်းညီ ဆက်မမေးတော့၊ ဒါတောင်မှ မင်းညီက. . .

"ကောင်းတာပေါ့၊ ပို့ပို့လို့ပဲ ခေါ်ရတော့ ရင်းနှီးခွင့်ရှိတာပေါ့". . . တဲ့။

ပို့ပို့ကရယ်သာရယ်နေတော့သည်။

မင်းညီပြန်သွားတော့မှ နီကမေးရ၏။

"ပို့ပို့"

"ဘာလဲ နီ"

"နင် မင်းညီကို ဘယ်လိုသဘောရလဲ"

"ဘယ်လို သဘောရရမှာလဲ"

"မဟုတ်ဘူးလေ၊ ငါ့အစ်ကိုမို့ နင်အားမနာနဲ့လေ၊ ငါဆို မခင်ချင်တဲ့ သူဆိုအားမနာဘူး၊ နင်လည်းမခင်ချင်ရင်ပြော. . . လို့ပြောတာ"

ပို့ပို့က မျက်မှောင်လေးမသိမသာကျုံ့ကာ စက္ကန့်အနည်းငယ်မျှစဉ်းစားလိုက်သေး၏။ ပြီးမှ မှတ်ချက်တစ်ခုကိုချ၏။

"နင့်အစ်ကိုက ခင်စရာကောင်းမှာပါ၊ သူ့ personality မှာ ကပျက်ကချော် ပေါ့ပျက်ပျက်ဟန် မတွေ့ရဘူး"

ဒါတော့ဟုတ်ပါသည်။ မင်းညီကော၊ ပင်းယပါ တော်တော်လေး ရုပ်ရည်ကြည်လင်သူများဖြစ်သည်။ ပင်းယ ပုံစံက ဂျစ်တစ်တစ်ပုံ အနည်းငယ်ပေါက်သည်က လွှဲလျှင်ပေါ့။

နီ အတန်းထဲ ပြန်ရောက်စမှာပဲ နီ့ဖုန်းကလေးက မြည်လာသည်။ အတန်းပြင်ပြန်ထွက်ကာ ဖုန်းနံပါတ်ကိုကြည့်တော့ မနေ့ကလိုပင်။ ဒါဆို unidentied number ဖေဖေပေါ့။ နီ



www.burmeseclassic.com

www.burmeseclassic.com


ဝမ်းသာအားရထူးလိုက်သည်။

"ဟဲလို ဖေဖေ"

တဘက်မှ ပြန်ထူးသံချက်ချင်းမကြားရ။ ဝါ၍ညက်သောရယ်သံ ခပ်ဖွဖွကို အရင်ကြားလိုက်ရသည်။

"ဟဲလို"

"ဟဲလို"

ဒီတစ်ခါတော့ ဖုန်းပြန်ထူးသံကြားရ၏။ အသံကတော့ မနေ့ကဖေဖေ့ကို ဖုန်းခေါ်ပေးသော သူ၏အသံနှင့်ဆင်သလို။

"ခု ပြောနေတာဘယ်သူလဲ"

"မှတ်မိလား မသိဘူး"

"ရှင် ဘယ်သူလဲ"

"မနေ့က ခင်ဗျားလေးနဲ့ စကားပြောဖူးတယ်လေ"

ဒါဆိုသေချာပါတယ်။ မနေ့ကစကားပြောခဲ့တာ၊ ပွဲပွဲ့ကလွဲလျှင် ဖေဖေနှင့်သူပဲ ရှိသည်။

"ဖေဖေ့ကို ဖုန်းခေါ်ပေးတာလား"

"ဟင့်အင်း. . . ကျွန်တော့်ဘာသာခေါ်တာ"

"ဘာကိစ္စရှိလို့လဲဟင်"

"ကိစ္စကတော့. . ."

ထိုသူက စကားစကိုမဆက်ဘဲ ဖြတ်တောက်ထားသေး၏။ အတန်ကြာမှ စကားကိုဆက်သည်။

"ကိစ္စက ထူးဆန်းတဲ့ခင်ဗျားလေးအသံကို ကြားချင်လို့"

"ဘုရားရေ"

နီ့ စိတ်ထဲကမထိန်းနိုင်တော့ဘဲ တအံ့တသြ ဘုရားတ,မိတော့ ၏။ အံ့သြရတာ တစ်ခုတည်းမဟုတ်။ နီ့အသံကို ထူးဆန်းတဲ့အသံလို့ပြော တာကတစ်ချက်၊ နီလည်း သူ့လိုပဲ သူ့အသံကိုကြားရတာနဲ့ အရမ်းအား ထောင်လို့ကောင်းတဲ့ အသံလို့သတ်မှတ်မိကာ ရင်ထဲစွဲသွားရတာကတစ်


www.burmeseclassic.com

www.burmeseclassic.com



ချက်။

"တကယ်ပြောတာ သိလား"

"နို့အသံက ဘာများထူးခြားလို့လဲ၊ ရှင့်အသံလိုလည်း နားထောင်မကောင်းပါဘူး"

"ခင်ဗျားလေးအသံက ကလေးသံလေးလိုပဲ ကြည်လင်အေးချမ်းတယ်၊ ကျွန်တော့်အသံကို နားထောင်ကောင်းတယ်လို့ သတ်မှတ်တယ်လား"

တကယ်သတ်မှတ်ထားပါသော်လည်း မေးလာတော့ လူချင်းမမြင်ရဘဲတောင် နီ ဝန်ခံရမှာရှက်နေမိသည်။

"ဟော့. . . မေးနေတယ်လေ"

"ဟုတ်ကဲ့"

"ဒါဆို ကျွန်တော့်အသံကြားနေရလို့ အနှောင့်အယှက် မဖြစ်လောက်ပါဘူးနော်"

"ရှင်"

"ကျွန်တော် တစ်ရက်ခြားလောက် ဖုန်းဆက်ပါ့မယ်"

နီ ဘာမှ ပြန်မဖြေမိ. . .။သူ့အသံကို တကယ်တမ်း စွဲလမ်းမိပါသော်လည်း ဒီလိုအမြဲတမ်း ဖုန်းဆက်မှာကိုတော့ နီ လိုလား,လား။ မလိုလားဘူးလား၊ ကိုယ့်ဘာသာကိုယ် မခွဲတတ်။ ခွဲတတ်ဦးတော့ ဖေဖေ့နားက လူတစ်ယောက်နှင့် ဒီလိုဆက်သွယ်နေလို့ သင့်တော်ရဲ့လားမသိ။ အနည်းဆုံး ဖေဖေ မအားလို့ ဖုန်းမဆက်နိုင်တောင် သူ့ဆီက သတင်း ရနိုင်သည်ဟုလည်း ဖြေတွေး တွေးမိသည်။ခက်တာက ခုထိ နီ သူ့ကို ဘယ်သူမှန်းမသိ. . .။

"နီ ခင်ဗျားလေးနာမည်က နီ တဲ့လား. . ကျွန်တော့်ကို ခင်ဗျားအဖေ ပြောတုန်းက ကြားလိုက်တာ"

သူက ချက်ချင်းစကားကို လမ်းလွှဲလိုက်၏။ နီ့ အမြဲကိုပင် မစောင့်တော့ ။ သို့သော် သူလွှဲသောလမ်းက နီ့ အတွက် အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



သွားစေသည်။

"ဟုတ်တယ်. . ဆင်းနီလွင် တဲ့၊ ရှင့် နာမည်ကကော"

"ဟင်း. . ဟင်း ၊ ရယ်ရတယ် သီလား"

"ရှင်. . . နီ့ နာမည်က ရယ်ရတာလား"

"မဟုတ်ဘူး၊ ကျွန်တော့် နာမည်ကို ပြောပြရင် ဘာလို့ ရယ်ရတယ် ဆိုတာ သဘောပေါက်သွားမှာပါ"

"ဘာတဲ့လဲ"

"**လင်းတည်ထင်**"

နီ တကယ်ပင် ရယ်မိတော့သည်။ နှစ်ယောက်သား ရယ်နေမိပြီးမှ နီ မေးဖို့သတိရ၏။

"တကယ်ပြောတာလား. . ဟင်"

"ဟင်. . တကယ်ပေါ့၊ ဘာလဲ ခင်ဗျားလေးက မယုံဘူးလား"

"အဲလို မဟုတ်ပါဘူး၊ ထူးဆန်းလို့"

"ထူးဆန်းတယ်၊ ဟုတ်လား . . ဘာလို့လဲ"

"နီ တို့ မောင်နှမတွေအားလုံး အဲလို နာမည်တွေချည်းပဲ၊ ဥပမာ မင်းကြည်စင်၊ နှင်းဆီခင်၊ မင်းညီဇင်. . . စသဖြင့်ပေါ့"

"တကယ်"

"တကယ်ပေါ့"

"ကဲ. . ကဲ အချိန်စေ့တော့မယ်၊ နောက်တစ်ခါမှ ဆက်ပြောကြမယ်နော်"

နီ . . . ဟုတ်ကဲ့ ဟုပင်မပြောလိုက်ရ။ ဖုန်းကျသွားတော့၏။ နီ ဖုန်းကို ပိတ်ပြီး ပြန်ဝင်လာတော့ ပုံ့ပုံ့ က ဘယ်ကဖုန်းလဲဟု မေးသည်။ နီက ခပ်တည်တည်နှင့် အသံကို ထိန်းကာ . . "ဖေဖေ့ဆီက" ဟု ဆိုလိုက်သော်လည်း ပုံ့ပုံ့က နှာခေါင်းရှုံ့ကာ ခေါင်းခါ၏။

"အဖေနဲ့စကားပြောလာတဲ့သူက ဒီလောက်လက်ဖျားတွေ အေးနေရလား"



www.burmeseclassic.com

www.burmeseclassic.com



နီ တအံ့တဩနှင့် ပုံ့ပုံ့နှင့် ထိနေသော လက်တွေကို ပြန်ရုတ်လိုက်မိသည်။ပြီး. . အားမပါစွာတော့ ငြင်းလိုက်မိသေးသည်။ယုံမယုံတော့မသိ. . .။

"အပြင်မှာ လေတိုက်တယ်ဟ. ."

ပုံ့ပုံ့၏ ယုံကြည်မှုကို နီမဖွေရှာမိတော့ပါ. .။ အဖန်ဖန်တလဲလဲ ပြန်ကြားယောင်နေသော စိတ်ကိုစိုးမိုးထားနိုင်လွန်းသော အသံတစ်သံသည် နီ့ဘဝထဲ ဝင်ရောက်လာခဲ့ပြီ။ ထူးတော့ထူးဆန်းပါသည်။ နီ့လို ဘာကိုမှ သိပ်အရေးမထားတတ်သော မိန်းကလေးမျိုးက အသံတစ်သံကြောင့် ကျဆုံးသွားရသည်ဆိုတာ တစ်ဆိတ်များ လွန်လွန်း မနေဘူးလား။

သေချာတာကတော့ နီ ဝန်မခံချင်သည့်တိုင်အောင် ထိုအသံကို မျှော်လင့်ချက်တစ်ခုနှင့် စောင့်နေမိတော့မည် ဆိုတာပင်. . .။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဒီနေ့ ကျောင်းပိတ်ရက်မို့ နီက အိပ်ရေးဝအောင်အိပ်သည်။ နီ့ကိုလည်း ဘယ်သူကမှ လာမနှိုးကြ. .။နီ နိုးလာတော့ မမနှင်းဆီခင် အခန်းကပိတ်ထားပြီးပြီ. .။မကြီး အလုပ်ဆင်းသွားပြီထင်တယ်. . ဟု တွေးကာ . . . ရေမိုးချိုး အဝတ်အစားလဲနေလိုက်သည်။

"မိနီ. . မိနီ"

အော်ကြီးဟစ်ကျယ်အသံနှင့်အတူ မင်းညီရောက်လာ၏။ ဘယ်အချိန်တည်းက နိုးနေမှန်းမသိ.။ ကိုယ်တော်က ကျော့လို့. .။ ဒီနေ့တော့ ထီပြေးထိုးရမည့်နေ့. .။ကျောင်းပိတ်ရက်မို့ အဝအိပ်သော နီ နိုးတာပင်ရှစ်နာရီရှိပြီ. .။ မင်းညီပုံက ရှေးမဆွကပင် နိုးနေပုံ. . .။ နီ ခေါင်းဖြီးကာ အိမ်ရှေ့ခန်းထွက်လာတော့ ဧည့်ခန်းဆိုဖာပေါ်မှာ အိပ်ချင်မူးတူးပုံနှင့် ထိုင်နေသော ပင်းယကျော်ကိုပါ တွေ့ရ၏။သေသွာ ပါသည်။ဒီနေ့ကတော့ တစ်ခုခုမှားနေပြီ. .။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းညီ"

"တစ်ခုလောက် ကူညီပါ"

"ဘာကူရမှာလဲ"

"ငါ့ဖုန်းညက ဘက်ထရီ အားမသွင်းထားမိလို့ နင့်ကို ခေါ်နေတာ"

"ဘာလုပ်ဖို့လဲ ငါက ဘက်ထရီ အားသွင်းဆိုင်ဖွင့်ထားမိလို့လား"

"ကျွတ်. . မဝေးပါနဲ့မိနီလေးရာ ဖုန်းတစ်ကောလ်လောက် ခေါ်ချင်လို့"

"ဒါများ"

ဒါများဟုဆိုကာ နီ အခန်းထဲပြန်ဝင်ပြီး ဖုန်းကို အသာတကြည်ပင် ထုတ်ပေးလိုက်၏။ ပြီးမှ ပင်းယကို သတိရကာ ဘာလို့ ပင်းယဆီက မယူတာလဲ ဟု မေးမည်ပြုပြီးမှ ကပ်တယ်ဟု ထင်ခံရမှာစိုး၍ မမေးတော့။ မင်းညီက ဖုန်းကိုယူကာ ဖုန်းခေါ်၏။ ပြီး ဝရံတာဘက်ထွက်ကာ စကားသွားပြောနေသေးသည်။ဆယ်မိနစ်လောက်ကြာမလားမသိ။

"နည်းနည်းတော့ကြာသွားတယ်. . . နီ bill လာလို့ သတ်မှတ်နှုန်းထားထက်ပိုတာ ဆယ်မိနစ်စာ ဆိုရင် ငါပေးပါ့မယ်"

ပြောပုံကိုက သတ်မှတ်နှုန်းထားထက်ပိုတာ ဆယ်မိနစ်စာမကရင် သူနဲ့မဆိုင်လို့ ဆိုလိုချင်ပုံ. . ။နီ မျက်စောင်းသာထိုးနိုင်၏။ မင်းညီက သူ့ကိစ္စပြီးသွားပြီမို့ ပင်းယဘက်လှည့်ကာ ညက လီဗာပူးနှင့် လိဗ်စ်ပွဲအကြောင်း ကြီးကြီးကျယ်ကျယ် သွားဆွေးနွေးနေပြန်၏။

နီကတော့ ဗိုက်ဆာပြီမို့ breakfast စားရန်ဆင်းမည်လုပ်တော့ ပင်းယကပါ ထလိုက်လာသည်။ 'ငါလည်းဆာပြီ' တဲ့။ မင်းညီကတော့ အေးအေးဆေးဆေးပင်။

"ငါတော့စားပြီးပြီ. . . ဒီနေ့ မကြီးက အုန်းနို့ခေါက်ဆွဲစဉ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် နီကော ပင်းယပါ. . . မင်းညီကို မျက်မှောင်ကြုတ်ကြည့်မိကြသည်။ ပင်းယကဆို မင်းညီကို အစုန်အဆန် မျက်လုံးပွတ်ကြည့်၏။

"အေး. . . အိပ်ချင်မပြေသေးလို့ ဘာမှားနေမှန်းမသိတာ. . အမှားက ခုမှတွေ့တယ်"

"ဘာလဲကွ. . . ဘာမှားနေလို့လဲ"

"မင်းလိုကောင်စောစောစီးစီးနိုးပြီး ပြင်ဆင်ပြီးရုံမကလို့ break fast ပါ စားပြီးပြီဆိုတာ အမှားပေါ့"

"တစ်ခါတလေ မှန်ကြည့်တာပါ"

ပင်းယက ခေါင်းခါ၏။

"နိုး. . ဒါ. . မရိုးသားဘူး"

"ဟုတ်တယ်"

နီလည်း အဖော်ရှိပြီမို့ ဖိပြောမိ၏။ မင်းညီက ခေါင်းကို တမင်ဖွ ကုတ်ပြသည်။

"ကွတ်. . . တစ်ခါတလေ စောထမိတာ ပြဿနာလားကွ"

"ဒါက ပြဿနာမဟုတ်ပါဘူး ပြဿနာက မင်းဒီအချိန်ကြီး alart ဖြစ်လွန်းနေတာ"

မင်းညီ စပ်ဖြဲဖြဲရယ်၏။ ပြီးမှ မသက်မသာဟန်ဖြင့် ညည်းသည်။

"ဘာမှမဖြစ်ပါဘူးကွာ. . . မိုးမလင်းခင် အိပ်မက်တစ်ခုခက်ပြီး လန့်နိုးလာတာ အဲဒီတည်းက ပြန်အိပ်မရတော့တာနဲ့"

မင်းညီကစကားကို တမင်မဆုံးဘဲ ရပ်ထား၏။

"ဘာလဲ ပါဝါရိန်းဂျားထဲက အကောင်ကြီးတွေ လိုက်လာတယ်ဘဲလား"

ပင်းယက အိမ်မှ အဒေါ်ကြီးပြင်ပေးသော အုန်းနို့ခေါက်ဆွဲကို ခွာနှာမသစ်ဘဲယူစားပစ်လိုက်ရင်းက မေး၏။ မင်းညီထံမှ ခုထိ



www.burmeseclassic.com

www.burmeseclassic.com



အဖြေက မရသေး။ ဟီး. . ဟီး. . . ဆိုသော မျက်နှာချိုသွေးသံကိုပဲ ရသည်။ပြီး. . . လက်ကနာရီကို မြှောက်ကြည့်ကာ. . .

"ဟာ. . . ဟာ. . . ဒုက္ခပဲ"

"ဘာဖြစ်ရပြန်တာလဲ"

အကြောင်းမသိသော နီက စိုးရိမ်စွာ မေးမိသော်လည်း၊ ပင်းယက မင်းညီအကျႌစကိုဆွဲကာ ပြန်ထိုင်ခိုင်း၏။

"အဲဒီဒုက္ခကိုခဏထား၊ ဒီမှာမေးနေတယ်"

"ဖုန်း. . . ဖုန်း"

"ဘာဖုန်းလဲ. . . မင်းဖုန်း ဘက်ထရီ ကျနေတယ်လေ"

"အင်း. . အဲဒါ သွားသွင်းမလို့၊ ဖုန်းချိန်းထားတာရှိလို့"

"ရှိရင် ငါ့ဖုန်းနဲ့ဆက်. . . ရော့ ဘက်ထရီ ကအပြည့်ပဲ"

ဖုန်းကို သုံးစရာဟု သိပ်မထင်တတ်သော ပင်းယ၏ ညဝတ်အကျႌ အိတ်ကပ်ထဲမှ ဖုန်းတစ်လုံးထွက်လာသည်။

"နေ. . . နေ ရတယ်၊ ညီ အပြင်က သွားဆက်မှာ"

ပြောနေရင်းကပင် ပင်းယလက်မှ အတင်းရုန်းကာ ထပြေးသွားတော့သည်။ပင်းယက ခေါင်းတညိတ်ညိတ်နှင့်ကျန်ခဲ့၏။

"ဒီကောင် ထူးခြားနေတယ်၊ ဘာကြံနေလဲမသိဘူး" တဲ့ ။

ထိုစကားကြောင့် နီ တစ်ခုသတိရကာ ပင်းယကို မေးရ၏။

"ပင်းယ"

"ဘာလဲ"

"မေးစရာရှိလို့"

"မေးလေ. . ."

"မင်းညီက ရုပ်လားဟင်. ."

"ရုပ်လား. . ."

ပင်းယက နီ့ စကားကို မျက်မှောင်ကြုတ်ကာ နားမလည်သလို ပြန်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ. . . ကောင်မလေးတွေနဲ့ ရှုပ်လားမေးတာ"

ပင်းယက မျက်မှောင်ကြုတ်ကာ ခေါင်းခါ၏။

"ဟင့်အင်း. . . သူ့မှာက အပေါင်းအသင်းတော့များတယ်၊ အဲလို . . ရည်းစားထည်လဲတော့ မရှုပ်ပါဘူး၊ ရှုပ်ဖို့နေနေသာသာဟာ စွံပဲစွံပါစေဦး"

ပင်းယ၏ အဆုံးသတ်စကားကြောင့် နီ ခွိကနဲ ရယ်မိသည်။ သူကတော့ ပြောအားရှိမှာပေါ့။ သူ့မှာက ကောင်မလေးတစ်ယောက် ရှိတာကိုး။သူ့ကောင်မလေးက ဘွားဘွားကြီးနှင့်ပြိုင်ဘက် ကမ္ဘာ့ရန်၏ ဖူးဖူးမှုတ် အသည်းကျော် မြေးမလေးဆိုပဲ။

"နေပါဦး. . . နင်က ဘာလို့မေးတာလဲ"

"သူ. . . နီ့ သူငယ်ချင်းကို အတင်းမိတ်ဆက်ခိုင်း၊ အတင်းဝင်စကားပြောနေလို့"

"နီက . . . သူငယ်ချင်းအတွက်ပူတာလား"

"ပူစရာရှိတဲ့လူဘက်က ပူမှာပါ၊ နီ့သူငယ်ချင်းက အေးတယ်"

"ဒါဆို သေချာပါတယ်၊ ဒီကောင်မက်တဲ့အိပ်မက်က နင့်သူငယ်ချင်းနဲ့ပတ်သက်နေမယ်ဆိုတာ"

"ဖြစ်နိုင်တယ်နော်"

မောင်နှမ နှစ်ယောက်သား ကန့်ကွက်သူမရှိ၊ မင်းညီ၏ အိပ်မက်ကို ပုံ့ပုံ့နှင့် သက်ဆိုင်သည်ဟု သတ်မှတ်လိုက်ကြသည်။

"နင့် အဖေဆီက ဖုန်းလာလား"

"လာတယ်"

"အေး. . . ခဏခဏတော့ ဆက်နိုင်မှာ မဟုတ်ဘူး၊ မအားတာရှော အကုန်အကျများမှာရော အဲဒါတော့ နင့်ကို ပြောထားလို့. . အန်တီကပြောခိုင်းလို့၊ နင်နဲ့နင့်အဖေက တစ်ခါမှခွဲဖူးတာမဟုတ်ဘူးဆို"

"ဟုတ်တယ်"

"ငါနဲ့အမေလည်း ခွဲနေရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နီ ရှုတ်မှောင်ကြုံ့လိုက်သည်။

"ဝင်းယတို့က ဟိုဘက်ခြံဒီဘက်ခြံခွဲရတာလေ၊ တစ်နိုင်ငံစီမှ မဟုတ်တာ"

"ဒါပေမယ့် နင့်နဲ့ နင့်အဖေလိုပဲ တွေ့မှ မတွေ့ရတာ တစ်ခါတလေမှ ဖုန်းပြောရတာ၊ မေမေက ငါနဲ့အတူ ဒီဘက်လာနေရမှာ"

"ဘာလို့လဲ"

"ငါ့လိုသားကို မွေးမိလို့ မေမေလည်း ဟိုဘက်နန်းတော်မှာ မျက်နှာသာမရဘူးလေ၊ ဒါပေမယ့် ဒီဘက်လည်းလာမနေရဲဘူး၊ လာနေရင် ဖေဖေနဲ့ ကျန်တဲ့ မောင်နှမတွေပါ ပြောခံနေရမှာ၊ခုထိက ငါနဲ့မေမေတ လွဲရင် သူတို့က ကျန်တဲ့လူတွေကို သူတို့ပါတနာလုပ်ထားတာ"

သူတို့ ဇာတ်ကလည်းတစ်မျိုးဟု နီတွေးမိသည်။

ပြီးမှ နီ လင်းတည်ထင် ဆိုသောပုဂ္ဂိုလ်ကို သွားသတိရမိကာ သူ့ကျ ဘာလို့ ရက်ခြားဖုန်းဆက်မယ် ပြောတာလဲ၊ အလုပ်အားလို့လား ပိုက်ဆံတတ်နိုင်လို့လားဟု တွေးမိပြန်သည်။အင်းလေ. . . အပြောနဲ့ အလုပ် ညီမညီဆိုတာ သိမှမသိနိုင်သေးဘဲ စောင့်ကြည့်ရပေဦးမည်။

လူတစ်ယောက်ဟာ အသံထူးထူးခြားခြားလေး တစ်ခုတည်းနဲ့ ဘက်လောက်အတိုင်းအတာအထိ အာရုံစိုက်မှုတွေ ဖြစ်တည်နိုင်တယ်လို့ ထင်လဲ. . . ဟုလည်း နီ တွေးနေမိသည်။နီသာ ဆိုလျှင်တော့ မိန်းကလေးမို့ ကိုယ့်စိတ်သွားရာ ကိုယ်မပါတာရော၊ ဖုန်း bill ကို မဆောင်နိုင်တာရောကြောင့် နီ့ဘက်ကသာဆို နီ ထိုအသံလေး ပြန်ကြားရဖို့အတွက် ဘာတစ်ခုမှ အားထုတ်နိုင်လိမ့်မည် မဟုတ်။ ဒီတိုင်း ပြန်ကြားယောင် နေရုံသာ ရှိသည်။ကြာလျှင်တော့ တဖြည်းဖြည်း မေ့ပျောက်သွားနိုင် မည်လား၊ ဒါကတော့ သိပ်မသေချာပါ။

"ဟဲ့ ဘာဖြစ်သွားတာလဲ"

"ဖေဖေ့အကြောင်းတွေးနေတာ"

နီ ညာလိုက်မိ၏။တကယ်ဆို ဖေဖေ့ဘေးက လူ့အကြောင်းဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောရမှာ စာလုံးလေးသုံးလုံးလောက်ကို ဖျောက်ထားလိုက်မိသည်။ ပင်းယကတော့ 'ပြောနေတဲ့ထဲက' ဟူသော အကြည့်နှင့်ကြည့်သည်။ ပြီး စကားတစ်ခွန်းကို ဆို၏။

"မာစမ်းပါ. . . နီရာ၊ ဘဝမှာ အရေးကြီးတာက မာကျော နေဖို့ပဲ"

ဟုတ်မဟုတ် မသေချာသော်လည်း လောလောဆယ်မှာတော့ နီ ထိုစကားကို လက်ခံပါသည်။နီက စိတ်ပျော့သူလေ ။ ပင်းယကတော့ ပြောပြီးတာနှင့် သူ့ကောင်မလေးနှင့် ဖုန်းပြောနေလေပြီ။နီကတော့ ပင်းယ၏ ချိုကြည်နေသော မျက်နှာကိုကြည့်ကာ မမြင်ဘူးသော အသံရှင်ကို ရုပ်လုံးဖော်ကြည့်မိသည်။မအောင်မြင်ခဲ့ပါ။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

နေ့လယ်ကျတော့ နီ့ အခန်းအောင်းကာ ဖုန်းစောင့်နေမိသည်။ တော်သေးတာက နီ့အခန်းထဲမှာ ဖုန်းက service အပြည့်မိခြင်းပင် ဖြစ်၏။ နီတစ်ယောက် ကိုယ့်ကိုကိုယ် ယောက်ယက်ခတ်မနေအောင် အလုပ်တစ်ခု ပေးထားသည့် အနေနှင့် နီ မကိုင်ဖြစ်တာကြာပြီ ဖြစ်သော တစ်ချောင်းထိုးအပ်နှင့် စီလွန်ချည်ကို ပြန်ကိုင်ထိုးနေလိုက်၏။

ရယ်တော့ရယ်ရပါသည်။ နီ ဦးတည်ချက်မဲ့စွာ ထိုးနေတာမို့ pattern က တော်တော်နှင့်ပေါ်မလာ။ ထိုးလိုက် ဖျက်လိုက်နှင့် လည်နေ၏။ထိုစဉ် ဖုန်းကလေးမြည်လာတာမို့ နီ ကုတင်ပေါ်မှ ခုန်ထကာ ကိုင်လိုက်မိသည်။

နီ မျှော်လင့်ချက်မပြည့်ပါ။ပုံ့ပုံ့ ဖုန်းဖြစ်နေသည်။

"ပြော"

"အေး. . . ပြောစရာရှိလို့ဆက်တာ၊ ပြောရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တော့ သိပ်မရှိဘူးနော်"

"အံမယ်. . . အချိန်မရှိရအောင် ဘာလုပ်နေလို့လဲ"

"ငါလား ခရိုရှေး ထိုးနေတယ်"

"ရောဂါ ပြန်ထပြန်ပြီလား"

ပုံ့ပုံ့ စကားကြောင့် နီ ရယ်မိသည်။နီက ထိုသို့မင် တစ်ခုခုကို စိတ်ဝင်စားမိလျှင် အသည်းအသန်၊ ပြီးလျှင် အရှိန် လျော့သွားတော့သည်။ဒါကတော့. . . နီမှ မဟုတ် လူတော်တော် များများ ဒီလိုပဲဟု နီ ထင်သည်။ခုဟာကကျတော့ ထိုကိစ္စသည် ရောဂါမဟုတ်၊ ရောဂါ တစ် ခုကို အစားထိုးဖြေသိမ့်နေရသော ဆေးတစ်ခုဖြစ်နေသည်လေ. . .။

"ရယ်မနေနဲ့ နီ. . . ငါပြောဦးမယ်"

"ပြော"

"နင် မင်းညီကို ငါ့ ဖုန်းနံပါတ်ပေးလိုက်လား"

"ဟင့်အင်း. . မပေးပါဘူး"

"မပေးပဲ ဆက်မလား. . ဘယ်ကရမလဲ"

"ဘယ်တုန်းက ဆက်တာလဲ"

နီ ဇဝေဇဝါဖြစ်သွားရသည်။

"ခုပဲ ဆက်တာ၊ အမလေး နာရီဝက်လောက်ကြာတယ်"

"နာရီဝက်"

နီ စဉ်းစားသည်။သူ့ဖုန်းက battery ကျနေလို့တဲ့၊ ခဏလေး charging သွင်းရုံနဲ့ နာရီဝက်လောက်ပြောလို့ရလား၊ နီ မသိပါ။နီ့ ဖုန်းတောင် ငှားပြောရသေးသည်ပဲ။ ထိုသို့ တွေးမိမှ နီဘုရားတရတော့သည်။

"မြတ်စွာဘုရား"

"ဟဲ့. . . ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ မနက်က ငါ့ဖုန်းကို ခဏတောင်းဆက်တယ်၊ လက်စသတ်တော့ဖုန်းထဲက နင့်ဖုန်းနံပါတ်ကိုကြည့်သွားတာကိုး. .



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း. . ကြည့်စမ်း"

နီ အလိုလိုနေရင်း စိတ်တိုလာရသည်။

"ဩော် . . . ဒီလိုလား၊ ဒီလိုဆိုလွတ်စေ"

ပုံ့ပုံ့က ဒီလိုကျတော့လည်း ဘာမှမဖြစ်သလို တုန့်ပြန်၏။

"ဒါနဲ့ နေပါဦး"

"ဘာလဲ"

"နင်ကကော မင်းညီနဲ့ နာရီဝက် လက်ခံစကားပြောလား"

"အောင်မာ. . . နင့်အစ်ကိုဆိုတဲ့ မျက်နှာနဲ့ ထင်လို့လား"

ပုံ့ပုံ့ ပြန်မေးသံက ရယ်သံတစ်ဝက်နှင့် . . .။

"မထင်ပါဘူး၊ နင်ကိုယ်တိုင် စိတ်ဝင်စားလို့ပဲဖြစ်မှာပါလို့ ထင်ပါတယ်"

"အောင်မယ်"

ဒီလိုကျတော့လည်း ပုံ့ပုံ့က မခံချိမခံသာ. . .။

"ဘာ အောင်မယ်လဲ. . . မဟုတ်လို့လား"

"နင်က အဲလိုအတွေ့အကြုံရှိလို့ သိတာလား"

ဒီမိန်းမ တော်တော်စကားတတ်တာ၊ နဂိုထဲက နီ သိပါသည်။ ခု ပိုတတ်လာသလို ခံစားရ၏။

"အတွေ့အကြုံ"

နီ ပုံ့ပုံ့ စကားကို သံယောင်လိုက်မိ၏။ ခု လင်းတည်ထင်၏ ဖုန်းကို စောင့်ပြီး လက်ခံစကားပြောမှာ အတွေ့အကြုံလား၊ နီ အဖြစ်နှင့် ပုံ့ပုံ့ အဖြစ်က တူလား၊ နီ မခွဲတတ်ပါ။

ပြောနေရင်းက နာရီကို လှမ်းကြည့်မိသည်။ဟိုနေ့က နေ့လယ် ဘက် ကျောင်းမှာ လင်းတည်ထင် ဖုန်းဝင်လာသောအချိန်ဖြစ်နေ၏။

"အဲ. . ပုံ့ပုံ့"

"အဲဒီ အတွေ့အကြုံကို ခဏထား၊ ငါ ပြီးမှ ပြန်ဆက်မယ်၊ ခု ဖုန်းခဏ ချမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com


"နှင်ဘာတွေအရေးကြီးနေလို့လဲ"

"ဟိုလေ အောက်က. . အောက်က"

"ဘာ အောက်ကလဲ"

"အန်တီ ခေါ်နေလို့"

"ဒါဆိုလည်းသွား"

ပွဲ့ပွဲ့က ဆောင့်ကြီးအောင့်ကြီးနှင့် ဖုန်းချသွား၏။ တော်ပါသေးရဲ့။

နီ ဖုန်းကလေး ထပ်မံတုန်ခါလာဖို့ ငြိမ်ငြိမ်လေး စောင့်ကြည့်နေမိသည်။

"ဟော"

unidentified number တဲ့. .။

နီ ကပျာကယာ ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"နီလား"

"ဟုတ်ကဲ့"

နီ မျှော်လင့်ထားသော အသံဝါဝါလေးကို ကြားလိုက်ရတာမို့ နီ့ ရင်များပင် ခုန်သွားသလို. .။

"နီ ဘာလုပ်နေလဲ"

ဖုန်းစောင့်နေတယ်လို့ ပြောလို့မှ မဖြစ်တာ။

"နီလား ခရိုရှေး ထိုးနေတယ်၊ ခုနကတော့ သူငယ်ချင်းနဲ့ စကားခဏပြောတယ်"

"ဒါကြောင့် ခေါ်မရတာ"

"ခေါ်သေးလား"

"အင်း. သူငယ်ချင်းက ဘယ်သူလဲ ပွဲ့ပွဲ့ ဆိုတာလား"

"ဟုတ်တယ် ဘယ်လိုသိလဲ"

"နီ့ဖေဖေပြောဖူးတာမှတ်မိနေတာ"


www.burmeseclassic.com

www.burmeseclassic.com



"အော်. . . ဖေဖေကောနေကောင်းလား"

"ကောင်းတယ်"

"ခုလို ဖုန်းဆက်နေတာ ဖေဖေသိလား"

"မသိဘူး ၊ ခွင့်တောင်းရမှာလား"

"အဲလိုမဟုတ်ပါဘူး"

နီ ဘာရယ်မဟုတ် ရယ်လိုက်မိသည်။တစ်ဘက်ကလည်း ရယ်၏။ သူ့အသံက ရယ်သံလည်း နားထောင်လို့ ကောင်းနေသည်။

"နီ့အသံက ရယ်လည်းချစ်ဖို့ကောင်းတာပဲ"

"ရှင်"

နီ့အတွေးနှင့် ဆင်တူနေသော စကားတစ်ခွန်းကို ကြားလိုက်ရတာမို့ နီ အထိတ်တလန့်ဖြစ်သွားရသည်။ ချစ်ဖို့ကောင်းတယ် ဆိုသော စကားလုံးအတွက်လည်း အနည်းငယ်တော့ တုန်လှုပ်ချင်သွားရသေးသည်။

"သမီးဆီ ဖုန်းဆက်ဖို့ တကယ်ဆို အဖေ့ဆီ ခွင့်တောင်းသင့်တာပေါ့၊ ဒါပေမယ့် ကျွန်တော်က အဲလိုမျိုး စိတ်မကူးမိဘူး၊ ကျွန်တော်လိုချင်တာက နီ့ဆီက ခွင့်ပြုချက်လေ"

နီ ဘာပြောရမှန်းမသိတော့။ ငြိမ်နေလိုက်မိသည်။

"နီ. ."

"ရှင် . . ဟုတ်ကဲ့"

"နီ ကကော ကျွန်တော်နဲ့ စကားပြောရတာ အဆင်ပြေရဲ့လား"

"ဟုတ်. . . ပြေပါတယ်"

"ဒါဆို နောက်တစ်ခေါက်ဆက်မှ ကျွန်တော့်အကြောင်း ပြောပြတော့မယ်နော်"

"နီ ကကော ၊ နီ့အကြောင်းပြောပြရမှာလား"

"ဆန္ဒ ရှိရင်ပေါ့. . . ဒါပဲနော်"

ထုံးစံအတိုင်း တိကနဲ ဖုန်းပြတ်သွားပြန်သည်။ပြန်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com


တော့ သုံးမိနစ်၊ ဟိုတစ်ခါဆက်တာလည်း သုံးမိနစ် . . ။ တစ်ခါပြော သုံးမိနစ်နှုန်းနှင့် နောက်တစ်ခါဆို သူ့အကြောင်းပြောပြမယ်တဲ့။ ဟုတ်သားပဲ သူပြောမှ နီ့သူ့အကြောင်း ဘာမှမသိသေးတာ သတိရသည်။ ဖေဖေ့ဘေးကလူတစ်ယောက်ဆိုတာနှင့်ပဲ နီ့အတွက်ပြည့်စုံသွားတာလား၊ သူ့အသံကြောင့်ပဲ နီအရာရာကိုမေ့လျော့သွားတာလားမသိ။

သူကလည်း နီ့အကြောင်းကို ဖေဖေ့ဆီမှ ဖေဖေမပြောပြပဲ မေးမှာမဟုတ်ဟုထင်သည်။ ဖေဖေပြောပြသလောက်တော့ သိမှာပင်။ ပုံ့ပုံ့ကိုတောင်သိနေပြီ မဟုတ်လား။

နီ ဘယ်လောက်တောင် အတွေးထဲ နစ်ဝင်သွားမိသည်မသိ။ အပြင်က နီ့အခန်းတံခါးကို ထုသံပေါ်လာမှပဲ နီ သတိဝင်လာတော့သည်။တစ်ပြိုင်နက်တည်း သတိရမိတာက ပုံ့ပုံ့ကို ဖုန်းပြန်ခေါ်ဖို့ . . ။

"နီ . . . နီ"

အပြင်က အသံက မင်းညီ၏ မြူးကြွနေသောအသံ။

နီ . . . စိတ်ပုပ်ဖို့ စဉ်းစားလိုက်ရင်း ဖုန်းကို နှိပ်လိုက်၏။ပုံ့ပုံ့ဆီ။

"နီ . . . နင်အိပ်နေလား"

"မအိပ်ဘူး ဖုန်းပြောနေတာ"

"ဘယ်သူနဲ့လဲ"

"ပုံ့ပုံ့နဲ့"

"အေး ပြော . . . ပြော"

ပြောပြောဆိုဆို မင်းညီအသံ တိတ်သွားတော့၏။ပုံ့ပုံ့ဖုန်းက မအား ဘယ်လိုခေါ်ခေါ် မအားသဖြင့် စိတ်တိုလာကာ ပစ်ထားလိုက်တော့သည်။နီ ငြိမ်သက်သွားသောအခါ အသံတစ်သံကိုသာ ကြားယောင်နေမိတော့ပြီး ထိုအသံသည် **"လင်းတည်ထင်"** ဆိုသောလူတစ်ယောက်၏ အသံဆိုတာ ပြောစရာလိုတော့မည် မထင်ပါ။

❄ ❄ ❄


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နီ အတန်းပြီးတော့ ကားရှိရာကို လာခဲ့သော်လည်း ကားနားမှာ ဘယ်သူမှ မရှိ ။နီ ဟိုဟိုဒီဒီ ကြည့်ကာ မင်းညီတို့ထံ ဖုန်းဆက်မည် ပြင်ဆဲ. . .

"ဒီမှာ"

လေသံက တင်းထန်ကာ မာကျောလွန်းလှ၏။လှမ်းကြည့်လိုက်တော့ လှတပတ ပြင်ဆင်ထားသော ကျောင်းသူတစ်ယောက်. .။

"ခေါ်တာလား"

"ဟုတ်တယ်"

"ပြောလေ"

"ကားရွှေ့ပေးပါ. . ဒီမှာ ကားထွက်မရလို့"

နီမျက်လုံးပြူးသွားရ၏။ ဒါ တစ်ဖက်ခြံက ကားပဲ။

ဒါဆို. . .



www.burmeseclassic.com

www.burmeseclassic.com



"နီ ကားမမောင်းတတ်ဘူး . . ကားသော့ကလည်း မင်းညီဆီမှာ ထင်တယ်"

ထိုတစ်ယောက်၏ မျက်နှာက ရှုံ့မဲ့သွား၏။ပြီး ကားပေါ် ထိုင်နေသော လူတစ်ယောက်ကို လှမ်းအော်သည်။

"ကိုကို . . ဒီမှာ ကားမမောင်းတတ်ဘူးတဲ့ . . ကားသော့လည်း မရှိဘူးတဲ့"

"ဟိုနှစ်ကောင်ကို ဖုန်းဆက်ခိုင်းလိုက်"

"မင်းညီဇင် တို့ဆီဖုန်းဆက်ပေးတဲ့"

သူမက နီ့ကို ပြန်လှည့်ကာ အမိန့်ပေး၏။ နီလည်း စကားမများလိုတာကြောင့် မင်းညီဖုန်းကို လှမ်းခေါ်ပေးလိုက်သည်။

"မင်းညီလား"

"ပြော နီ ဘာလဲ ပုံ့ပုံ့က တွေ့ချင်လို့လား"

"အရေးထဲ . . . ဒီမှာ ကားဖယ်ခိုင်းနေလို့"

"ဟိုဘက်ခြံက ကားလား"

"အင်း"

"မဖယ်ပေးဘူး"

အဲဒါမှ ပြဿနာ။

မင်းညီက ပြောရင်ပြောသည့်အတိုင်း လုပ်မည့်သူ။ ဒုက္ခရောက်မှာက ခုလက်ရှိရင်ဆိုင်နေရသော နီသာဖြစ်သည်။

"အဲဒါ ဘယ်လိုလုပ်ရမှာလဲ မင်းညီ"

"တမင် ပိတ်ရပ်ခဲ့တာ ဖယ်ပေးချင်မှတော့ နဂိုထဲက လွတ်လွတ်ကျွတ်ကျွတ်ရပ်တယ်"

"ဒုက္ခပဲ"

"ဒုက္ခမနေနဲ့ ကားသော့က မင်းညီဆီမှာမရှိဘူး ပင်းယဆီမှာ လို့ပြော ပင်းယကို ဖုန်းခေါ်ကြည့်လိုက် ဒီကောင့်ဖုန်း ပိတ်ထားလိမ့်မယ် ... င် ငါပြောသလိုလုပ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

နီ မျက်နှာငယ်လေးနှင့် ဖုန်းပိတ်လိုက်၏။

"ဘာတဲ့လဲ"

လေသံက မာလှသည်။နီက ဒီလေသံမျိုးနှင့်ကတော့ မင်းညီတို့ လုပ်တာ မလွန်ဟုတွေးရင်း နီပါ ဒီဇာတ်ထဲပါဖို့ စိတ်ကူးလိုက်၏။

"ကားသော့က မင်းညီဆီမှာ မရှိဘူး ပင်းယဆီမှာတဲ့"

"ပင်းယဆီ ဆက်လေ"

"ခု ဆက်မလို့"

"ဆက်ဆက်. . မြန်မြန်ဆက်"

ပြောပုံက အမိန့်သံနှင့် နီ ခပ်တည်တည်နှင့် ပင်းယဖုန်းကို ခေါ်လိုက်၏။ တကယ်ပင် ပင်းယ၏ ထုံးစံအတိုင်း ဖုန်းကပိတ်ထား သည်။

"ဖုန်းပိတ်ထားတယ်"

"ကျွတ်. . . ပြဿနာပဲ"

နှစ်ယောက်သားမျက်နှာများ နီရဲလာကြသည်။ဖြစ်နေပုံက တကယ့်သူစိမ်းများ ပြဿနာတက်နေကြသလိုပင်။ ဒီ သုံးယောက်ဟာ မောင်နှမ တစ်ဝမ်းကွဲသာ ကွဲသည်ဆိုလျှင် ဘယ်သူမှ ယုံကြမှာမဟုတ်။

နီ အချိုဆုံးဖြစ်အောင်ပြုံးလိုက်၏။

"မမ ပင်းယအတန်းကို နီသိတယ် သွားရှာပေးရမလား"

သူမ နီ့ကို မယုံသလိုကြည့်၏။ အဲဒီလောက် စေတနာကောင်း လိမ့်မည်ဟု တစ်ခါမှ တွေးထင်ထားပုံ မပေါ်ပါ။တကယ်လည်း ဟုတ်မှ မဟုတ်ပဲ . .။

"သွား. . . သွား အမြန်သွား၊ မြန်မြန်ပြန်လာခဲ့ဦး"

နီ သူတို့နားမှ အပြေးတစ်ပိုင်းနှင့် ထွက်ခဲ့လိုက်သည်။ အမြန်သွား မြန်မြန်ပြန်တဲ့. .။မြန်မြန်ပြန်ရအောင် ပင်းယကို အရှင် လတ်လတ် တွေ့ရင်တောင် ပင်းယက အမြန်လိုက်လာမှာမှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



သူ တွေးကြည့်သင့်သည်။ နီ ပင်းယအတန်းရှိရာသို့ တကယ်ပင် ထွက်လာခဲ့လိုက်၏။

ပင်းယကို တွေ့တော့ ပင်းယက သူ့ဘေးမှ ကောင်မလေးနှင့် ရယ်ရယ်မောမော စကားတွေဆိုနေသည်။သည်အခြေအနေနှင့်ကတော့ ဘယ်လိုမှ ကားသွားရွှေ့ပေးမှာ မဟုတ်ဆိုတာ နီ သိနေ၏။

"ဟင် နီ နင်ဘယ်လာတာလဲ"

"ဒီကို"

"ဘာလာလုပ်တာလဲ"

"ဟိုမှာလေ ကားရွှေ့ခိုင်းနေလို့"

ပင်းယက ဟက်ဟက်ပက်ပက်ရယ်၏။

"ရွှေ့ပေးဖို့ရပ်ခဲ့တာ မဟုတ်ဘူးလေ"

"နီ သိပါတယ်၊ နီလည်း တမင်ထွက်လာတာ၊ နီက အတန်းပြီး ပြီလေ"

"ငါက မပြီးသေးဘူး. . "

ဟု ဆိုကာ ပင်းယ ဘေးမှကောင်မလေးကို ညွှန်ပြ၏။ ကောင်မလေးက နီ့ကို နှစ်လိုစွာရယ်ပြသည်။

"ချစ်. . . ဒါ. . မောင့်ညီမလေး နီ တဲ့"

"နီ က မောင်တို့နဲ့တူသားပဲ" တဲ့။

နီ နားထဲရှက်သလို ခံစားလိုက်ရသည်။ ဂျစ်ကန်ကန်နှင့် မာကျောနေတတ်သော ပင်းယက ခုလိုကျတော့လည်း အင်မတန် နူးညံ့ သည့် ပုဂ္ဂိုလ်လေးတစ်ယောက်ပမာ၊ အချစ်ဆိုတာ လူတစ်ယောက်ကို ဖုံးသွင်းတတ်သော ဖန်တီးရှင်များလားမသိ. . .။

နီ အလိုက်သိစွာ နှုတ်ဆက်ပြီး မင်းညီအတန်းဘက် ထွက်ခဲ့ လိုက်သည်။မထွက်ခင် ကြိုဖုန်း ဆက်ရသေးသည်။အတန်းမှာ မရှိလျှင် ဒုက္ခမဟုတ်လား။ အရေးထဲ မင်းညီအတန်းကို ပြန်သွားဖို့က ကား ပါကင်ကို ပြန်ဖြတ်ရမှာမို့ နီ့မှာ တွေ့ပတ်သွားလိုက်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းညီကတော့ တဟားဟားနှင့် ပျော်မဆုံး . . ။

"ပုံ့ပုံ့ကော"

"ပြန်သွားပြီ"

"ဟင် စောလိုက်တာ"

"စောမလား ကျောင်းကားပြန်တဲ့ အချိန်ဘဲ"

မင်းညီ နာရီ တစ်ချက်ကြည့်၏။ပြီးမှ . .

"ဟုတ်သားဘဲ ငါတို့လည်းပြန်မှ" တဲ့ . ။

နီ မျက်မှောင်ကြုတ်ကာကြည်တော့ မင်းညီက မျက်နှာချိုသွေးသည်။

"တစ်ခါတလေ စောစောပြန်ရအောင်လေ"

"ဘာလဲ ကားသွားရွှေ့ပေးချင်လို့လား"

"ဟာ ဟုတ်သားပဲ"

မင်းညီ သူ့နဖူးသူ ရိုက်လိုက်ကာ ထအော်၏။ပြီး သူ့အပြစ်နှင့်သူ ပြန်ငြိမ်သွားသော်လည်း လူက ဂဏှာမငြိမ်တော့ ။ နာရီတကြည့်ကြည့် နှင့် . . ။

"နင် ဘာဖြစ်နေတာလဲ မင်းညီ"

"ဘာဖြစ်နေလို့လဲ"

"နင့်ကြည့်ရတာ မျောက်မီးခဲကိုင်မိသလိုပဲ"

"ထင်လို့ပါ"

နီက နှာခေါင်းရှုံ့ပြလိုက်သော်လည်း မင်းညီက ရှိတယ်တောင် ထင်ပုံမရ။ ခဏနေတော့ ပင်းယတို့အတွဲရောက်လာသည်။ပင်းယတို့ကို မြင်တော့ မင်းညီ ဝမ်းသာအားရဖြစ်သွား၏။

"သွားတော့မလား ပင်းယ"

"မင်းလုပ်ခဲ့တာ အထမြောက်ပြီလား"

မင်းညီ ခေါင်းကုတ်၏။

"အထမြောက်မှာပါ၊ ဒီအချိန်ကျမှတော့ တခြားအားတွေလည်း

www.burmeseclassic.com



မရှိတော့တဲ့အတွက် သူတို့တောင် ထွက်သွားလောက်ပါပြီ"

"မင်းသဘောလေ လာသွားရအောင်၊ ငါသူ့ကို ပြန်ပို့ပေးရဦးမယ်"

ပြောပြောဆိုဆို ပင်းယနှင့်သူ့ကောင်မလေးက ရှေ့ကနေရာယူကာ ကားဆီ လျှောက်သွားသည်။မင်းညီကတော့ မကျေမနပ်နှင့် ပင်းယကောင်မလေးကို အားနာလို့သာ ဘာမှမပြောသော်လည်း သူ့ကြည့်ရတာ အိမ်ကို အတင်းကာရော ပြန်ချင်နေပုံ. . .။

ကားပေါ်ရောက်တော့ ပင်းယက ကားမောင်း၏။သူ့ကောင်မလေးကို သူအရင်ပို့သည်။ကောင်မလေးဆင်းသွားမှ မင်းညီက ပြဿနာရှာတော့၏။

"သူ့ကားက ဘယ်ရောက်သွားလို့လဲ"

"ရှိမှာပေါ့၊ သူ့ကားနဲ့သူ ပြန်တာနဲ့ ငါမောင်းပို့တာ သူဘယ်ဟာ စီးချင်မလဲဆိုတာ မင်းနားလည်မှာ မဟုတ်ပါဘူး"

ပင်းယစကားကြောင့် နီ အသံထွက်ကာရယ်မိ၏။မင်းညီလည်း ပြုံးစိစိဖြစ်သွားရရင်း . .

"အေး နားလည်လို့ မင်းသက်သာသွားတယ်မှတ်ပါ" တဲ့။

"အလဲ့၊ မင်းက နားလည်သွားပြီ ဟုတ်လား၊ ဘယ်တုန်းက နားလည်သွားတာလဲ"

"မကြာသေးဘူး"

ပင်းယနှင့် နီ နောက်ကြည့်မှန်မှတဆင့် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ မျက်ရိပ်ပြမိကြသည်။ စကားများနေဆဲ မင်းညီ ဖုန်းလာသဖြင့် ဖုန်းပြောနေသည်ကို တွေ့ရ၏။ တစ်ဘက်မှ ဘယ်သူမှန်းမသိရသော်လည်း မင်းညီမျက်နှာက ချိုကြည်နေတာတော့သေချာသည်။

ပုံ့ပုံ့နဲ့များပြောနေတာလားဟု တွေးကာ ပုံ့ပုံ့ဖုန်းကို အသာနှိပ်ကြည့်တော့ လိုင်းမအားတာတွေ့ရ၏။ နီ ပြုံးလိုက်မိသည်။ပုံ့ပုံ့နှင့် မင်းညီအခြေအနေဘယ်လောက်တိုးတက်နေသလဲဆိုတာ နီးလောက်နှင့်

www.burmeseclassic.com


ပင် နီ ခန့်မှန်းလို့ရသည်။အိမ်ရောက်တာနှင့် ဖုန်းလှမ်းဆက်သည် ဆိုတော့. . .။

မင်းညီ၏ ချိုကြည်နေသောမျက်နှာနှင့် အသံသည် စောစော က ပင်းယ၏ မျက်နှာမျိုးနှင့်အတူတူပင်. .။နို့ အလှည့်ကျလျှင်ကော ဒီလိုပဲ ပြုံးပျော်ရမှာလားမသိ. . .။

❄ ❄ ❄

ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ကျွန်တော့်နာမည်တော့သိပြီနော်. . ကျွန်တော်က နီ့ထက် အများကြီးကြီးတယ်"

"ဟုတ်လား. . . နီက ခုမှ ၂၀ ထဲမှာ ရှင်ကကော"

"ကျွန်တော် ၂၇ ထဲမှာ"

"အဲ. . . နီက 'ရှင်' လို့ပြောတာရိုင်းများရိုင်းနေလားမသိဘူး"

"ရပါတယ်"

"ရှင်က. . . အဲဒီမှာဘာလုပ်တာလဲ. . . ဖေဖေတို့နဲ့ အလုပ်တူလား"

"အလုပ်က မတူပါဘူး. . . ကျွန်တော်တို့က project တစ်ခု။ ကျွန်တော်တို့ project က ပြီးတော့မှာ၊ နောက် ခြောက်လလောက်ဆိုရင် ကျွန်တော်မြန်မာပြည်ပြန်လာရတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



"အော်. . . ဟုတ်လား ဒါဆိုဖေဖေတစ်ယောက်တည်း ကျန်ခဲ့မှာပေါ့နော်"

နီက ဘာလို့မှန်းမသိ . .။သူ ဖေဖေနှင့် အတူရှိနေတာကို ကျေနပ်နေမိတာ. .။

"နီက ဘာကိုဆိုလိုတာလဲ၊ နီ့ဖေဖေနဲ့ ကျွန်တော်အတူရှိနေတာကို နီက လိုလားတာလား"

"အင်း. . ."

"ဘာလို့လဲ"

"မသိဘူး စိတ်ထဲကအဲလိုဖြစ်နေတာ"

"ကျွန်တော်က နီ နေပေးစေချင်ရင် နေပေးချင်ပါတယ် ခက်တာက ကျွန်တော်နဲ့ နီ့ဖေဖေက project မတူဘူး"

"ဘယ်တတ်နိုင်ပါ့မလဲ အခြေအနေအရပေါ့"

နီ့ စကားကြောင့် သူ ရယ်သည်။

"နီက အခြေအနေအရတွေကို လက်ခံတတ်လို့လား"

"လက်ခံတတ်ရမှာပေါ့"

"နီက လူကြီးလေးကျနေတာပဲ. . . နီ ကလေးဆန်ဆန်နေရတာ သဘောမကျဘူးလား"

"ကလေးဆန်ဆန် ဟုတ်လား. . . နီမှ မနေခဲ့တာ နီ့မှာက ဆိုးစရာအမေလည်းမရှိဘူး၊ အစ်ကိုအစ်မလည်းမရှိခဲ့ဘူးလေ"

"ဟင် ခု မောင်နှမတွေနဲ့နေတာဆို"

"ဒါတွေက ခုမှ တွေ့ကြရတာ နီတို့သားအဖက သီးသန့်ဆန်ဆန် နေခဲ့ရတယ်လေ"

"ဒါဆို နီက ကလေးဆန်ခွင့်မရှိခဲ့ဘူးပေါ့"

"ဆိုပါတော့. . . ခု အစ်ကိုတွေနဲ့အဆင်တော်တော်ပြေပေမယ့် ရွယ်တူလို သူငယ်ချင်းလို ပိုပေါင်းဖြစ်တယ်"

"ဒါဆို ကျွန်တော့်ကို အစ်ကိုတော်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . တကယ်လား"

နီ အံ့ဩသွားရ၏။ နီ မျှော်လင့်မထားမိသောကြောင့်လည်း ဖြစ်နိုင်သည်။

"တကယ်ပေါ့ ကျွန်တော့်မှာက အစ်ကိုနဲ့အစ်မရှိတယ် ညီမလေး လိုချင်နေတာ"

နီ့စိတ်ထဲ ဘဝင်ကျကာ တစ်မျိုးလေးပင်ခံစားလိုက်ရ၏။

"နီလည်း အစ်ကိုလိုချင်နေတာ အိမ်မှာက ကိုကိုမင်းကြည်စင် တော့ ရှိပါရဲ့ သူက အလုပ်ကိစ္စနဲ့ ခရီးထွက်နေရတာများတယ်"

"ကဲ . . . ညီမနီနီလေးရေ . . . အချိန်စေ့တော့မယ် နောက်တစ်ခါအတွက် စကားတွေစုထားဦးနော် bye bye . . ."

ထုံးစံအတိုင်း အချိန်စေ့တော့ ဖုန်းကပြတ်သွားပြန်သည်။ စကားတွေက စုစရာမလိုပါ။ နီ ပြောချင်သူနှင့်ပြောရမှာမို့ စကားလုံးတွေက ရှိပြီးသား . ။စကားသံများတိတ်သွားခဲ့သော်လည်း နီ့ရင်ထဲမှာတော့ ပဲ့တင်ထပ် ကျန်ခဲ့ဆဲ . ။ မမြင်ဘူး၊ မကြုံဘူးသော ထူးခြားသည့် သံယောဇဉ်ကိုလည်း နီ အံ့ဩနေမိသည်။ နီ့အရွယ်က လေတိုက်တိုင်း ရယ်မောလှုပ်ရှားတတ်တဲ့ အရွယ်လည်းမဟုတ်တော့ . ။ အခြားတစ်ပါး သော ယောကျ်ားလေးများနှင့် အချိန်များစွာ ဖုန်းလက်ခံပြောခဲ့ဖူးသော် လည်း တစ်ခါမှဒီလို ခံစားချက်မျိုးမရဘူးပေ . . ။

လူမှုရေးအရဆက်ဆံရသောသူများရှိသလို ၊ ခင်မင်ရင်းစွဲရှိ သော ယောကျ်ားလေးမိတ်ဆွေများနှင့်လည်းပြောဆိုခဲ့ဖူးသည်ပဲ . ။ တစ်ခါတရံ ကိုယ့်ကို propose လုပ်ထားပြီး၊ ငြင်းထားပြီးသူများနှင့်ပင် လူမှုရေးအရ စကားပြောရသည့်အခါ လက်ခံပြောရသည်ပဲ . . ။ ဒီလိုမှ မတူတာကတော့သေချာသည်။

တစ်ရက်ခြားစီ၏ သုံးမိနစ်သာရှိသော အချိန်ကလေးသည် နီ့အတွက်တော့ မျှော်လင့်ချက်တစ်ခုပမာဖြစ်လာခဲ့ရပြီ . . ။

"နီ . . ."



www.burmeseclassic.com

www.burmeseclassic.com



အတန်းပြင်ထွက်ကာ ဖုန်းပြောနေမိတာကြာသွားလို့လားမသိ။ (ဖုန်းပြောတာ ကြာတာတော့မဖြစ်နိုင်၊ အတွေးလွန်ပြီး ငြိမ်နေမိတာသာဖြစ်မည်. . .) ပုံ့ပုံ့လိုက်လာခြင်းဖြစ်သည်။ နီ ရပ်နေရာက အတန်းနှင့် လှမ်းကာ ကော်ရစ်တာအဆုံးလည်းဖြစ်သည် လူလည်းမရှိ။

"ပုံ့ပုံ့ . . . အတန်းကပြီးသွားလို့လား"

"ဟင့်အင်း. . . ဆရာမကိုမလာတာ၊ နင်က ဘယ်သူနဲ့ဖုန်းပြောနေတာလဲ. . ဆရာမ, မဝင်လို့ပွက်လောရိုက်နေတာတောင် မကြားဘူး အံ့ရော. . ."

တကယ်ပင်မကြားမိခြင်းဖြစ်သည်။

တစ်လောကလုံးမှာ စောစောကသုံးမိနစ်သည် နီ့အတွက် လင်းတည်ထင် အသံမှလွဲလျှင် ဘယ်လိုအသံလှိုင်းမှ ကြားဝင်မကြားရနိုင်သော အချိန်ဖြစ်သည်။

"ဟဲ့. . . မေးနေတယ်လေ"

နီမဖြေဘဲနေသဖြင့် ပုံ့ပုံ့ကထပ်မေး၏။

"နင်လည်း မင်းညီနဲ့ဖုန်းပြောနေတာပဲ မဟုတ်လား"

ပုံ့ပုံ့မျက်နှာလေးတစ်မျိုးဖြစ်သွားကာ မျက်စောင်းထိုး၏။

"ဘာလဲ. . . နင်က နင့်အစ်ကိုမင်းညီလို လူတစ်ယောက်နဲ့ပြောနေလို့လား"

"မင်းညီလို ဟုတ်လား. ."

နီ. . . တမင်ပြန်မေးလိုက်ဒတော့ ပုံ့ပုံ့စိတ်ညစ်သွား၏။

"ကျွတ် အရေးထဲနီရာ ရှင်းရှင်းပဲပြောရမလား"

"ပြော"

"မင်းညီက ငါ့ကိုချဉ်းကပ်သလို နင့်ကိုချဉ်းကပ်နေတဲ့လူတစ်ယောက်လားလို့ မေးတာ. . ."

နီ တွေတွေလေးစဉ်းစားပြီးမှ ခေါင်းခါမိ၏။

"မသေချာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါဆို ဘယ်လိုလူလဲ"

"သူက ငါ့အသံကိုစိတ်ဝင်စားတယ်၊ ငါက သူ့အသံကို နားထောင်လို့ကောင်းတယ်လို့ထင်တယ်. . . ဒါပဲ"

ပုံ့ပုံ့မျက်လုံးဝိုင်းသွားရသည်။

"ဟင် . . . ဒါဆို ဟိုတလောက နှင်ပြောတဲ့ နှင့်အဖေနားက လူဆိုတာလား"

"အင်း. . ."

"ဒါဆို နိုင်ငံခြားကဆက်တာပေါ့"

"အင်း. . ."

"ဒါပေမယ့် နှင့်အဖေနားကလူဆိုတော့ မဆိုးပါဘူး"

"ဘာမဆိုးတာလဲ"

"နှင့်အဖေက ကောင်းမကောင်းသိမှာပေါ့"

"ကောင်းမကောင်းက ဘာသိစရာလိုလဲ၊ ပြီးတော့ သူဖုန်းဆက်ဆက်နေတာ ဖေဖေလည်းမသိဘူး"

"နှင့်အဖေမသိတာကထားပါတော့၊ ကောင်းမကောင်းကဘာလို့ သိစရာမလိုတာလဲ"

"သူနဲ့ငါက ဘာမှ မှ မဆိုင်တာ၊ မင်းညီက နှင့်ကိုဖုန်းဆက်နေသလိုမျိုး ဆက်နေတာလို့မပြောနိုင်သေးဘူး"

"ဘာလို့မပြောနိုင်ရမှာလဲ နိုင်ငံရပ်ခြားက လူတစ်ယောက်က အချိန်မှန်၊ ဒုက္ခခံ၊ ငွေကုန်ခံပြီး ဘာလို့ဆက်လဲ နှင်မသိဘူးလား"

နီ မသက်မသာရယ်လိုက်မိ၏။

"သိချင်တာပေါ့ ဒါပေမယ့် သူကငါ့ကိုမမြင်ဖူးဘူးလေ၊ အသံပဲ ကြားဘူးတာ အသံတစ်ခုဟာ ပြီးပြည့်စုံလား"

"ဒါတော့ ငါဘယ်သိမလဲ"

ပုံ့ပုံ့ကပြင်း၏။

"မင်းညီက နှင့်အသံကြားရရင် ပြည့်စုံတယ်တဲ့သား"



www.burmeseclassic.com

www.burmeseclassic.com



ပုံ့ပုံ့မျက်နှာတစ်ချက်နီချင်သွားရသည်။ နီပင် ပြုံးမိသွားရ၏။

"အရေးထဲ"

"အော် အရေးထဲမဟုတ်ဘူးလေ၊ ယောင်းမရဲ့သိချင်တာပါ"

"အံမာ ဘာယောင်းမလဲ"

"ဩော်. . . အဖြေမပေးရသေးဘူးလား"

"ဘာလို့ပေးရမှာလဲ"

"စောသေးလား"

ပုံ့ပုံ့ နီ့ကို ဆွဲလိမ်တော့သည်။

"အား. . . နာတယ် မမေးတော့ပါဘူး၊ စောတာနောက်ကျတာ ငါ့အလုပ်မှ မဟုတ်တာ"

"နီနော် ပြောနေရင်းက ကဲမလာနဲ့၊ ငါနင့်ကို မပြောတော့ဘူး"

ပုံ့ပုံ့က အကြပ်ကိုင်၏။

"ကဲပါ သိချင်လွန်းလို့ပါ . . . ပြောပါ အသံကြားနေရရုံနဲ့ ပြည့်စုံလား"

"ချစ်သူ့အသံကိုကြားရခြင်း၌ မရောင့်ရဲကြကုန် တဲ့ ကြားဖူးလား. . . အဲဒီလိုပေါ့"

နီတစ်ချက်တွေသွားရသည်။ ဒါကချစ်သူအသံလေ. . .။နီ့အသံ တို ကြားချင်တာ သူ. . . ချစ်လို့လား. . .။နီ မသိပါ။

နီ မသေချာပါ. . .။

နီ့အတွေးထဲမှာတော့ အရာရာသည်ဝေဝါးလျက်သာ. . .။

သေချာသွားတာကတော့ မင်းညီအတွက်ဖြစ်သည်။ ပုံ့ပုံ့ ကိုကြည့်ရတာ မင်းညီကို ခုထိအဖြေမပေးသေးတာ သေချာသော်လည်း ပေးဖြစ်လျှင်လည်း အဖြေက မင်းညီအတွက် positive အဖြေဆိုတာ ဗေဒင်မေးစရာ မလိုခြင်းပင်။ မင်းညီနှင့် ပုံ့ပုံ့အတွက် နီ ဝမ်းသာ ပါသည်။ တစ်ဘက်က နီ့ အစ်ကို ။ တစ်ဘက်က နီ ချစ်သော သူငယ်ချင်း. . .။ ထိုကံကြမ္မာသည် ရှားပါးလှသော ကံကြမ္မာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


သို့သော် ထိုဝှက်ဖဲကိုတော့ နီ ဝှက်ထားရပေဦးမည်။ ဒါကလည်း နီ ချစ်သောသူငယ်ချင်းမလေး၏ တန်ဖိုးအတွက်ဖြစ်သည်။

❄ ❄ ❄


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နီ အိမ်ရှေ့ထွက်လာတော့ဧည့်ခန်းမှာ မကြီးနှင့်ကိုကိုမင်းကြည်စင်တို့ စကားပြောနေကြသည်။ မကြီးနှင့်ကိုကိုက တစ်နေ့ကုန် အလုပ်ရှုပ်ခဲ့သမျှ ညဘက်ရောက်လျှင် TV ရှေ့မှာထိုင်ကာ နားတတ်ကြသည်။ TV ကိုတကယ်စိတ်ဝင်တစား စွဲစွဲလန်းလန်း ကြည့်နေတာမျိုးလည်း မဟုတ် ။ နီတို့ ကြိုက်တဲ့အခွေလာဖွင့် သူတို့က မကန့်ကွက်။ စကား တပြောပြောနှင့် ကြည့်ကြသည်ပင်. . ။သူတို့စကားထဲမှာ အလုပ်အကြောင်းတွေက အများစုပါတတ်သည်။

"ဩော် အန်တီ့ဇာတ်လမ်းက ဒါကြောင့်ကိုး"

ကိုကိုမင်းကြည်စင်က ထိုသို့မှတ်ချက်ချပြီး နီ့ကို မြင်မှ အသံတအဖျားတိမ်ဝင်သွား၏။ မကြီး ကြည့်ရတာလည်း မျက်လုံးပြူးသွားသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်. . . ဘာလဲ မကြီးက အန်တီ့ story ပြောပြနေတာလား"

"ဟဲ့. . . တိုးတိုး လျှောက်ပြောမနေနဲ့၊ မဟုတ်ဘူး"

မကြီးက ဟန့်၏။

"ဒါဆို ခုနက ကိုကိုမင်းကြည်စင်ပြောတာကဘာလဲ၊ အန်တီ့ဇာတ်လမ်းက ဒါကြောင့်ကိုး ဆိုတာ"

"အာ. . . ဒါက ရုံးကအလုပ်ကိစ္စနဲ့ပတ်သက်တာပါ"

ကိုကိုမင်းကြည်စင်က မပိရိစွာပြော၏။

"အံမယ် မဟုတ်ပါဘူး နီ သိပါတယ်နော်"

"ဘာသိတာလဲ ဘာမှမဟုတ်ပါဘူးဆို"

မကြီးက ဖွတ်မှိတ်ငြင်း၏။

ကိုကိုမင်းကြည်စင်ကတော့ သူဒုက္ခသူကြုံတွေးမိပုံရသည်။

"နီ၊ နင်ကလေး ကလေးလိုနေ လူကြီးတွေစကား တစ်စွန်းတစ်စကြားပြီး လျှောက်ပြောမနေနဲ့"

"ကလေး"

နီ မကျေမနပ်ရှုတ်တော့ ကိုကိုမင်းကြည်စင်က တစ်ဘက်လှည့်ကာကြိတ်ရယ်၏။မကြီးကတော့ ရယ်ချပစ်လိုက်ရင်းမှပြောသည်။

"ဟဲ့ ကလေးပေါ့ ဘာလဲ နင်က မင်းညီလို အမြီးပေါက်ချင်နေပြီလား"

မြတ်စွာဘုရား. . ။

မင်းညီအမြီးပေါက်တာကို မကြီးကဘယ်လိုသိသွားရပြန်တာလဲ. . ။

အင်းလေ. . သူတို့က နီ့ထက်အရင်ထမင်းစောစားကြသည်ပဲ။

"မင်းညီ ဘာဖြစ်နေတယ်ဆိုတာ မကြီးသိတယ်"

"သိတယ်"

"ဒါဆို ဘာလဲပြော"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ် နင်ကမသိလို့မေးတာလား၊ သိရက်နဲ့မှန်မမှန်စစ်တာလား"

နီ ရုတ်တရက် ဘာဖြေရမှန်းမသိ. . .။

အကျဉ်းအကြပ်က ရုတ်တရက်ကြီး နီ့ဘက်ရောက်လာတာမို့ ကိုကိုမင်းကြည်စင်က 'ဝမ်းသာတယ်' ဟု အသံတိတ်လှမ်းပြော၏။ နေနှင့်ဦးပေါ့. . .။ ကိုကိုမင်းကြည်စင်ထံမှ မေးရတာ မကြီးကို မေးရသလောက်ခက်မှာမှ မဟုတ်တာ။ ပြီးတော့ နီတို့ သုံးယောက်အင်အားကလည်း နည်းတာမှတ်လို့. .။

"ဟဲ့. . . မေးနေတယ်"

"သိရက်နဲ့မှန်မမှန်စစ်တာ"

"ကောင်မလေးတစ်ယောက်ကိုကြွေနေတယ်"

"Yes . . . ဘယ်လိုသိလဲ"

"ဟဲ့. . . ငါက နင်တို့ထက်အရင်မွေးလာတာ"

နီ ဇက်ကလေးပုသွားရသည်။ မကြီးကဆက်ပြော၏။

"ဒီလောက်တစ်ချိန်လုံး ဖုန်းပြောနေတာ ဒီလောက်အခန်းအောင်းခြေငြိမ်နေတာ ငါကမသိပဲနေရင် ငါ. . . ငတုံးပေါ့"

"ဟုတ်"

"ဘာဟုတ်လဲ နင်ကလဲ သိနေတယ်ဆိုတော့ကြံရာပါပေါ့"

"အာ. . . မကြီးကလဲ"

"မကြီးကမလဲနဲ့ ပြော ဘယ်ကလဲ၊ ဘယ်သူလဲ ပင်းယလို ထပ်ဖြစ်လာရင် ငါတို့လည်းမချောင်ဘူး အန်တီလည်း မချောင်ဘူး"

နီ အတွေးတွေချာချာလည်ကာ ရှုပ်ချင်သွားရသည်။ မင်းညီကိစ္စက ဘာလို့အန်တီပါမချောင်ရမှာလဲ. .။နီ ဆိုထားပါဦး။ ပုံ့ပုံ့က နီ့သူငယ်ချင်းဖြစ်နေတာပဲ၊ အပြစ်ပြောစရာရှိနိုင်သည်. . .။

"ပုံ့ပုံ့က နီ့သူငယ်ချင်း မကြီး"

"အင်း အဲဒါကတစ်မှုပဲ ဒါပေမယ့်ထားပါ အရေးကြီးတာက



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ဖက်က ငါတို့ဘွားတော်နဲ့ကင်းဖို့"

"ကင်းပါတယ်မကြီးရဲ့ ၊ အကြီးအကျယ်ကိုကင်းတယ်၊ မင်းညီနဲ့ နွယ်မှ မကင်းမကင်း ဖြစ်ကြရမှာ"

နို့ စကားကြောင့် မကြီးခေါင်းခါ၏။

"နင်က နင့်သူငယ်ချင်းအဘွားနဲ့ ဒီကနင့်အဘွားနဲ့ မသိဘူးလို့ အာမခံနိုင်လို့လား"

"အဲ ပုံ့ပုံ့မှာက အဘွားမှမရှိတော့တာ"

"နှစ်ဖက်လုံး"

"နှစ်ဖက်လုံးထင်တာပဲ ပြောသံမှမကြားတာ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

"ပုံ့ပုံ့တို့ကနယ်ကပြောင်းလာတဲ့တောသူဌေးတွေ. . . ဟို. . ဘွားဘွားတို့နဲ့ အဆက်အသွယ်မရှိလောက်ပါဘူး"

"မရှိရင်အေးတာပါပဲ"

မကြီးက တစ်ပူရှင်းသွားဟန်ဖြင့် သက်ပြင်းကိုချ၏။ ပြီးမှ စိတ်မအေးသေးဟန်ဖြင့် . . .

"ကျန်သေးတယ်"

"ဘာလဲဟင် ဘာကျန်တာလဲ"

"ဒီကောင်ဖုန်းပြောနေတာ bill တအားကျတော့မှာ"

"သူ့ဟာသူဆောင်မှာပေါ့ သူခု အပြင်မှမထွက်တာ အတုန်အကျသက်သာတာပဲ"

ထိုစကားက ခုမှအပြင်မှပြန်လာသော ပင်းယက ဝင်ပြောခြင်းဖြစ်သည်။

"အံမယ်လေး မင်းညီတို့ကံကောင်းချက်က ရည်းစားထားဖို့ ပံ့ပိုးပေးတဲ့ ညီမနဲ့ ဖြေရှင်းပေးမယ့်အစ်ကိုနဲ့"

"မကြီးတုန်းက အဲလိုကံမကောင်းခဲ့ဘူးလား"

"သေတော့မယ်နော် ပင်းယ"

www.burmeseclassic.com

www.burmeseclassic.com



မကြီးက လက်လှမ်းမီရာအရုပ်နှင့် ကောက်ပေါက်လိုက်တာမို့ ပင်းယကလှမ်းဖမ်းထားလိုက်သည်။

"လူလားတွေမြောက်ကုန်တာသိပ်ကြာသွားရင်မကောင်းဘူး လူလားမြောက်စမှာ လုပ်သင့်တာလုပ်ပါစေ"

မကြီးက မျက်စောင်းထိုးသည်။

"ဟဲ့ လုပ်သင့်တာလုပ်တာကအရေးမကြီးဘူး"

"ဘာက အရေးကြီးလဲ"

" ဖုန်း bill အဲလောက်များနေရင် အန်တီကမေးတော့မှာ"

"မေးတော့ဖြေရုံပေါ့"

"အန်တီက မှာထားတယ်လေ သူ ဖုန်းပေးထားတာက communication ကောင်းဖို့တဲ့ တခြားကိစ္စမှာ သုံးဖို့မဟုတ်ဘူးဆိုတာလေ မေ့ကုန်ပြီလား"

"ဒါလည်း communication ပဲ communication between two lovers . . . ဟဲဟဲ ပိုတောင်ရသမြောက်သေးတယ်"

မင်းညီ ဘယ်ကမှန်းမသိရောက်လာကာဝင်ပြောသဖြင့် ရယ်ကြရသေးသည်။

"နင်တို့မသိပါဘူး အန်တီကကြိုက်မှာမဟုတ်ဘူး"

"ဘာလို့လဲ"

"နင်တို့မသိပါဘူးဆို"

"မသိလို့မေးတာလေ"

"တော်ပြီ မပြောတော့ဘူး"

မကြီးက စကားဆက်မပြောတော့ဘဲနှင့် လက်ထဲမှာတွေ့ရာ ကောက်ကိုင်ထားသည့် စာအုပ်တစ်အုပ်ကို ခပ်တည်တည်နှင့် ငုံ့ဖတ်နေသည်။ မင်းညီက မကြီးနား ကပ်သွားကာ အတင်းအကြပ်မေးသည် ပြင်ဆဲ နီ မျက်ရိပ်လှမ်းပြလိုက်သဖြင့် နီ့အနားရောက်လာသည်။

တိုးတိုးကပ်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟ"

"ကိုကိုမင်းကြည်စင်သိသွားပြီ"

"ဟင်. . . ဟုတ်လား သေချာလား"

"သေချာတယ်"

"ဘယ်တုန်းကလဲ"

"စောစောကပဲ ငါထွက်လာမှ ရပ်သွားတာ"

နီနှင့်မင်းညီ တိုးတိုးကြိတ်နေတာမြင်တော့ မကြီးက မသင်္ကာသလိုကြည့်သည်။ပင်းယကတော့ ပြုံးစေ့စေ့နှင့် . . .။ကိုကိုတစ်ယောက်ကတော့ သူ့အန္တရာယ်အနံ့ကိုသူရသွားပုံရသည်။ သုတ်ကနဲ ကောက်ထကာ အခန်းထဲဝင်သွားတော့၏။ သူ့အခန်းက ညှော်ခန်းနှင့်ကပ်လျက်မို့ အဆင်လည်းပြေသွားသည်။

"Let it be"

ကိုကိုမင်းကြည်စင် အခန်းထဲဝင်သွားတာကို နီက မကျေမနပ်ဖြစ်သွားရသော်လည်း မင်းညီက အေးအေးဆေးဆေးပင် 'Let it be' ဟုပင်ဆိုလိုက်သေးသည်။ကိုကိုမင်းကြည်စင်လောက်ကတော့ သူတစ်ယောက်တည်းနှင့် ပြီးသည်ဆိုသည့်သဘောလား. . .။ဒါမှမဟုတ် ကိုကို့ကိုနိုင်ရမည့်အကွက် မင်းညီမှာရှိနေတာလား. . မသိ။

"မင်းက အိုကေနေတာလား"

ပင်းယကမေး၏။

"ဘယ်လိုထင်လို့လဲ"

"မထင်ပါဘူး ထင်ထားသလိုမဟုတ်ရင် မင်းပဲနာမှာလေ"

"အောင်မယ် ဘာလို့မဟုတ်ရမှာလဲ"

"ဟုတ်ပြီပေါ့"

"ဟုတ်တော့မယ်"

မင်းညီ၏ နောက်ဆုံး ဆောင့်ဆောင့်အောင့်အောင့် ထွက်လာသောစကားကြောင့် နီတို့ ဝိုင်းရယ်မိကြသည်။ 'မကြီး' ပင် မရယ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ကြိုးစားရင်းက အသံထွက်လာရသေးသည်။ မင်းညီက ဟုတ်မှာ သေချာပါတယ်ဟုတော့ နီ ငင်ထောက်ခံမပေးဖြစ်ပါ. . .။

ပင်းယကတော့ အောင်နိုင်သူတစ်ယောက်ပမာ 'ဟုတ်တော့မယ်တဲ့. . ဟုတ်တော့မယ်. . ဟုတ်တော့မယ်တဲ့. . ဟုတ် တော့မယ်. . ' ဟု သီချင်းလုပ်ဆိုကာထွက်သွားတော့သည်။ပင်းယလို အောင်နိုင်သူတော့ လူတိုင်းဖြစ်ချင်သည်ပဲပေါ့ကွယ်. . .။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ညက ပုံ့ပုံ့ဖုန်းဆက်သည်။ ထုံးစံအတိုင်း ထွေရာလေးပါးပါး မကာ ပြောနေကြပြီးမှ ပုံ့ပုံ့ နှီ့ကို မေး၏။

"နှီ"

"အင်း . . ဘာလဲ"

"နားထောင်ကောင်းလို့နားထောင်နေတဲ့အသံကော. . . ဘာထူးလဲ"

"ဘာထူးရမှာလဲ"

"ဩော်. . . ဖုန်းဆက်သေးလားမေးတာ"

"ဆက်တယ် ပုံမှန်ပဲ တစ်ရက်ခြား၊ သုံးမိနစ်စီ"

"အင်း. . . ငါနင့်ကိုပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပို့ပို့ပြောပုံက 'အင်း' ကိုသံရှည်လေးဆွဲကာပြောသဖြင့် နီပင်လန့်သွားရသည်။ 'လင်းတည်ထင်' နှင့်ပတ်သက်ပြီး ဘာများပြောမလဲဟု တွေးမိ၍ဖြစ်သည်။ ကောင်းသောအကြောင်းအရာဆိုလျှင် ကိစ္စမရှိပါ။ မကောင်းသောအကြောင်းအရာဆိုလျှင်တော့ နီ ခံစားနိုင်လိမ့်မည်မဟုတ်. . .။

"အင်း. . . ပြောလေ"

"ငါ. . ."

'ငါ' ဟု ဆိုကာ ရယ်နေသဖြင့် နီ စဉ်းစားကြပ်သွားသည်။

"ဟဲ့. . ပြောလေ ဘာလဲ အရေးထဲ ရင်တုန်အောင်လုပ်နေတယ်"

"ရင်တုန်ရမှာကငါပါ"

"ဘာလဲ. . . ဘာလဲ"

နီ သိချင်စိတ်ဇောကြီးသွားသည်။ ပို့ပို့ကပင်ရယ်လျှက်ဖြည်းဖြည်းမေးဟု ပြောရသည်ထိ. . .။

"ငါ. . . မင်းညီကို ဒီနေ့အဖြေပေးလိုက်ပြီ"

"ဟင်. . . ဟုတ်လား"

နီ တအံ့တဩနှင့်ကုတင်ပေါ်မှပင် ဝုန်းကနဲကောက်ထမိသည်။

တွေးထင်ပြီးသားဖြစ်ပါလျှက် ဒီမျှထိအံ့ဩစရာမလိုပေ။ သို့သော် ညနေက မြင်ခဲ့ရသော မင်းညီပုံစံက ပိရိလွန်းသည်။ နည်းနည်းလေးမှ ထူးခြားမှုမရှိသလို. . .။ နေနှင့်ဦးပေါ့. . မင်းညီရယ်. . . ဟု စိတ်ထဲမှ ကြုံးဝါးမိ၏။

"နင်က အလန့်တကြား ဘာဖြစ်တာလဲ၊ ငါ့ကိုယောင်းမတော်ရမှာစိုးလို့လား"

"ကြံကြီးစည်ရာ ပိုတောင်ကောင်းသေး၊ နင်ကငါ့ရဲ့ယောင်းမဖြစ်သွားတော့ ခိုင်းစားလို့တောင်ရဦးမယ်"

"ရမယ်. . . အားကြီး နင့်အစ်ကိုကခိုင်းမလား"



www.burmeseclassic.com

www.burmeseclassic.com


"ခိုင်းမှာပဲ"

နှစ်ယောက်သားရယ်မိကြသည်။

"ဟိုကောင်ကတော့ နာတော့မယ်"

"ဟဲ့ ဘယ်သူ့ကိုပြောတာလဲ"

"နင့်အချစ်ကြီးလေ"

"အစ်ကို့ ကိုများ ဟိုကောင်တဲ့ ရှိရှိသေသေမရှိလိုက်တာ"

"ရှိရှိသေသေ ဟုတ်လား အံမယ် နင်ကဘယ်လိုခေါ်လဲ ကိုကိုလား ပြောစမ်း"

"မပြောဘူး. . . သတ်လိုက်"

နီတို့နှစ်ယောက် အလကားနေရင်းအူမြူးကာ တခွိခွိဖြစ်နေကြသည်။ ထိုစဉ် အပြင်မှတံခါးခေါက်သဖြင့် နီ ဖုန်းချလိုက်ရ၏။ ဝင်လာသူက ပင်းယ။

"ဘာတွေမြူးနေတာလဲ"

"ပုံ့ပုံ့နဲ့လေ ဟိုကောင် မင်းညီကော"

"အောက်ဆင်းသွားတယ်"

"နီတို့ကိုသူ supply လုပ်ရမယ်သိလား ဒီကောင် ဒိုင်လျှို၊ ဒီနေ့ သူ့ကို မိပုံ့ကအဖြေပေးတာကို မပြောဘဲငြိမ်နေတယ်"

"ငါသိတယ်"

နီ တအံ့တသြဖြစ်သွားရ၏။

"ပင်းယကိုကျ ပြောလား"

"မပြောဘူး ငါ့ဟာငါသိတာ"

"ဒါဆို နီက ဘာလို့မသိတာလဲ"

ပင်းယက နီ့စကားကြောင့်ရယ်၏။

"တူမလား ငနီရာ experience ကွာတယ်"

"အံမယ်. . . ကျောတယ်"

"အဲဒါ. . . ခဏထားပါ"


www.burmeseclassic.com

www.burmeseclassic.com



"ထားပါပြီ ခုကိစ္စကဘာလဲ"

"ခုကိစ္စက အရေးတော်ပုံ"

ပင်းယမျက်နှာကတည်နေ၏. . ။

"ဘယ်. . . ဘယ်လို အရေးတော်ပုံလဲဟင်"

"မင်းညီကို ဟိုဘက်ခြံက ပြဿနာရှာတယ်. . . ဖြစ်ချင်တော့ မင်းညီဖုန်း bill က ဟိုဘက်ခြံကိုရောက်သွားတယ် တအားများနေတာကို ဟိုဘက်က သင်းရီဇင်က တွေ့သွားတယ်"

"သင်းရီဇင်ဆိုတာ မင်းညီအစ်မအရင်းကြီးလေ"

"အေး. . . အဲဒီအစ်မအရင်းကြီးက bill ဒီလောက်များတာ ဒီကောင် ဖုန်းနဲ့ ကောင်မလေးတစ်ယောက်ယောက်ကို ကြူနေလို့နေမှာပေါ့ ဆိုပြီး သူ့အမေကိုတိုင်တယ်. . . ဒါကို ဘွားတော်ကကြားတယ်. . ကြားတော့. . ."

"ကြားတော့ဘာဖြစ်လဲ. . . ပင်းယ"

"ဘာဖြစ်ရမှာလဲ ဘွားတော်က ပွင့်သီခင်အိမ်မှာနေတဲ့ကောင်ဆိုတော့ ပွင့်သီခင်လမ်းစဉ်လိုက်မှာပဲ ဆိုပြီး သူ့သမီးကိုလှမ်းခေါ်ပြောသတဲ့"

"မင်းညီကိစ္စကို"

"အင်း"

"ဘာလဲ ပင်းယ ပွင့်သီခင်လမ်းစဉ်ဆိုတာ ဘာကိုပြောတာလဲ"

"အဲဒါ ငါလည်းမသိဘူး သေချာတာကတော့ မကြီးမပြောတဲ့ ဖုန်းဇာတ်က အန်တီနဲ့ တိုက်ရိုက်ပတ်သက်နေတာသေချာတယ်. . . ဘာမှန်းသာမသိတာ. . ."

နီ ရှင်းလင်းသွားခဲ့ပြီ။

"အဲဒါ ကိုကိုမင်းကြည်စင်သိတယ် သူ့မေးရအောင်"

"ငါလည်း မေးမလို့ နင့်လာခေါ်တာ ပြီးတော့ မင်းညီကို အန်တီခေါ်ထားတာဘာတွေဖြစ်မလဲ စောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆူခံရမလား မသိဘူး"

"အန်တီက ရှည်ရှည်ဝေးဝေးတော့ဆူမှာမဟုတ်ဘူး. . . သူမကျေနပ်ရင်ဖုန်းသိမ်းလိမ့်မယ်"

ပင်းယနှင့်နီ မင်းညီကိုထွက်စောင့်နေမိကြသည်။ မကြီးကတော့ အောက်မှာ အန်တီနှင့်အတူရှိမှာမို့ ကိစ္စမရှိ၊ ကိစ္စရှိတာက ကိုကို မင်းကြည်စင်. . ။သူ့အခန်းက ပိတ်လျက်သား. . ။အထဲမှာ မီးလည်း မှိတ်ထားသည်။ည ရှစ်နာရီလောက်နှင့် အိပ်ပျော်စရာအကြောင်းမရှိ။ ခုရက်ပိုင်းအတွင်းမှာ ပျောက်ချင်းမလှပျောက်နေသည်။

နောက်ထပ်ဆယ်မိနစ်လောက်အကြာမှာတော့ မင်းညီ မျက်နှာ သေလေးနှင့်အပေါ်တက်လာသည်။ ပင်းယက 'ဘယ်လိုလဲ' ဟုလှမ်း မေးတော့ လက်မထောင်ပြသည်။

"အဆင်ပြေလား"

"ပြေတယ် နီ့ နင့်ကိုအန်တီခေါ်နေတယ်"

နီ တစ်ချက်တုန်သွားရ၏။

"နင် လာနောက်မနေနဲ့"

"တကယ်. . ."

"တကယ် ဘာလုပ်ဖို့လဲ"

"နင့်ကို သက်သေအဖြစ် စစ်မလို့နေမှာပေါ့"

"နင်ဘာတွေ ပြောခဲ့လို့လဲ ပုံ့ပုံ့နဲ့ပတ်သက်နေလို့လား"

"အင်း"

ပုံ့ပုံ့နှင့်ပတ်သက်သည်ဆိုမှ နီ သက်ပြင်းချကာ အောက်ကို ရဲရဲဆင်းလာခဲ့လိုက်သည်။ အန်တီ့အခန်းက တံခါးပွင့်နေ၏။

"အန်တီ"

ထုံးစံအတိုင်း အန်တီက သူမစားပွဲမှာထိုင်လျက်. . .

"လာ. . .နီ ထိုင်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



အန်တီက စိတ်တကယ်ဝင်စားလား၊ မဝင်စားလားမသိနိုင်သော စာအုပ်ကြီးကို ဖွင့်ထားဆဲ. . .။

"မင်းညီကောင်မလေးပွဲ့ပွဲ့က နီ့သူငယ်ချင်းဆို"

"ဟုတ်တယ် အန်တီ ဒါပေမယ့် နီ အောင်သွယ်ပေးတာမဟုတ်ဘူး"

အန်တီက ရယ်၏။

"နီ့ကို အဲလိုမထင်ပါဘူး၊ အန်တီသိချင်တာက သူတို့တစ်ယောက်ကိုတစ်ယောက်သိကြ၊ မြင်ဖူးကြရဲ့လားသိချင်တာပါ. . ."

"ရှင်"

နီ နားမလည်ပါ။ အန်တီဘာကိုဆိုလိုမှန်းမသိ. . .။ ပြီးမှ အာရုံတွင် လင်းတည်ထင်ကို ဖြတ်ခနဲပြေးသတိရကာ ကပျာကယာအဖြေပေးရသည်။

"သူတို့လား မြင်ဖူးတွေ့ဖူးပြီးမှ ဖုန်းပြောကြတာပါအန်တီ"

"တွေ့တာကြာပြီလား"

"နီ ဒီအိမ်ရောက်ပြီး ကျောင်းအတူသွားမှ"

"ဟင်. . . သုံးလ ဟုတ်လား အင်းလေ. . . ခေတ်တွေက ပြောင်းကုန်ပြီကိုး"

အန်တီက အံ့သြဟန်ပြပြီးမှ နားလည်သွားသည်။ ခေါင်းတညိတ်ညိတ်နှင့်. . .။

နီ အပေါ်ပြန်တက်လာတော့ ပင်းယနှင့် မင်းညီ တဟီးဟီးတဟားဟားဖြစ်နေပြီ။

"ဘာဖြစ်နေတာလဲ"

"လာ. . . နီ နင့်ကိုစောင့်နေတာ ငါတို့ယူဂျီးနီးယားသွားမလို့"

နာရီကြည့်လိုက်တော့ ရှစ်နာရီခွဲ. . .။

နီ ခေါင်းညိတ်လိုက်သည်။

ပြီး နီတို့ မောင်နှမတွေ မကြီးကိုပါခေါ်ကာ ယူဂျီးနီးယားသို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ကြသည်။ ကိုကိုမင်းကြည်စင်တစ်ယောက်ကတော့ အခန်းပိတ်ထားဆဲ. . .။ခေါ်လို့လည်းမရ. .။ဖေကြီးက 'ရှိတယ်တောင်မထင်ဘူး' ဟု ဆိုသော်လည်း မင်းညီကတော့. . .'ဂူအောင်းတရားကျင့်နေတာနေမှာပါ. . . ကျင့်စဉ်အောင်ရင်ထွက်လာပါလိမ့်မယ်. .' ဟု နောက်သည်။

မင်းညီကတော့ လမ်းတစ်လျှောက်မှာ ပုံ့ပုံ့နှင့်ဖုန်းပြောသွားသည်။ဒီမှာဖြစ်သမျှ ပျက်သမျှကို အကုန်သံတော်ဦးတင်နေသော မင်းညီကိုကြည့်ကာ နီ ဘာလို့မှန်းမသိ လင်းတည်ထင်ကို သတိရနေမိလေသည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"နီတို့ မောင်နှမတွေက အရမ်းပျော်စရာကောင်းတာသိလား"

"ဟုတ်လား. . . ကျွန်တော်လည်း နီ တို့ မောင်နှမထဲက ပဲလေ"

လင်းတည်ထင်ဆိုသော အမည်ကြောင့် ပြောမှန်းသိသဖြင့် နီ ရယ်မိသည်။ နီတို့ စကားပြောနေဖြစ်တာ သုံးလကျော်ပြီမို့ တရင်းတနှီး တော့ရှိနေကြပြီ. . .။ သို့သော် ခုထိ နီက သူ့ကို 'ရှင်' ဟုသာပြောပြီး တစ်ခါမှလည်း နာမည်မခေါ်ဘူးခဲ့. . .။နီ ဘယ်လိုခေါ်ရမှန်း မသိတာ လည်းပါသည်။ ပြီးတော့ သူ့နာမည်က နီတို့မောင်နှမတွေနာမည်လိုပင်။ ဘယ်လိုမှ ခေါ်မကောင်း. . . .။

"မင်းညီက စွံသွားပြီဆိုတော့ နီတို့နဲ့ခွဲမထွက်သွားဘူးလား"

"ဟင့်အင်း. . . ခုမှ ပိုပျော်စရာကောင်းလာတာ၊ နီတို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ရယ်. . . ပင်းယရဲ့ ကောင်မလေးရယ်၊ ပုံ့ပုံ့ရယ်၊ တစ်အုပ်စုကြီး ဘယ်သွားသွားတူတူပဲ. . . ကျောင်းမှာဆို နီတို့ဟိုဘက်အိမ်က ဆွေတော်မျိုးတော်တွေနဲ့တကျက်ကျက်ပဲ သူတို့က ဆောင့်အောင့်နေကြတာလေ"

"အလကားနေရင်း"

"အလကားနေရင်းတော့ဘယ်ဟုတ်မလဲ. . . မင်းညီကိစ္စ သူတို့အကြံမအောင်ကတည်းက နီတို့ကို အကြောင်းရှာပြီး ပြဿနာရှာချင်နေတာ"

"ဟင်. . . ဆွေမျိုးအရင်းကြီးတွေကို"

"အင်း. . . မမသင်းရီဇင်ကတော့ မင်းညီကို ဒီလောက်ပြဿနာမရှာပါဘူး. . . နီနဲ့ပင်းယကြောင့် မင်းညီကပဲ လူပေါင်းမှားပြီး ပျက်စီးရသလိုလိုနဲ့ လိုက်ပြောနေတာ"

"နီ စိတ်ညစ်လား"

"မညစ်ပါဘူး. . . ပျော်စရာတောင်ကောင်းတယ်. . . တစ်ယောက်တည်းကို ပြဿနာရှာတာဆိုရင်တော့ စိတ်ညစ်စရာကောင်းမှာပေါ့. . . ခုဟာက တစ်ယောက်တည်းဖြေရှင်းရတာမှမဟုတ်တာ. . . ပျော်စရာကြီး"

"နီရဲ့အဲဒီစိတ်ကလေးက နီ့အဖေနဲ့တူတာဖြစ်မယ်"

"အင်း. . . ဖေဖေတောင် မနက်ကဖုန်းဆက်သေးတယ်"

"ကျွန်တော်သိတယ် ဘေးမှာကျွန်တော်ရှိတယ်လေ"

"ဟုတ်လား ဒါဆို ရှင်က အသံမထွက်ပဲ ငြိမ်နေတာပေါ့"

"ဒါပေါ့"

တစ်ခါတလေတော့ ထိုသုံးမိနစ်တာထဲမှာ သူတို့အလုပ်အကြောင်း စီကာပတ်ကုံးပြောပြတတ်သည်။ နီက နီ့မောင်နှမတွေ၊ သူငယ်ချင်းတွေအကြောင်း ပြောသလိုပေါ့. . .။

"အဲဒီလိုနေရာမှာ နေရတာပျော်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်တယ်ရယ်လည်းမဟုတ်ပါဘူး. . .၊ ကိုယ့်တိုင်းပြည်မှ မဟုတ်တာ. . . ဒါပေမယ့် အလုပ်လုပ်ရတာပျော်တော့ပျော်တယ်. . . အလုပ်လုပ်ရတဲ့နေရာမှာမပျော်တာက အလုပ်အတွက်ကော လုပ်တဲ့သူ အတွက်ပါအကျိုးမရှိဘူး. . . ပြီးတော့စကားပုံတစ်ခုရှိတယ်လေ. . . ပျော်ရာမှာမနေရ၊ တော်ရမှာနေရတယ်တဲ့. . . ဒီတော့ တော်တဲ့ နေရာမှာ ပျော်တဲ့အလုပ်ကလေးလုပ်နေရတာ ကျွန်တော်ကံကောင်းပါ တယ်. . ."

"ပြန်လာဖို့နီးပြီဆိုတော့ ဟိုမှာမခွဲနိုင်မခွာရက်တွေ မကျန်ခဲ့ ဘူးလား"

"ကျန်ခဲ့တာပေါ့ လူဆိုတာ ဘယ်ရောက်ရောက် ကိုယ်နဲ့ သဟဇာတ ဖြစ်တဲ့သူတွေအပေါ်မှာ သံယောဇဉ်ဖြစ်မိတတ် ကြတာပဲ. . . ဒါပေမယ့် ဒါက လောကရဲ့ဓမ္မတာလေ တွေ့၊ ကြုံ၊ ဆုံ၊ ကွဲ. . . တဲ့"

"ဒါဆိုရှင်က တရားသဘောနဲ့ အရာရာကိုရင်ဆိုင်နိုင် နေပြီပေါ့"

"အဲဒီလိုတော့ မဟုတ်ပါဘူး. . . လေ့ကျင့်ယူရတယ်လေ. . . ကိုယ်ကျင့်ယူလို့မရတဲ့ တရားတစ်ခုတော့ရှိတယ်"

"ဘာလဲဟင်"

"နှီ့ အသံကိုမကြားရဘဲ မနေနိုင်တာ"

နှီ ရုတ်တရက်မို့ အရမ်းကာရောကိုရင်ခုန်ချင်သွားရသည်။ သို့သော် နှီ ပြန်ပြီးသတိဝင်လာကာ ဘာမှမဖြစ်သလို ပြန်မေးလိုက်နိုင် သည်။

"ဒါ. . . လူကိုမမြင်သေးလို့"

"ဘာလဲ. . . လူကိုမြင်ရင်လည်း အဲလိုဖြစ်သွားနိုင်တယ်လို့ ဆိုလိုတာလား၊ ဘယ်နှစ်ယောက်လောက်များ ပြုစားထားပြီးပြီလဲ"

"ဟင့်အင်း လူကိုမြင်ရင်. . . အသံပါမကြားချင်ဖြစ်သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ပြောမလို့”

“မဖြစ်လောက်ပါဘူး”

“ဘာဖြစ်လို့လဲ နီ့ကိုမြင်ဖူးလို့လား”

“နီ့ကိုမမြင်ဘူးပေမယ့် နီ့မေမေကိုမြင်ဖူးတယ် နီ့ဖေဖေက ပြောတော့ နီလည်း နီ့မေမေလိုပဲ လှတယ်. . . တဲ့”

နီ ရယ်မိသည်။ ဖေဖေကတော့ ‘စ’ ပါပဲ. . .။ သူ့မှာ နီနှင့် ‘မေမေ’ ကလွဲလျှင် လှသည့်သူတောင်မရှိနိုင်တာ. . . လင်းတည်ထင်မှ မသိပဲ. . .။

တစ်ခါတလေတော့ နီတို့စကားပြောတာ ဆယ်မိနစ်လောက် ဖြစ်သွားတတ်သည်။ထိုအခါကျလျှင်တော့ နောက် သုံးလေးရက်နေမှ ဆက်တတ်သည်။ တစ်ခုတော့ကောင်းသည် ‘လင်းတည်ထင်သည် စည်းကမ်းတော့ရှိပုံရသည်။ လူဆိုသည်မှာ ကိုယ်ချမှတ်ထားသော စည်းကမ်းများကို ကိုယ်တိုင်လိုက်နာဖို့ခဲယဉ်းလှပေသည်။ သူကတော့ မလိုက်နာခဲ့မိလျှင်တောင် အစားထိုးတတ်သည်။ ဒဏ်ပေးသည့်အနေနှင့် သုံးရက်စာပြည့်မှ ပြန်ဆက်တတ်၏

ပို့ပို့ကတော့ သတိရတိုင်းမေးသည်။

“နင်တို့ အခြေအနေက ဘာလဲ”

“ဘာမှမလဲဘူး ဒီအတိုင်းပဲ”

“ဘာလဲ conversation partners လား”

“အင်း very friendly conversation partners ဆို ပိုမှန်မယ်”

“အဲဒီထဲမှာ ဘာစကားမှ ရိုးတိုးရိတ်တိတ်မပါဘူးလား”

“ဘာစကားလဲ?”

နီ. . . ရယ်ပစ်လိုက်သည်။

“ဒါဆို နင်နဲ့မင်းညီက မရိုးမသားကြီးပေါ့ ဟုတ်လား?”

ဒါမျိုးကျတော့လည်း ပို့ပို့ကလက်မခံပြန်. . .။ နီ့ကို အသံတိတ်အတွက်ပို့သသည်။ နီကတော့ အသံတိတ်နေလို့မရ. . .။ဖြေရှင်းရပေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမည်။

"မရိုးမသားတော့မပါ,ပါဘူး၊ ဒီလိုပါပဲ သံယောဇဉ်ရှိတဲ့ စကားတွေတော့ တစ်စွန်းတစ်စ ပြောဖြစ်ကြတာပေါ့"

သူကျင့်လို့မရတဲ့တရားက နီ့ အသံကိုမကြားပဲမနေနိုင်တာ. . . ဆိုသည့်စကားကိုတော့ နီမပြောဖြစ်. .။ တမင်ချန်ထားခဲ့လိုက်ခြင်း ဖြစ်သည်။

"လူတစ်ယောက်နဲ့တစ်ယောက် မမြင်ဖူးပဲဖြစ်တဲ့သံယောဇဉ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဒါက နင့်ကိုယ်နင်ပြန်မေးရမှာလေ နင့်စိတ်ထဲမှာကော အဲဒီလူကို သံယောဇဉ်မဖြစ်ဘူးတဲ့လား"

"သံယောဇဉ်လို့တပ်လို့ ရမရ မေးတာပေါ့"

ပွံ့ပွံ့က စဉ်းစားဟန်ပြုကာ ခဏငြိမ်နေပြီးမှ ပြော၏။

"တချို့ရှိကြပါတယ်. . . လူချင်းမမြင်ဖူးပဲ ဖုန်း နဲ့ ဒါမှမဟုတ်စာနဲ့စသိတာ. . . ပြီးမှ မြင်ဖူးကြတာ နင်တို့လိုအကြာကြီးမမြင်ဖူးပဲပြောနေတာတော့ မဟုတ်ဘူးပေါ့"

"အင်းနော်. . . ငါတို့ကမှ အသံဆိုတော့ emotion ပါဦးမယ် စာနဲ့ရေးတဲ့ သူတွေရဲ့ သံယောဇဉ်က ပိုပြီးမျက်ကန်းဆန်မှာပဲ"

"ဒါပေမယ့် ခုထိ pen pal club တွေက ရှိနေတာပဲ"

"chatroom တွေက ပိုပြီး အဆင်မပြေဘူးလား"

"ဒါက computer အရင်းအနှီးလိုသေးတယ်. . . ဟိုဟာက စာရွက်နဲ့ဘောလ်ပင်ရှိပြီး တံဆိပ်ခေါင်းဖိုးတတ်နိုင်ရင်ရပြီ"

သူတို့စကားတွေက ဘေးရောက်ကုန်ကြသည်။ နီကလည်း နီသိချင်သည့် လိုရင်းကို မရသည့်အတွက် ဘာမှမဖြစ်. . .။ပွံ့ပွံ့ကလည်း ဆက်မမေး။

ညကျတော့ မင်းညီနှင့်ပင်းယက နီ့ကို ခေါ်ထုတ်သွားသည်။

"ပြောစရာရှိလို့" တဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဘာဖြစ်ပြန်ပြီလဲတွေးရင်းက 'ငါ' များပါလားပြန်တွေးမိပြီး နေမထိထိုင်မသာဖြစ်သွားရသည်။ လက်ဖက်ရည်ဆိုင်ရောက်တော့မှ ပင်းယက စကားစ၏။

"နင့်ကို ဇာတ်လမ်းပြောမလို့"

"အန်တီ့ဇာတ်လမ်းလား"

"အင်း"

နီ ဟန်ဆောင်မနေနိုင်ပဲ 'ဟင်း' ကနဲ သက်ပြင်းချမိသည်ကို မင်းညီက ဘာဖြစ်ရတာလဲဟူသော အကြည့်နှင့်ကြည့်၏။မတတ်နိုင်.။ နီမှ ကိုယ့်လိပ်ပြာကိုယ်မလုံတာ. . .။

"ဒါပေမယ့် ဒီအတိုင်းမရဘူး၊ နင်လက်ဖက်ရည်တိုက်၊ နင့်အဖေ နင့်ကို ပိုက်ဆံပို့ထားတာ ငါသိတယ်"

"အမလေး တိုက်တယ် ပြောမှာသာပြော၊ သိချင်လှပြီ ဘာလဲ ကိုကိုမင်းကြည်စင် ပြောလိုက်တာလား"

"ဒါပေါ့ သူ ငါ့လက်ကမလွတ်ပါဘူး ဟားဟား. . . ဟားဟား"

မင်းညီက လူကြမ်းလေသံနှင့် ပြောကာရယ်၏၊ ကိုကို မင်းကြည်စင်တစ်ယောက်. . . မင်းညီကိုဘာများကြောက်ရသည်မသိ။ နီ့မှာတော့ အံ့ဩမဆုံး. . .။

တကယ့်တကယ် ဇာတ်စုံခင်းတော့ ပင်းယကခင်းရခြင်း ဖြစ်သည်။မင်းညီက လက်ဖက်ရည်သောက်ရင်း ပွဲ့ပွဲ့နှင့်ဖုန်းပြောနေသည်။

"ဒီလို. . . နီရ အန်တီငယ်ငယ်က လူတစ်ယောက်နဲ့ကြိုက်ကြတယ်. . . ကြိုက်ပုံကလည်း လူချင်းမမြင်ဖူးပဲ ဖုန်းထဲက ကြိုက်ကြတာ"

မြတ်စွာဘုရား. . .။နီ ဘုရားတကာ ရင်ထဲမသိမသာလှုပ်ခတ်သွားရသည်။ ကိုယ့်အခြေအနေက အန်တီ့လိုတောင်မထူးသေးပါ။ ထူးလာနိုင်ခြေကိုတွေးကာ ရင်တုန်သွားရခြင်းဖြစ်သည်။

"ကြိုက်တာမှ အန်တီ ဆေးကျောင်းမှာ ပထမနှစ်တည်းက

www.burmeseclassic.com



စကားပြောပြီး ကြိုက်ကြတာ၊ အန်တီကျောင်းပြီးတဲ့အထိ မတွေ့ဖူးကြဘူး”

“မတွေ့ဖူးဘူး ဟုတ်လား”

“ဟုတ်တယ်. . . ခါတ်ပုံတောင်မမြင်ဖူးဘူး၊ အန်တီ့အချစ်က အရမ်းကို စိတ်ကူးယဉ်ဆန်တဲ့အချစ်ပဲ”

အရမ်းကို စိတ်ကူးယဉ်ဆန်တဲ့အချစ် . . . တဲ့။

ခု နီတို့ကော စိတ်ကူးယဉ်နေကြတာလား. . .။တစ်ယောက်အသံကို တစ်ယောက်စွဲလမ်းနေကြတာ ။ ဒီအချိန်ရောက်ရင် ဖုန်းမဆက်ပဲမနေနိုင်တာ၊ နီက ဖုန်းမမျှော်ပဲမနေနိုင်တာ. . . ဒါတွေကရော စိတ်ကူးယဉ်မှုပဲလား. . .။နီကတော့ ကိုယ့်ကိုကိုယ် စိတ်ကူးယဉ်သမား မဟုတ်ဟု ထင်ချင်နေသည်။ သေချာတာကတော့ နီ ပင်းယဆက်ပြောသော မည့်စကားများကို နှစ်ရှည်လများစောင့်ခဲ့ရသူပမာ သိချင်လှသော်လည်း ဆက်မကြားရဲဖြစ်နေရလေတော့သည်. . .။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

နို့လို နောက်ထပ်စိတ်ဝင်စားသူတစ်ယောက်ကပုံ့ပုံ့. . ။သူက နို့အကြောင်းသိထားသူလေ. . ။

"ဟယ်. . . ဆက်ပြောပါဦး. . . ငါသိချင်လှပြီ"

"အင်း. . . ဖြစ်ချင်တော့ အန်တီနဲ့ဖုန်းဆက်တဲ့သူကလည်း နိုင်ငံခြားကတဲ့. . ."

"အင်း. . . သူနဲ့ကျမှတိုက်တိုင်ဆိုင်ဆိုင်ပဲ၊ ဘာလဲ အဲဒီလူနဲ့ နင့်အဘိုးနဲ့က အလုပ်တူတူလုပ်တာတဲ့လား. . ."

ပုံ့ပုံ့က ရွဲ့မေး၏။

"ဒါတော့ဘယ်တူမလဲ ဟိုဟာကကျတော့ ဝှက်ဖဲရှိတယ်. . အန်တီ့ဖုန်းနံပါတ်ကို တစ်ယောက်ယောက်ဆီက ရတာတဲ့. . ကူးချင်းသာ

www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘူးတာ၊ အန်တီက ဆေးကျောင်းသူ ဘာညာဆိုတာတော့အဲဒီလူက သိတယ်. . . တဲ့"

"ဩော်. . ."

"အဲဒါနဲ့. . တစ်နေ့ကျ အဲဒီလူက လက်ထပ်ဖို့နိုင်ငံခြားက ပြန်လာမယ်လို့ပြောတယ်တဲ့"

"မတွေ့ဖူးသေးပဲနဲ့. . ."

"အင်း. . . ဒါပေမယ့် အဲဒီအချိန်မှာ သူတို့က ပင်းယအပြောအရဆို ဒီဂရီမြင့်နေပြီ. . . တွေ့ကြလို့ မင်းကုသနဲ့မယ်ကုသ ဖြစ်နေရင်တောင် ယူကြဖို့ကတိထား, ထားတာတဲ့"

"ဩော် အချစ်စစ်ဆိုတာ ဒါမှ အချစ်စစ်ထင်ပါရဲ့"

ပုံ့ပုံ့က ခပ်တည်တည်နှင့်သူ့ကိုယ်သူဆရာမကြီးလေသံနှင့် မှတ်ချက်ချသည်။

"အေး. . . စစ်လွန်းသွားတာ"

"ဟဲ့ ဘာဖြစ်လို့တုန်း"

"အတိုခြုံးပြောရရင်ဟာ မင်္ဂလာဆောင်ဖို့ပြန်လာပြီး တွေ့ကြ၊ ပိုသံယောဇဉ်ဖြစ်ကြနဲ့ တစ်လအတွင်းမင်္ဂလာပွဲလုပ်လိုက်ကြတယ်"

"မြန်လိုက်တာ"

"သူတို့အတွက်ကတော့ ခုနှစ်, နှစ် ရှစ်နှစ်လောက် စောင့်ခဲ့ရတာမို့ ကြာတယ်ထင်နေခဲ့ကြတာကိုး. . ."

"ဒါလည်းဟုတ်တာပဲ"

"ဒါပေမယ့် ပြဿနာက မင်္ဂလာပွဲကျမှ စတာ"

"ဟင် ဟုတ်လား ဘာဖြစ်တာလဲ အဘွားကသဘောမတူတာလား"

"မဟုတ်ဘူး မင်္ဂလာပွဲကျမှ အဲဒီလူမှာ မိန်းမရှိနေမှန်းရိပ်မိပြီး အဲဒီမိန်းမက မင်္ဂလာပွဲကို လာဖျက်သွားတာလေ"

"ဘုရာ. . . ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ပုံ့ပုံ့က ရင်ဘတ်လေးဖိကာဘုရား တ၏။ နီ့တုန်းကဆိုပြောမနေနှင့်။ ကတုန်ကရင်ဖြစ်ကာ လဲချင်ချင်ပင်ဖြစ်သွားရသည်။ မိန်းမရှိပြီးသားလူတစ်ယောက်ကို ယူမိရုံမျှမက မင်္ဂလာပွဲထိ အရှက်ခွဲခံခဲ့ရသောအန်တီ့အဖြစ်ကို နီ တွေးပင်မတွေးရဲ. . .။ အန်တီက တကယ်မာကျောပါသည်။ တစ်ဘက်လူက ရှင်းပြရန်အမျိုးမျိုးကြိုးစားသော်လည်းလက်မခံခဲ့။ပင်းယအပြောအရတော့ တစ်မျိုးလုံးတစ်ဆွေလုံး ပွက်လောရိုက်ကုန်ကာ အန်တီ့ကိုလည်း မဆင်ခြင်ရကောင်းလား၊ ဉာဏ်နည်းရကောင်းလား၊ အ,ရကောင်းလား၊ အရှက်ခွဲရကောင်းလား ဖြစ်ကုန်သည်. . . ဟုဆိုသည်။

အန်တီလည်း ကိုယ့်ကိုယ်ကို မနည်းပြန်ထူမတ်ခဲ့ရပြီး ဆရာဝန်ဘဝကိုပါ စွန့်လွှတ်ခဲ့လိုက်သည်။ ထိုအသိုင်းအဝိုင်းမှဝေးရာ တခြားစီးပွားရေးလုပ်ငန်းတစ်ခုကိုတည်ထောင်ကာ ဘဝပါပြောင်းပစ်ခဲ့လိုက်သည်။

"အဲဒီကတည်းက အန်တီက ဖုန်းသံမကြားနိုင်တဲ့ စိတ္တဇ ရတော့တာ"

"ဩော်. . . ဒါကြောင့်လား"

"မင်းညီတုန်းက ခေါ်မေးတာကလည်း ဟိုဘက်အိမ်က အဲလိုဖြသနာရှာလို့၊ ဒါပေမယ့် နင်က ငါ့သူငယ်ချင်းဖြစ်နေတာရော လူချင်းလည်း သိတယ်ဆိုတာရောကြောင့် ခွင့်လွှတ်လိုက်တာ"

"အင်း. . . မင်းညီကို ခွင့်လွှတ်လိုက်ပေမယ့် နင်နဲ့ကတော့တကယ့်ကွက်တိရယ်မှ ကွိတက်ပဲ"

"အစစ်ပဲ ပုံ့ပုံ့ရယ် နီ အဲဒါစိတ်ညစ်နေတာ"

ပုံ့ပုံ့က နီ့စကားကြောင့် မချိမချဉ်ပြုံး၏။

"ဘာစိတ်ညစ်စရာရှိလဲ၊ နင်နဲ့လင်းတည်ထင်က ဘာမှ,မှ မဖြစ်သေးတာ"

နီ မျက်စောင်းထိုးမိသည်။ သူပြောပုံက နီကပဲ ကြိုမြှော်လင့်



www.burmeseclassic.com

www.burmeseclassic.com


ပြီးစီးရိမ်နေသလို. . .။ဟုတ်နေသည့်တိုင် နီ အပြောမခံနိုင်. . .။

"မပူပါနဲ့ အဲဒီလူက. . ., လင်းတည်ထင်ကိုပြောတာနော်။ သူက နင့်အဖေနားကလူပဲ"

"မပူပါဘူး"

နီ တမင် မျက်စောင်းထိုးကာပြောလိုက်၏ပြီးမှ. . .

"သူက ပြန်လာတော့မှာ နောက်နှစ်လလောက်ဆို ရောက်ပြီ"

"ဟုတ်လား ဒါဆိုလည်း အဲဒီတော့မှကြိုက်ဟာ၊ နှစ်လလောက်တော့ တောင့်ခံထား"

ပွဲပွဲ့စကားကြောင့် နီ ပိုစိတ်တိုသွားရသည်။

"နင်ပြောပုံက ငါကပဲ ခုတည်းကကြိုက်နေသလို. . ."

"အေး. . . မှားလို့. . . ကြိုက်တာမဟုတ်ဘူး၊ သံယောဇဉ်တွယ်မိတာ"

ပွဲပွဲ့က စကားကို ပြင်ပေးသော်လည်း လေသံက 'ရိ' သံ. . .။ ပြီးမှ မျက်နှာကိုပြန်တည်ကာ နီ့ကိုပြော၏။

"ကဲပါ ငါအတည်ပြောပါ့မယ်. . . နင်လည်းမညာပါနဲ့ နင်အဲဒီလူကိုစိတ်ဝင်စားရင်ခုနှိမ်မှာပါ. . . ဟိုကလည်း တော်ရုံသံယောဇဉ်နဲ့တော့ ဒီလောက်ဒုက္ခမခံပါဘူး. . . ပြီးတော့ တစ်နေ့နေ့တစ်ချိန်ချိန် အန်တီတို့လိုကြိုက်သွားနိုင်တာလည်း မမေ့နဲ့. . . အဓိက,က အန်တီ့လို မဖြစ်အောင်ကြိုးစား"

"အေး. . . ကြိုးစားရမှာပဲ၊ ဖြစ်လို့တော့မဖြစ်ဘူး ငါ့ကို အမေနဲ့ ပတ်သက်ပြီးပြောချင်ရတဲ့အထဲ၊ အန်တီ့လိုပါဖြစ်ရင် ငါကော အန်တီကော ကောင်းတော့မှာမဟုတ်ဘူး"

"တစ်ခုတော့ရှိတယ်"

"ဘာလဲ"

"သူက နင့်အဖေနဲ့ အလုပ်တူတူလုပ်နေတာတစ်ခုတော့ အားသာတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမယ့် သူ ဆက်, ဆက်နေတာ ဖေဖေမသိဘူး"

"ဘာလို့လဲ. . . အသိမပေးတာလား"

"အင်း. . . အသိပေးသင့်ပေမယ့် မပေးချင်သေးလို့တဲ့"

ပုံ့ပုံ့က မျက်လုံးလေးထောင့်ကပ်ကာစဥ်စား၏။

"အဲဒီစကားက အဓိပ္ပာယ်နှစ်ခုရတယ်"

"အင်း. . . ငါလည်းတွေးမိတယ်"

"တစ်ခုက လူငယ်သဘာဝကိစ္စ လူကြီးကိုမပြောချင်တာ၊ တစ်ခုကတော့"

ပုံ့ပုံ့က အားနာသလို နီ့ကို ကြည့်၏။စကားကိုမဆက်သေး။

"ရတယ် ဆက်ပြော၊ ငါလည်းတွေးထားတယ်"

"တစ်ခုက သူ့အကြောင်းတွေကို နင့်အဖေကသိသင့်သလောက်တော့ သိမှာပဲလေ. . . ဒါကြောင့် မပြောရဲတာလည်းဖြစ်နိုင်တယ်လို့ တွေးမိတာ"

"ငါက နင့်ထက်တောင် ဆိုးသေးတယ်၊ ဒါပေမယ့် မပြောတော့ပါဘူး"

နီလည်း နီ့ စိတ္တဇနှင့်နီ တွေးတော့တွေးမိတာအစုံပင်. . .။ တစ်ခါတည်းကို အတွေးမျိုးစုံဝင်ရင်ဝင်လာတတ်သေးသည်။သေချာတာကတော့ နီ ဘာလုပ်ရမှန်းမသိ. . .။ နီတို့ဖုန်းပြောကြစဥ် တစ်ယောက်အကြောင်းတစ်ယောက်ပြောပြတတ်ကြပေမယ့် ပြည့်ပြည့်စုံစုံ မဟုတ်။ သူက ခုဆို အစ်ကိုကော၊ အစ်မကောအိမ်ထောင်နှင့် တခြားကိုရောက်နေကြပြီမို့. . . တစ်ဦးတည်းသောသားပမာ ဖြစ်နေသည်ဟုဆိုသည်။ အဖေနှင့်အမေကတော့ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့မှာတဲ့။ အမေက ရှမ်း၊ အဖေက ဗန္ဓ ဟူသော သူ့ရုပ်ရည်ကို နီ အိပ်မက်,မက် ကြည့်နေမိတာတော့ ဝန်ခံရမည်။

"ငါ. . . အကြံတစ်ခုရတယ်"

"ပြောပါဦး ပုံ့ပုံ့ရယ်"


www.burmeseclassic.com

www.burmeseclassic.com



"ခု ကိစ္စတွေ နင် သူ့ကို ပြောပြပါလား"

နီ ခေါင်းခါမိ၏

"နင်နဲ့မင်းညီလို အေးအေးဆေးဆေးစကားပြောခွင့်ရတာ မဟုတ်ဘူး. . . တစ်ခါမှ သုံးလေးမိနစ်ပြောရတာ. . . ကျော်သွားရင် နောက်သုံးလေးရက် မပြောရတော့ဘူး၊ အဲလောက်အချိန်အတွင်းမှာ ငါ ဂယနဂဏ ရှင်းပြလို့လွယ်ပါ့မလား"

"မလွယ်နိုင်ဘူးလား"

"ကြိုးစားကြည့်မယ်၊ ဘာထူးမှာလဲ"

"ဘာထူးမှာလဲဆိုတော့ သူ ဘာမှတ်ချက်ပေးမလဲ နားထောင်ပေါ့. . . ပြီးတော့. . . ဘယ်လိုဖြစ်မလဲ စောင့်နားထောင်ပေါ့ဟာ"

"အင်းနော်. . . "

နီ ပုံ့ပုံ့အကြံကိုလက်ခံပါသည်။ ခက်တာက ဘယ်ကစပြီး ပြောရမှန်းမသိတာဖြစ်သည်။ နီတို့က ဘာဖြစ်ဖြစ် ပြောတော့ ပြောဖြစ်နေကျပင်. . . အန်တီ့ကိစ္စက နီတို့နှင့်ဆင်နေတာမို့ လမ်းကြောင်းရာကျမလား၊ မသက်ာရာကျမလား၊ အန်တီ့ကိုအထင်သေးသွားနိုင်လား စသဖြင့် နီတွေးနေမိသည်လည်းပါသည်။

နီလည်း အန်တီ့လိုတော့ မဖြစ်ချင်ပါ။သို့သော်. . . ထိုအဖြစ်အပျက်တွင် အန်တီ့မှာ အပြစ်မရှိဟု နီ မြင်သည်။ အဘွားတို့က ဘာကြောင့်များ အားငယ်ရှက်ရွံ့နေမည့်သမီးကိုအားမပေးခဲ့ပဲ ဝိုင်းဝန်းပြစ်တင်ရှုံ့ချခဲ့လဲ. . . နီ မတွေးတတ်. . . ။မေမေ့တုန်းက ပြစ်တင်ရှုံ့ချခံရသည်ဆိုသော်လည်း မေမေ့မှာက အားကိုးစရာ ဖေဖေတစ်ယောက်လုံးရှိခဲ့သည်။ အန်တီကတော့ ကိုယ့်ဘာသာကိုယ် အတော်အားယူထူမတ်ခဲ့ရရှာလိမ့်မည်။

"နင် ဘာစဉ်းစားနေတာလဲ"

"အန်တီ့အကြောင်းပါ"

"အင်း. . . ငါလည်းစဉ်းစားနေတာ၊ ဟိုလူက ရှင်းပြမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com


တာဘာကိုရှင်းပြမှာလဲ. . . အဖတ်ဆယ်လို့မရတော့တဲ့သိက္ခာအတွက် ဘာများဖာထေးပေးနိုင်မှာမို့လဲလို့ စဉ်းစားနေတာ"

အရေးထဲ ဒေါ်ပွံ့ပွံ့က တစ်မျိုးတွေးသည်။ သူတွေးတာမှန်သည်ပဲ. . .။ နီ သာဆို အန်တီ့လိုစိတ်မမာတာနှင့်ပင် ပြန်ရှင်းတာကို လက်ခံနားထောင်မိမလားမသိ. . .။တကယ်တော့ ပွံ့ပွံ့ပြောသလိုပင် ဘာမှမထူးနိုင်တာကတော့သေချာလေသည်။

နီတို့နှစ်ယောက်သားစကားသံများ တိတ်ဆိတ်သွားကြသည်။

အဝေးဆီကိုငေးရီလျှက် ထိုင်နေမိကြ၏။ ဒီနေ့ကျကာမှ မင်းညီက သူ့အခြားကိစ္စတစ်ခုနှင့် ကျောင်းမတက်နိုင်. . .။ကျောင်းဆင်းမှသာ ပွံ့ပွံ့ကို လာကြိုမည်ဖြစ်သည်။ပင်းယကလည်း သူ့အလုပ်ကိစ္စအတွက် ကျောင်းနောက်ကျနေသဖြင့် အတန်းထဲမှာ စာကူးနေသည်. .။သူ့ကောင်မလေးက သူ့ကိုစာကူ,ကူးနေသဖြင့် နီနှင့်ပွံ့ပွံ့နှစ်ယောက်တည်းဖြစ်နေရသည်။

ဘယ်သောအခါမှ ကြိုတင်မျှော်လင့်ခန့်မှန်းလို့မရတတ်သည့် အနာဂါတ်အတွက် နီ ဘယ်တုန်းကမှ တွေးမပူခဲ့ပါဘူး. . .။ ခုကျကာမှ နီ မနက်ဖြန်တိုင်းအတွက် ပူပင်နေရချေပြီ. .။ နီ့ဘေးမှ ပွံ့ပွံ့ကတော့ နီနှင့်တော့တူနိုင်လိမ့်မည်မထင်ပါ. . .။

❄ ❄ ❄


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၅)

ဒီနေ့ လင်းတည်ထင် ဖုန်းဆက်မည့်နေ့ဖြစ်သည်။ကျောင်းပိတ်ရက်မို့ နီ အိမ်ထဲမှာပဲ အခန်းအောင်းနေခြင်းဖြစ်၏။ ခါတိုင်းတော့ ပုံ့ပုံ့နှင့်စကားပြောနေကျ. . .။ဒီနေ့တော့ ဖုန်းလာမှာကို သိနေသော ပုံ့ပုံ့က ညကျမှ ဆက်မည်ဟုဆိုသည်။

မနက်စာ စားပြီးပြန်အတက်တွင် ဖုန်းကလေးတုန်ခါလာ၏။ ကပျာကယာဖုန်းကိုကြည့်တော့ unidentified number . . . ။နီ အခန်းတံခါးကို ဆွဲပိတ်ကာ ဖုန်းကို ထူးလိုက်၏။

"ဟဲလို"

"သမီးလား"

မျှော်လင့်မထားဘဲဖေဖေ့အသံကြားလိုက်ရ၍ နီပေ့ပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဖေဖေ"

"အေး. . . နေကောင်းလားသမီး"

"ဟုတ်. . . ဖေဖေကော"

"ကောင်းပါတယ် သမီးရဲ့၊ အိမ်ကိုသွား,သွားကြည့်ရဲ့လား"

"သွားပါတယ်. . . ဆယ်ရက်ဆယ့်ငါးရက်တစ်ခါတော့သွားတယ်. . . ပင်းယတို့နဲ့"

"အေး. . . အိမ်ဆိုတာနေတဲ့လူမရှိရင် ပျက်စီးတတ်လို့ အိမ်လေးက သမီးမေမေ နေသွားတဲ့အိမ်မို့ ဂရုစိုက်ပါကွယ်"

"ဟုတ်ကဲ့ပါဖေဖေ. . . ဩော်. . . ဖေဖေ"

နီ လင်းတည်ထင်အကြောင်းမေးမည်ပြုပြီးမှ ဘယ်လိုမေးရမှန်း မသိတာနှင့်ငြိမ်သွားရသည်။ ပြီးတော့ ဟိုတစ်ခါဖေဖေဆက်တုန်းက လို ဘေးမှာ သူရှိမနေဟု မပြောနိုင်. . .။

"ပြောလေသမီး. . . ဘာလဲ"

"ဟိုလေ. . . ဟို ဖေဖေနေရတာအဆင်ပြေလားလို့ ဖေဖေ့ကို ပြုစုမယ့်သူမရှိဘူးမဟုတ်လား"

ဖေဖေကရယ်၏။

"ဖြစ်ရလေသမီးရယ်. . . ဖေဖေဒီလိုပဲနေလာတာ ဘာအဆင် မပြေစရာရှိလဲ၊ ခုဆို ဒီမှာက လုပ်ဖော်ကိုင်ဖက်ဆိုတာ မိသားစုလိုပဲလေ အဆင်ပြေပါတယ်"

နီ လိုချင်သောအဖြေကိုမရ။

ဖေဖေက သူမှာစရာရှိတာတွေကိုမှာသည်။ ပြီးတော့ မေမေ ဆုံးတာ ခုနှစ်နှစ်ပြည့်တော့မှာမို့ မေမေ့အတွက် အလှူလုပ်ခိုင်းသည်။ အိမ်မှာပြန်ပြီးဆွမ်းကပ်တဲ့. . .။နီတော့ မကြီးတို့ကို ဒုက္ခပေးရဦးမည်။ အရင်ကတော့ဖေဖေက စီစဉ်သည်။ နီက တာဝန်ယူလုပ်ပေးရုံသား။ ဖေဖေ ဖုန်းချသွားပြီး ခဏကြာတော့ ဖုန်းထပ်ဝင်လာသည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"နီလား"

"ဟုတ်. . . စောစောကတောင် ဖေဖေဖုန်းဆက်သေးတယ်"

"ဟုတ်လား ဒီတစ်ခါတော့ ကျွန်တော်မသိဘူး၊ ကျွန်တော် အပြင်ရောက်နေတယ်. . . ဒီနေ့နားရက်လေ"

"ဩော်. . . အပြင်ထွက်လည်တာလား"

"လည်တာထက်. . . လိုတာထွက်ဝယ်တာပေါ့"

"တစ်ယောက်တည်းလား"

"မဟုတ်ဘူး အလုပ်က ဒီနေ့ off ရတဲ့လူ ငါးယောက် စုထွက်လာတာ"

"ဟုတ်လား. . . ဘာတွေဝယ်လဲ"

"စားစရာ၊ ပြီးတော့ ကုန်နေတဲ့သွားတိုက်ဆေးတို့၊ after shave တို့ ၊ hair cream တို့ အစုံပဲ"

"ပြန်လာခါနီးပြီပဲ၊ တချို့ဟာတွေမဝယ်နဲ့ပေါ့"

လင်းတည်ထင်ကရယ်၏။

"ပြန်လာခါနီးလည်းဝယ်ရမှာပဲ. . . ဒါပေမယ့် ပြောစရာရှိတာ အရင်ပြောရဦးမယ်"

"ဘာလဲဟင်"

"ကျွန်တော်တို့ project က နောက်ထပ် (၆) လ extension တဲ့၊ ဒါကြောင့် ကျွန်တော်ပြန်လာဖြစ်ဦးမှာမဟုတ်ဘူးလို့ပြောမလို့"

"ဟုတ်လား"

ဟုတ်လား ဆိုသည့် နီ့ အသံက တော်တော်လေးအားနည်းနေတာ. . . နီ့ ဘာသာနီသိသည်။ ပုံ့ပုံ့၏ နှစ်လလောက်တော့ ဟူသော စကားကို ပြန်ကြားမိရင်း နီ မဲ့လိုက်မိသလားပင် မသိ။

"နီ. . . နီ"

"ရှင်. . ."

"ဩော်. . အသံပျောက်သွားလို့ ဖုန်းများကျသွားလာလို့"



www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ပါဘူး၊ နီတွေးနေတာပါ နောက်ထပ်(၈) လလောက် နေမှ ပြန်လာရတော့မှာပေါ့လို့တွေးနေတာ"

"ဟုတ်တယ် ကျွန်တော့်အတွက်ကတော့ နီနဲ့မတွေ့ရတာတစ်ခုပဲ အဆင်မပြေတာပါ. . ဒါပေမယ့် ဖုန်းတော့ပြောဖြစ်နေမှာပဲလေ"

"ခုလို နီ့ဆီ ဖုန်းဆက်တာ ရှင်ပိုက်ဆံမကုန်ဘူးလား"

"အပြင်ကဆက်ရင်တော့ကုန်တာပေါ့၊ ရုံးကအဆောင် hall က ဆက်ရင် မကုန်ဘူး အကုန်သက်သာတယ်၊ ဘာလို့မေးတာလဲ ဒါကကိစ္စမှ မဟုတ်တာ"

"မဟုတ်ပါဘူး၊ နီအားနာလို့ ရှင့်မှာက ရှာကျွေးရမယ့်မိဘတွေ ရှိတယ်မဟုတ်လား"

"ဖေဖေနဲ့မေမေကိုတော့ ပို့ရတာပေါ့၊ ဒါပေမယ့် သူတို့က အရမ်း စိတ်ချရတယ် ပိုက်ဆံတစ်ခါပို့ထားရင်သုံးမကုန်တော့ဘူး၊ ထပ်ထပ်မေး နေရတယ်"

"တခြားထောက်ပံ့စရာရောမရှိဘူးလား"

"ဆွေမျိုးတွေ ဘာတွေလား ရှိတယ်၊ ဒါပေမယ့် ကျွန်တော့် ဆွေမျိုး တွေက ကျွန်တော့်ထက်ချမ်းသာကြတယ်"

လိုရင်းမရောက်ခြင်းတွေက ထူထပ်လာနေပြီ. . .။နီ စိတ် လျှော့ရုံသာ ရှိတော့၏။ အရှေ့မှာချထားသော digital နာရီလေး၏ ညွှန်ပြချက်အရလည်း အချိန်ကုပြည့်တော့မည်။ နောက်တစ်ခါကျမှ အန်တီ့အကြောင်းပြောရတော့မည်ဟုတွေးလိုက်မိသည်။ ခက်တာက အကြောင်းအရာမသင့်ဘဲ ပြောရခက်နေတာဖြစ်သည်။

"ကျွန်တော် ပြန်လာရင်နီ့ကို ပေးဖို့ဆိုပြီး ဝယ်ထားတဲ့ ပစ္စည်းတွေ ကျွန်တော်လူကြုံနဲ့ပေးလိုက်ချင်တယ် ရမလား"

"အာ. . . မပေးပါနဲ့. . . ရတယ်. . . မပေးနဲ့"

"အဲလိုတော့မလုပ်ပါနဲ့၊ နောက်ထပ် (၈) လမစောင့်နိုင်လောက် အောင် ပေးချင်နေပြီမို့ပါ"


www.burmeseclassic.com

www.burmeseclassic.com



"အာ. . . နီ အဲဒါတွေ မလိုချင်ပါဘူး"

"ဘာတွေလဲဆိုတာ နီသိလို့လား? ၊ နီက ဘာလိုချင်တာလဲ"

"ဘာတွေဆိုတာနီမသိပါဘူး၊ နီလိုချင်တာက စစ်မှန်တဲ့ခင်တွယ်မှုပါပဲ. . . ဒီလောက်ဆို နီကျေနပ်တယ်"

"ဒါက ပြောစရာမှ မလိုတာ ကျွန်တော့်ရဲ့အစစ်အမှန်တရားက နီပဲ"

"ရှင်. . ."

အဲဒါ ဘာအဓိပ္ပါယ်ပါလဲ ကိုလင်းတည်ထင်. . .။နီက အရိပ်ပြအကောင်မြင်တတ်သူမဟုတ်. . .။ အကောင်လုံးပြမှ အရိပ်လောက်ထင်ချင်တာကိုတောင်သံသယဝင်ချင်သူ. . .။

"ကျွန်တော့်ရဲ့ အစစ်အမှန်တရားက နီပဲလို့ပြောတာ ဒါပဲနော်"

ဖုန်းက ကျသွားခဲ့သည့်တိုင် နီ မလှုပ်နိုင်သေး။ တတူတူမြည်နေသော လိုင်းကျသံကိုနားခံကာ နီ ငြိမ်သက်နေမိသည်။တကယ်တော့ နီဟာ ခပ်တုံးတုံးကောင်မလေးပါ ဆိုတာ နီ့ဘာသာနီ တစ်ခါတစ်ခါတော့ သတိပြုမိပါသည်။ခုလောက်ထိတော့ နီ ကိုယ့်ကိုကိုယ် ဉာဏ်မမီတတ်သူဟုတစ်ခါမှ မတွေးဖူးခဲ့. . .။ သူ ဘာကိုဆိုလိုသွားတာပါလိမ့်. . .။

နီ. . . အနည်းငယ်ကျန်သောအားအင်နှင့် ဖုန်းကလေးကို ပိတ်ပစ်လိုက်၏။ ပြီး အရုပ်ကြိုးပြတ်သူတစ်ယောက်ပမာ နီ ကုတင်ပေါ် ပျော့ခွေနေမိတော့သည်။ ဘာဆိုဘာမှ ဆက်လုပ်ရန်အားမရှိတော့သူပမာဖြစ်သွားရခြင်းအပေါ် ကိုယ့်ကိုကိုယ်လည်း အားမရ ဤမျှအထိ နီ့ကို အားအင်ယုတ်လျော့သွားစေသော အရာသည်. . . ဘာလဲ?. . . လင်းတည်ထင်လား?၊ သူ၏စကားလုံးများလား? ဒါမှမဟုတ် နီ တစ်ခါမှ မသိခဲ့ဖူးသော 'အချစ်' ဆိုတာလား. . .?။

တချို့ကတော့ 'အချစ်' ကို ရင်ခုန်ခြင်းဟုတင်စား[illegible]သည်။ တကယ်ဆို ဒီလိုအချိန်ဟာ ရင်ခုန်နေသင့်တဲ့အချိန် မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ရင်ခုန်သံက ပါးလျတိုးသက်သွားသလို ပျော့ခွေသွားခဲ့ရသည်။

"နီ. . ."

အပြင်မှ ခေါ်သံတိုးတိုးနှင့်အတူ မကြီး၏ တံခါးခေါက်သံကိုပါ ကြားရ၏။ နီ မထူးမိ။ နီ ရှိနေတယ်ဟူသော စကားလုံးကိုပြောဖို့ပင် နီ အသံ မထွက်နိုင်လောက်အောင် ဖြစ်နေရသည်။

မကြီးက နီမရှိဘူးအထင်နှင့် ပြန်ထွက်သွား၏။

နီက . . . အခန်းကို အမြဲလော့ခ်ချထားတတ်သဖြင့်သာတော်တော့သည်။ ခုချိန်မှာ နီဘာကိုမှ လုပ်လိုစိတ်မရှိ. . .။ဘာကြောင့်လဲဟု မေးလျှင်ပင် အဖြေရှိပါမည်လားမသေချာ။ အကောင်းဆုံးက နီ မရှိချင်ယောင်ဆောင်နေတာ ဒါမှမဟုတ် အိပ်ပျော်ချင်ယောင်ဆောင်နေတာ အကောင်းဆုံး။

"ကျွန်တော့်ရဲ့ အစစ်အမှန်တရားက နီပဲ. ." တဲ့။

ဒါဆို နီ့အစစ်အမှန်တရားက ဘာလဲ?၊ နီ မသိပါ။ တကယ်ဆို နီ့ အစစ်အမှန်တရားကလည်း 'လင်းတည်ထင်' ဖြစ်နေသင့်သည်ဟု မထင်ဘူးလား. . .။နီ ကောက်ကာငင်ကာ မင်းညီကို ခေါ်လိုက်သည်။

"နင့် အစစ်အမှန်တရားကဘာလဲ"

"ဘယ်သိမလဲ. ." တဲ့။

ပြတ်သားပါပေ့. . .။နောက်တစ်ယောက်။ ပုံ့ပုံ့. . .။

"ပုံ့ပုံ့ နင်အစစ်အမှန်တရားကဘာလဲ"

ပုံ့ပုံ့က ကြောင်တောင်တောင်နှင့်ဖြေရှာသည်။

"တရားမျှတမှု" တဲ့. .။

နီ့ အလကားနေရင်းရယ်ချင်မိသွားရသည်။ လာလေ့. .။ ခုတစ်ခါ ပင်းယအလှည့်. .။

"ပင်းယ"

"ဘာလဲ"

"နင့် အစစ်အမှန်တရားကဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



" Buddhism " တဲ့။

ပင်းယအဖြေကတော့ နို့ကို အရမ်းကို ငြိမ်သက်သွားစေသည်။ ကျေးဇူးတင်ပါသည် ပင်းယ. . .။ဟုတ်သည်လေ. . .။ လောလော ဆယ် နီလုပ်သင့်လုပ်ထိုက်တာတစ်ခုပဲရှိတော့သည်။ ဘုရားတရားနှ ငြိမ်းအေးရာကို ရှာခြင်းပဲပေါ့. . .။

သို့သော် ငြိမ်ငြိမ်သက်သက်ကလေး ကျွမ်းကျင်စွာလှုပ်ရှားသွား လာဝင်ထွက်နေသော အင်အားမဲ့စိတ်တို့ကိုတော့ တရားရေအေး ကလည်း ချက်ချင်းငြိမ်းသတ်နိုင်လိမ့်မည်မဟုတ်ပါ. . .။ သမားတော် ဟု လူတကာ က ခေါ်နေသော 'အချိန်' သည်ပင်အားကိုးရာဖြစ်တော့ မလား။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဘယ်လိုပဲဖြစ်နေနေ. . နောက်နှစ်ရက်ကြာလို့ လင်းတည်ထင် အသံပြန်ကြားလိုက်ရတာနှင့်နီစိတ်တွေပြန်လည်လန်းဆန်းသွားရပြန်သည်။ နီလည်း ဘာလိုလိုနှင့် သူ့အသံသူ့စကားလုံးတွေထဲမှာ နစ်မြုပ်တာ အန်တီ့ကိစ္စကိုပြောဖို့မေ့သွားရတော့၏။ ပုံ့ပုံ့က ပြောပြီးပြီလားဟု သတိတရမေးလာမှပင် ကိုယ့်ကိုကိုယ် မေ့နေမှန်းသိတော့သည်။ ပုံ့ပုံ့ တတော့ ဖုံ့အချိန်မရဘူးဟုထင်ကာ ဘာမှပြန်မပြော. . ။ သူပြန်မလာ နိုင်သေးကြောင်းကိုတော့ ပုံ့ပုံ့ကို ပြောပြဖြစ်သည်။ ပုံ့ပုံ့က အလန့်တကြား နှင့်. . . ။

"ပြန်မလာနိုင်သေးဘူး. . . ဟုတ်လား"

"ဟုတ်တယ်. . . နောက်ထပ် ခြောက်လ extension တဲ့"


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို နောက် ရှစ်လနီးပါးစောင့်ရဦးမှာပေါ့"

"အင်း. . ."

"နင့်ဟာက ဟုတ်ရဲ့လားဟယ်၊ နင့်အဖေကိုမေးပါဦး"

ပုံ့ပုံ့ထိုသို့မေးတော့မှ ဒီလိုလည်းထင်လို့ရပါသေးလားလို့ တွေးမိတော့သည်ထိ နီက . . သူနှင့်နောက်ထပ်ရှစ်လအတွင်း မတွေ့နိုင်သေးမှာကိုဘဲ စိုးခဲ့တာကိုသတိရမိသည်။

"ဖေဖေ့ကိုဘယ်လိုမေးမလဲ"

"ဒီလိုပဲ တည့်တည့်မေးပေါ့"

"တည့်တည့်မေးဖို့က အားလုံးကိုပြောပြရမှာ၊ ငါမပြောရဲဘူး၊ ကြောက်တယ်"

"ဒါဆို လှည့်ပတ်မေး"

"တစ်ခါ လှည့်ပတ်မေးပြီးပြီ. . သူ့ဘေးနားမှာဘယ်သူရှိတယ်ဆိုတာသိရအောင်မေးတာ၊ ဒါပေမယ့် လိုရင်းမရောက်ပါဘူး"

"အင်း. . . ခက်တာက ဖွင့်လည်းမပြောရဲ. . . မေးရမှာလည်းခက်နဲ့ မတတ်နိုင်ဘူး. . . ကြုံတဲ့အထိသာထိုင်စောင့်ပေတော့. . . စကားမစပ် ဆိုပြီးမေးလို့မရမှတော့ စကားစပ်အောင်စောင့်ရတော့မှာပေါ့ကွယ်"

ပုံ့ပုံ့က စိတ်ပျက်အားလျော့သောလေသံနှင့်ပြော၏။ နီက သူထက်ပင် အားလျော့ချင်နေတာ သူသိမှသိပါလေစ. . . ။ထို့ကြောင့် စကားကိုလွှဲလိုက်ရ၏။

"သြော်. . . ပြောရဦးမယ်"

"ဘာလဲ. . ."

"မေမေ့နှစ်လည်ဆွမ်းကပ်ဖို့အတွက်လုပ်ရဦးမယ်. . . ငါ့ကိုကူဦးနော်"

"ဘယ်မှာကပ်မှာလဲ"

"ထုံးစံအတိုင်း အိမ်မှာပေါ့. . . ဖေဖေက အိမ်ကလွဲပြီး


www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းတောင်လက်ခံတာမဟုတ်ဘူးလေ"

"ဒါဆို ငါတို့သွားအိပ်ရမှာပေါ့"

"ဒါပေါ့ ရှင်းရလင်းရဦးမှာလေ"

"ပျော်စရာကြီး၊ ကောင်းတယ် မင်းညီပါ, ပါမယ်မဟုတ်လား"

"အင်း. . . သူတို့ကိုလည်း ချောဆွဲရမှာပဲ"

နီတို့ နှစ်ယောက်သားအာရုံပြောင်းသွားကာ ဆွမ်းကပ်ဖို့ပါးစပ်နှင့်အရင်အစီအစဉ်ဆွဲ၊ အကွက်ရိုက်ကြသည်။

တကယ်ဆွမ်းကပ်ကြတော့ အန်တီပွင့်သီကော၊ မကြီးတို့ပါ, ပါသဖြင့် ပုံ့ပုံ့မလာတော့ဟုငြင်းနေသဖြင့် မနည်းခေါ်ရသည်။ ဘာပဲဖြစ်ဖြစ်၊ ထိုနေ့က အလှူတစ်ခု မေမေ့အတွက် အထ,မြောက်သွားရုံမက အန်တီနှင့်ပုံ့ပုံ့ပါ အဆင်ပြေသွားခဲ့သည်ကတော့ မင်္ဂလာနှစ်ပါးပင်. . ။ အမင်္ဂလာက ညနေကျမှ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဆူဆူညံညံအသံများကြောင့် နီ အခန်းထဲလှဲနေရာမှ ထ လိုက်မိသည်။ အပြင်ရောက်တော့ အပြင်မှာဘယ်သူမှ မရှိ. . ။ခြံထဲလောက်မှလာသောအသံများဖြစ်နိုင်သည်ဟုတွေးကာ ဝရံတာထွက်ကြည့်တော့မှ ပင်းယ၊ မင်းညီ တစ်ဘက်ခြံမှ နီမသိသော နို့အစ်ကိုနှစ်ယောက်နှင့် အစ်မ တစ်ယောက်၊ (မင်းညီအထက်မှ သင်းရီဇင်ဖြစ်နိုင်သည်) ၊ ပြီးတော့ ဒီဘက်က မကြီးနှင့်အန်တီ၊ ကိုကို. . နီမှလွဲလျှင် လူစုံပင်. . . ။

ဘာဖြစ်နေကြမှန်းမသိသော်လည်း သေချာတာကတော့ ပင်းယနှင့်တစ်ဘက်ခြံ ပြဿနာဖြစ်နေတာဖြစ်နိုင်သည်။ ခဏနေကျတော့ ပင်းယကို ပြန်ဆွဲကာခေါ်လာခဲ့ကြတာတွေ့သဖြင့် နီ အဝ က ထွက်ကြိုဖြိသည်။

"ဘာ. . . ဘာဖြစ်တာလဲဟင် မကြီး"

"ပင်းယလေ"

မကြီးက ဘာပြောရမှန်းမသိ၍ 'ပင်းယလေ' ဟုသာဆိုင်သည်. . . ။ မင်းညီကတော့ လက်ထဲမှဆွဲလာသောအိတ်အကြီးကြီးကို

www.burmeseclassic.com


ကြမ်းပြင်ပေါ် ချကာ 'နင့်ကြောင့်' ဟု ဆိုသည်။ အန်တီကတော့ အပေါ်ထိ ပါမလာတော့။ သူ့အခန်းဆီ ဝင်သွားပြီ။

"နီ့. . . ကြောင့်"

"ဟုတ်တယ်"

"ဘယ်. . ဘယ်ကစ,ဖြစ်တာလဲဟင်. . . ပင်းယ"

"အဲဒီ နင့် အထုပ်ကပဲ"

မြတ်စွာဘုရား. . .။ ပါးစပ်မှ အသံမထွက်မိအောင် မနည်းကြိုးစားလိုက်ရသည်။ ငါးပါးမကပါ ၊ သံဃာစင်ပါမှောက်နိုင်သော အထုပ်ကြီးလေ. . . ဒါက လင်းတည်ထင် ပို့လိုက်မည်ဆိုသော ပစ္စည်းများမှလွဲလျှင်ဘာမှမဖြစ်နိုင်. . .။ ကိုယ်ကလည်းကိုယ်ပင်ဟု နီ. . . ကိုယ့်ဘာသာကိုယ်အပြစ်တင်မိသည်။ ထိုကိစ္စကို နောက်ထပ်စကားမစပ်ဖြစ်ကြသဖြင့် ဘာမှမဖြစ်တော့သလို မေ့လျော့ထားခဲ့မိသည်ကိုး။

"ဘယ်. . . ဘယ်ကလဲဟင်"

နီ တမင်မသိသလို ကြိုကာသည့်အနေနှင့်မေးလိုက်သည်။

"နင့်အဖေဆီကပေါ့၊ အရေးထဲ မဟုတ်တာမေးနေတယ်"

ဖေဖေ့ဆီကတဲ့. . .။အင်း အဲလိုထင်တာပဲခပ်ကောင်းကောင်းဟုတွေးနေဆဲ နီ အိတ်ကို သေချာကြည့်လိုက်တော့ from 'Dr. မြင့်လွင်' ဟု ရေးထားသည်ကို တွေ့ရသည်။ ခက်တာက ဒီလက်ရေးက ဖေဖေ့လက်ရေး မဟုတ်ခြင်းပင်. .။

"ဒါနဲ့ပဲ ဟိုဖက်ခြံနဲ့ရန်ဖြစ်ရတာက. . ."

နီခုထိနားမလည်နိုင်သေးဘဲ ပြန်မေးမိ၏။ ထိုအခါကျမှ ပင်းယက ပြောသည်။

"ငါက အပြင်ကပြန်လာတာ ဟိုဘက်ခြံရှေ့မှာ ကားတစ်စင်းရပ်ပြီးမေးနေတာတွေ့လို့မေးကြည့်လိုက်တော့ အဲဒီ နင့်နာမည်ထိုးထားတဲ့ အိတ်ကိုတွေ့လိုက်ရတာပဲ"

"အဲဒါ. . ."


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို သူတို့က ခပ်တည်တည်နဲ့ယူထားတယ်လေ"

"ပြီးမှ လာပေးမလို့နေမှာပေါ့ဟယ်"

မကြီးက လူကြီးစကားကိုဆို၏။ ပင်းယက လက်မခံ။

"ဟိုဘက်အိမ်ရောက်သွားရင် ဘယ်လိုပစ္စည်းက၊ စာရွက်လေး တစ်ရွက်တောင်ပြဿနာမပါဘဲ ဒီဘက်ပြန်ရောက်လာဖူးလို့လား"

ဟုတ်နေသဖြင့် မကြီးက ဘာမှပြန်မပြော. . .။

"အဲဒါနဲ့ အထုပ်ကို ပင်းယကသွားတောင်းတာလား"

"ဒါပေါ့ ငါကောင်းကောင်းမွန်မွန်တောင်းတာပါ. . . ဒါ နို့ ပစ္စည်း ကျွန်တော်သယ်သွားလိုက်မယ်. . . လို့"

"အဲဒါကို"

"အဲဒါကို ငါတို့က ဒီပစ္စည်းတွေကို ဘာလုပ်ရမှာလဲ၊ မျိုး မကောင်း၊မျိုးမစစ်ရဲ့ပစ္စည်းတွေ ခုမှ အဖေကနိုင်ငံခြားရောက်လို့ ဘဝင် မြင့်မနေနဲ့လို့ ပြောလိုက်တာ မဆိုင်တာတွေပါလာတယ်. . . ပါးစပ်က သာပြောနေတာ အထုပ်ကိုလုံးဝမပေးဘူး"

"ဒါနဲ့ ရန်ဖြစ်ရောလား"

"ရန်ဖြစ်တာတောင် ပင်းယတို့က အဆင့်တူ level ကိုက်မှ ဖြစ်ချင်တာ၊ ခုဟာကအဆင့်မှမတူတာ အိတ်ကိုဆွဲယူပြီးဘာမှမပြောဘဲ ထွက်လာမလို့ဟာကို ငါ့ကိုဝိုင်းဆွဲလားရမ်းလားလုပ်တာနဲ့ ဆွဲထိုးခဲ့တာ"

"ဟယ်. . . အားလုံးကို"

"အားလုံးမထိုးလို့ဘယ်သူ့ကွက်ချန်ထားရမှာလဲ နင်ကတစ်မျိုး"

မင်းညီက နို့ကို စိတ်မရှည်သလိုပြောသည်။

"သူတို့က ရန်လာစပြီး ငါ့အသားအရင်လာထိတာလေ အဲဒါ နဲ့ပဲ မိုးဘက်ဒီဘက် ပွစိတက်ပြီး ပင်းယက အပွကြီးဖြစ်ပြီးသကာလ အရေးခံ မိနိက မပြေးသော်လည်းကံရာက ရှိတော့တာပဲ. . ."

ပင်းယ အဆုံးသတ်စကားကြောင့် နီပြုံးမိသည်။ မှန်နေတာကိုး ဘယ်သူတွေ ဘာပဲဖြစ်နေနေ ဒီမှာတစ်ခုခုဖြစ်လို့ကတော့ အမည်ရှိ



www.burmeseclassic.com

www.burmeseclassic.com


ပြီးသားလူက လူဆိုးပဲ. . .။ဒါကြောင့်လည်း တကယ်ဆိုးနေသူတွေက သူတို့အဆိုးကို လူသိမှာစိုးတော့ နာမည်ရှိပြီးသားလူတွေကို အပြစ်ဖို့ ရင်းဖို့ရင်းက နီတို့၊ ပင်းယတို့က တကယ့်မကောင်းသူကြီးတွေလို ဖြစ်လာရတော့တာ. . .။ လူဆိုတာကလည်း ခက်သား။ ကိုယ့်အပြစ်ကို သေးငယ်စေချင်၍ သူတစ်ပါးအပြစ်ကို ပုံကြီးချဲ့တတ်ကြသူတွေက များသည်လေ. . .။

ဇာတ်ရည်လည်သွားပြီ. . .။

သို့သော် နီ အိတ်ကိုမထိရဲ၊ မကိုင်ရဲသေး။ ပို့မည်ဟုပြောထားသူက လင်းတည်ထင်. . .။ပို့လိုက်တာက ဖေဖေ့နာမည်နှင့်။ လင်းတည်ထင် ဉာဏ်သွားတာဖြစ်လောက်သည်။ အထဲထိဖွင့်လိုက်လို့ တစ်စုံတစ်ရာမသက်ာစရာမပါဟု မပြောနိုင်။ထို့ကြောင့် နီ မဖွင့်ရဲ. . .။

"နင့်အဖေက ဒီလောက်အများကြီး ၊ ဘာတွေပို့လိုက်တာလဲ"

"မသိပါဘူး"

"ကဲကဲ သွားကြည့်လိုက်ဦး. . . ပင်းယလည်းနားတော့ ပြီးရင် ထမင်းစားကြမယ်. . . မနက်က အလှူကဟင်းတွေရှိသေးတယ်"

မကြီးစကားကြောင့် လူစုခွဲကြတော့ နီပဲ ကိုယ့်အိတ်ကို မနိုင့်တနိုင်ဆွဲကာ အခန်းထဲဝင်ခဲ့ရသည်။ အခန်းထဲရောက်တော့ နီ အိတ်ကိုမဖွင့်နိုင်သေး. . .။မဖွင့်ရဲသေး. . .။ ကုတင်ပေါ်တွင် အားပြတ်သူတစ်ယောက်ပမာ လဲလျောင်းရင်း အိတ်ကိုသာလှမ်းကြည့်နေမိသည်။

မနက်ဖြန် သူ ဖုန်းဆက်လာလျှင် ပြောရမည့်စကားတချို့ကို စဉ်းစားကာစီနေမိသည်။ ကပေါက်တိကပေါက်ချာ ပွကျဲနေသော စကားလုံးများကိုမနည်းစုစည်းနေတာတောင် အဆင်မချောနိုင်. . .။

နီ ကုတင်ပေါ်မှ ထလိုက်သည်။

'သို့ ဆင်းနီလွင်. . . . . မှ Dr. မြင့်လွင်. . . ဟု ရေးထိုးထားသောအိတ်ကိုအသာဆွဲဖွင့်လိုက်သည်. . .။ အပေါ်ဆုံးမှာတွေ့လိုက်ရသည်က စာတစ်စောင်. . .။တိတိကျကျပြောရလျှင် ဖေဖေ့လက်ရေးနှင့် 'နီ' ဟု တတ်ထားသော စာတစ်စောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နီ စာကိုအရင်ဆွဲထုတ်လိုက်သည်။

"သမီး နီ. . . ,

လူကြုံရှိတယ်လို့ဒီက လင်းတည်ထင်ဆိုတဲ့ ဖေဖေ တို့ အလုပ်ကူသူငယ်လေးပြောလို့ သမီးအတွက် စာတစ် စောင်နဲ့ ပစ္စည်း တချို့ထည့်ပေးလိုက်တယ်. . .။ အန်တီပွင့်သီ နဲ့ မောင်နှမတွေတိုပါ သင့်ရာခွဲ ပေးလိုက်ပါ. . .။ဆွမ်းကပ် ဖြစ်ရဲ့လား . . .။ သမီးမေမေက အိမ်ကိုတွယ်တဲ့လူဆိုတော့ တမင်အိမ်မှာဝဲ လုပ်ခိုင်းရတာ. . .။ နေကောင်းအောင်နေပါ. . ။လိမ်မာဖို့တော့



www.burmeseclassic.com

www.burmeseclassic.com


အထူးပြောစရာလိုမယ် မထင်ပါဘူး. . ။ဖေဖေ့ကိုလည်း စိတ်မပူပါနဲ့. . . . ။ မကြာမကြာ ဖုန်း ဆက်ပါ့မယ်. . . ။

ချစ်သော

ဖေဖေ"

ဖေဖေ့စာက တိုတိုလေး. . . ။

စာကိုအသာချကာ. . . အိတ်ကိုမွှေလိုက်တော့ ဖေဖေ့လက်ရေးနှင့်အထုပ်တစ်ထုပ်က သီးသန့်ပါသည်။ ဒါဆို ကျန်တာအားလုံးက လင်းတည်ထင် ပစ္စည်းတွေလား. . . ။လင်းတည်ထင်၏ စာတော့မတွေ့ရ. . ။နီ ပြုံးလိုက်မိသည်။

အမှန်ဆို ဒီအထုပ်က လင်းတည်ထင် ပို့တာပင်. . . ။သို့သော် ထိုပုဂ္ဂိုလ်၏ဉာဏ်က လျှော့တွက်လို့မရ. . . ။ဖေဖေ့နာမည်နှင့်လာတော့ အားလုံးက အစစ်အဆေးမရှိ. . . ။ တစ်ဘက်အိမ်သို့ ပစ္စည်းထုပ်ရောက်သွားခြင်းသည် ဖေဖေ့နာမည်နှင့်တောင် ဤမျှပြဿနာတက်လျှင် 'လင်းတည်ထင်' နာမည်နှင့်ဆို ဘာမှပြောစရာမလို. . . ။မိုးမီးလောင်ပြီးသားပင်. . ။ ဘာမဟုတ်သော ph: bill မှားရောက်သွားတာတောင် ပြဿနာ မှ မလွတ်ပဲ. . . ။

နီ့ ဖေဖေ အထုပ်ကို အရင်ဖြေလိုက်သည်။ အန်တီပွင့်သီအတွက် ဆေးစာအုပ်တစ်အုပ်ပါသည်။ ကျန်တာကတော့ ဖေဖေ ရောက်နေသောဒေသ၏ အမှတ်တရ ပစ္စည်းပစ္စယတချို့သာ. . . ။ နီ့ဘာသာခွဲခြမ်းရေးလုပ်ထားလိုက်သည်။ သေချာတာကတော့ တစ်အိတ်လုံး ရတာတောင် သူတို့ကို ဒါလေးပဲပေးလားဟု မင်းညီနှင့် ပုံပုံ့ကပြဿနာရှာမှာပင်. . . ။

လင်းတည်ထင်၏ ပစ္စည်းများကို ကြည့်မိသည်။ နီ့အတွက် အရုပ်ကလေးတွေချည်းသုံးရုပ်ပါသည်။ ဂီတာသေးသေးလေးပုံနှင့် handset တစ်ခုပါသည်။ ပြီးတော့ ဘောလ်ပင်၊ ခဲတံ၊ ပေတံလို


www.burmeseclassic.com

www.burmeseclassic.com


ကျောင်းသုံးကိရိယာ တိုလီမုတ်စ ဆန်းဆန်းပြားပြားလေးတွေလည်း ပါသည်။သေချာတာ ကတော့ ဒါတွေကိုထုတ်သုံးလို့က အလုခံရမှာ ပင်. .။ စားပွဲတင်နာရီ သေးသေးလေးနှင့်တွဲထားသော ဓာတ်ပုံဘောင် သေးသေးလေးထဲတွင် ဖေဖေ့ပုံကိုတွေ့ရသည်။ ဖေဖေ့ပုံကိုသူဘာသာသူ ရိုက်ယူထားပုံရသည်။ ဖေဖေက ကွန်ပျူတာရှေ့တွင် ထိုင်ကာ အလုပ် လုပ်နေသောပုံ ဖြစ်သည်။

ပစ္စည်းလေးတွေကို စားပွဲပေါ်သေချာစီတင်ထားပြီး နီ ညည်း မိသည်။

"နီ မှ ဒါတွေမလိုချင်တာ"

ဘာပဲဖြစ်ဖြစ် ဖေဖေ့အထဲမှာတော့ 'သူ့' နာမည်ကိုတွေ့လိုက် ရသည်။ သို့သော်လည်း နာမည်လေးတစ်လုံးမှလွဲ၍ ဘယ်လိုအကြောင်း အရာမှ ပါမလာခဲ့. . .။

ညနေထမင်းစားဆင်းတော့ အန်တီနှင့်တကွ အားလုံးကို ပစ္စည်းတွေ ထုတ်ပေးလိုက်သည်။ အန်တီကတော့ ဆေးစာအုပ်ကို ကြည့်ကာကျေနပ်နေ၏။ ပြီးမှ. . .

"နင့်အဖေကိုလည်းသေချာမှာထား၊ နောက်တစ်ခါ လူကြုံ ပါးရင် လိပ်စာကိုသေချာတပ်လို့၊ အိမ်နံပါတ်နဲ့တင်မဟုတ်ဘဲ. . . ငါ့ ကုမ္ပဏီနာမည်တပ်ရင်ဒီဘက်ရောက်မှာပေါ့. . . ခုတော့ နံပါတ်က တူနေတော့ ဟိုဘက်ခြံပဲရောက်သွားနေဦးမယ်. . ."

"ဟုတ်ကဲ့"

"ပစ္စည်းတွေကအများကြီး ဘာတွေလဲ. . ."

"တခြားလူတွေကိုသွားပေး,ပေးဖို့ပါ, ပါတယ်"

"သြော်. . ."

ထိုအမေးကိုဖြေလိုက်သဖြင့် မင်းညီ၏ သူရသော T- shirt တစ်ထည်ကိုရှု့တွတွကြည့်နေသော မျက်လုံးများပြေလျော့သွားသည်။ ဒါတောင် ပင်းယလက်ထဲက ပစ္စည်းကိုလှမ်းကြည့်နေသေး၏။ ပြီးတော့နှင့်


www.burmeseclassic.com

www.burmeseclassic.com



"ပုံ့ပုံ့ဖို့ကော. . .' တဲ့။

မင်းညီစကားကြောင့်၊ အန်တီကလူကြီးပီပီရယ်သည်။ ပင်းယကတော့ မင်းညီကောင်မလေးဖို့ပါရင် သူ့ကောင်မလေးဖို့ပါ, ပါရမယ်ဟူသော အတွေးရှိပုံမပေါ်. . .။

မင်းညီကိုသာမျက်စောင်းလှမ်းခဲ၏။

"ပုံ့ပုံ့ကိုငါဘာသာပေးမှာပေါ့. . . နင်မေ့မသွားဖို့က ပုံ့ပုံ့ဆိုတာငါ့ သူငယ်ချင်း၊ ဖေဖေ့သမီးမဖြစ်ရုံတမယ်ပဲ. . . ဆိုတာ"

"ခုလဲ သမီးမတော်ရပေမယ့် တူမတော်ရမှာပါလို့ပြောလိုက်"

"မင်းညီကိုတော့ လက်လန်တယ်"

မကြီးက လက်ခါပြကာ ထမင်းဝိုင်းမှထ,ထွက်သွားတော့၏။ ဒါတောင် အပြောမလွှတ်။

"အပျိုကြီးက ဒါတွေကိုယ်ချင်းမစာတတ်ပါဘူး. . ." ဟု ဆက်ပြောနေသေးသည်။

အန်တီတစ်ယောက်လုံး ထမင်းဝိုင်းမှာရှိနေသေးတာကို မေ့လျော့နေပုံရသဖြင့် နီကပင် လက်ကုပ်သတိပေးလိုက်ရသေးသည်။ အန်တီလည်း ဆိုရကြေးဆို အပျိုကြီးမဟုတ်လား။ ထမင်းစားပြီး နီ အပေါ်ပြန်တက်လာတော့ ဖုန်းဝင်လာသည်။ ထင်မှတ်မထားပဲ ဝင်လာသောဖုန်းက unidentify number ဟုပေါ်တော့ ဖေဖေ့ထံမှ ဟု ထင်လိုက်မိသည်။

"ဟဲလို"

"နီလား. . ."

ဖေဖေမဟုတ်ပါ။ လင်းတည်ထင်ဖြစ်နေ၏။

"ဟုတ်တယ် ဒီနေ့ဖုန်းဆက်ရမယ့်နေ့မှ မဟုတ်တာ"

"ဖုန်းဆက်ရမယ့်နေ့မဟုတ်ပေမယ့် ထူးခြားတဲ့နေ့လေ"

"ဘာထူးခြားတာလဲဟင်"

"ဒီနေ့ ကိုယ့်ဆီကပစ္စည်းတွေရတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်' ဟုပြောနေရာမှ 'ကိုယ်' ကဟု ပြောလာသဖြင့် နီပင် အယောင်ယောင်အမှားမှား ဖြစ်သွားရသေးသည်။

"ဟုတ်တယ်. . . ဘယ်လိုသိလဲ"

"ကိုယ်က ရောက်ရောက်ချင်းသွားပေး, ပေးပါလို့ request လုပ်ထားတာ"

"ဪ. . . ဖေဖေ့စာလည်းပါတယ်. . ဖေဖေ့နာမည်နဲ့လည်း ပို့ပေး တဲ့အတွက် ကျေးဇူးပဲ. . . ဒါတောင်မှ"

"ဒါတောင်. . . ဘာဖြစ်လဲပြော"

"ဟိုဘက်အိမ်မှားရောက်သွားလို့ပြဿနာတက်ရသေးတယ်"

"နီနဲ့လား"

"ဟင့်အင်း. . . ပင်းယနဲ့"

"ကိုယ်ပို့ပေးတာတွေ နီကြိုက်ရဲ့လား"

"ကြိုက်ပါတယ်"

"အဆင်ပြေရင်ပြီးတာပါပဲ၊ ဟို နာရီဘေးက photo frame လေးက ဘယ်သူ့ ပုံထည့်ပေးရင်ကောင်းမလဲစဉ်းစားရင်း နီ့ဖေဖေပုံကို ရိုက်ထည့်ပေးလိုက်တာ၊ နောက်မှ ထည့်ချင်တဲ့ပုံနဲ့လဲထည့်ပေါ့. . ."

"ဟုတ်ကဲ့"

"နီ နေကောင်းရဲ့လား အသံကပျော့နေလို့"

"ကောင်းပါတယ် နီ နည်းနည်းနုန်းနေလို့"

တကယ့်တကယ်က မောကိုနေတာ. . ။သူ့ဆီက ဖုန်းလာရင် ဘာပြောရကောင်းမလဲစဉ်းစားထားတာတွေလည်း တစ်လုံးမှမမှတ်မိတော့. . ။

"ဂရုစိုက်ဦး. . . ကျန်းမာရေးကအရေးကြီးတယ်"

"ဂရုစိုက်ပါတယ်၊ နီ စာမေးပွဲနီးပြီလေ"

"စာတွေရပြီလား"

"အင်း. . . အားလုံးတော့မရသေးပါဘူး၊ ကြည့်ရုန်း. . .

www.burmeseclassic.com

www.burmeseclassic.com



ခုတလောစာကြည့်ရတာအဆင်မပြေဘူး"

"ဘာလို့လဲ"

"စိတ်မပါလို့"

"အဲလိုမလုပ်ရဘူး စိတ်ပျော်အောင်တစ်ခုခုလုပ် ပြီးမှစာကြည့်"

"ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရင်ပျော်မယ်ထင်လဲ"

မသိပါ. . .။ ဒါကတော့ နီကိုယ်တိုင်ပင်မသိ။

"မသိဘူး"

တစ်ဖက်မှ ခပ်ဖွဖွလေးရယ်၏။ တကယ့်ကို တိုးညင်းငြင်သာသော ရယ်သံမျိုး. . .။

"ဘာလို့မသိရတာလဲ"

"မသိလို့မသိတာပေါ့"

နီ တကယ်ပင်ရွှဲဖြေမိတော့သည်။ ခုနေ 'ရှင်ပြန်လာရင်ပျော်မှာပေါ့' လို့ ပြောရင်ကော သူက ပြန်လာမှာမို့လို့လား. . .။မဖြစ်မှ မဖြစ်နိုင်ဘဲ. . .။

"ကိုယ်အနားမှာရှိနေချင်တယ်၊ ဒါမှ နီပျော်အောင်တစ်ခုခုလုပ်ပေးနိုင်မှာ. . ."

"ရှင်. . ."

"ကိုယ်. . . အနားမှာရှိပေးနေချင်တယ်လို့ပြောတာ"

"ဘာတတ်နိုင်မှာမို့လဲ"

"တစ်ခုခုပေါ့. . ."

နီပြောသော 'ဘာတတ်နိုင်မှာမို့လဲ' က တခြားအဓိပ္ပါယ်. . .။ သူ့ကို မတတ်နိုင်ဟုဆိုလိုခြင်းမဟုတ်. . .။ ဒါကိုသူက တစ်မျိုးဘာသာပြန်သည်။ နီ ရယ်မိ၏။

"နီ ရယ်တာလား"

"အင်း. ရယ်တာ. . . ဒါပေမယ့် ရှင့်ကိုရယ်တာမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်တွေ လွဲနေလို့"

"ဘာတွေလွဲတာလဲ"

"ဘာတတ်နိုင်မှာမို့လဲ ဆိုတာ. . . ခု ရှင်က နောက်ထပ်ခြောက်လလောက်ထပ်နေရမှာလေလို့ ဆိုလိုတာပါ. . ."

"သြော်. . . ဒါလား. . . ကိုယ်လည်းပြန်လာချင်တာပါပဲ"

စကားက ဆုံးသွားလား၊ မဆုံးလားမသိ။ ဖုန်းလိုင်းက တတီတီမြည်ကာကျသွားခဲ့ပြီ. . .။

နီကတော့ ကိုယ်ပြောမိသောစကားအတွက် ရလိုက်သောစကားတစ်ခွန်းကို နားတွင်ကြားယောင်ရင်း ကိုယ့်ကိုယ်ကို စစ်ကြောနေမိသည်။ နီ မှားများသွားခဲ့သလား. . .။ နီ စာကြည့်မရတာ၊ အဆင်မပြေဖြစ်နေတာ သူနဲ့ဆိုင်နေတယ်ဆိုတဲ့သဘောများ သက်ရောက်သွားလား၊ နီ မိန်းကလေးတစ်ယောက်မဆိုအပ်သော စကားများကို ဆိုခဲ့မိပြီလားဟု တွေးနေရင်းကပင် နီ့အနားမှာ ရှိနေပေးချင်တယ်. . . ဆိုသောစကားတစ်ခွန်းအတွက် ကျေနပ်နေမိပြန်သည်။ လူ့စိတ်ဆိုသည်တအခက်သားပင်. . .။

အပြင်ဘက်တွင် ပင်းယနှင့်မင်းညီတို့ ဘာကိုအော်ဟစ်ရယ်မောနေကြမှန်းမသိ. . .။ ခါတိုင်းဆိုလျှင် 'ဘာတွေပြောနေတာလဲ' ဟု ထွက်မေးမိတတ်သော်လည်း ခုတော့. . . နီ ငြိမ်နေမိသည်။ ရယ်မောရခြင်းသည် ချမ်းမြေ့ရခြင်းမှမဟုတ်ပဲ. . .။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ပုံ့ပုံ့ကပဲအစိုးရိမ်ပိုတာလား၊ ချစ်သူချင်းစကားကြွင်းမရှိတာလား၊ နှုတ်မလုံတာလား ဘာမှန်းပင်မပြောတတ်တော့. . ။ နီ ငြိမ်ငြိမ်သက်သက်လေးဖြစ်နေတာကိုပဲ သံသယဖြစ်သလားမသိ. . ။နီတို့နှစ်ယောက် တားမရတော့လောက်အောင်သံယောဇဉ်ဖြစ်နေတာကို ပုံ့ပုံ့သိသွား၍လည်းဖြစ်နိုင်သည်။ မင်းညီကို ပြောလိုက်၏။

မင်းညီက ချက်ချင်းနီ့ကို ဖုန်းဆက်ခေါ်သည်။ သူရှိနေရာကင်တင်းကိုလာခဲ့ဖို့။နီ ရောက်သွားတော့ ပင်းယပါရှိနေသည်။

"ပြောပါဦး မရွှေနီ နင့်ကိစ္စကို"

"ဘာကိစ္စလဲ"

နီက ဘာမှန်းမသိ၍ ပြန်မေးတော့ ပုံ့ပုံ့က မျက်နှာလွှဲသွား



www.burmeseclassic.com

www.burmeseclassic.com


သည်။ဒီကတည်းက ရိပ်မိလိုက်သလိုတော့ရှိသား. . .။

"လင်းတည်ထင် ဆိုတဲ့လူနဲ့ကိစ္စ"

"ဟာဟာ. . . လင်းတည်ထင် တဲ့လား"

ပင်းယက ဝင်ပြောကာရယ်၏။ မင်းညီက မသက်မသာလိုက်ရယ်ရင်း. . .

"အေးကွာ၊ အံ့ရော၊ လင်းတည်ထင် တဲ့"

ပြီးမှ နီ့ဘက်လှည့်လာကာ စကားကိုဆက်၏။

"နင်က အန်တီ့ခြေရာနင်းချင်တာလား"

"ဘာလဲ. . . ဘာကိုပြောတာလဲ"

"ခု နင်နဲ့ဖုန်းတွေပြောပြီး ရည်းစားဖြစ်ဖို့နှစ်ရက်လောက်ပဲလိုတော့တဲ့သူက နင်နဲ့တစ်ခါမှမတွေ့ဘူးတဲ့သူလေ"

"တွေ့တော့မတွေ့ဖူးပါဘူး"

နီ ပုံ့ပုံ့ကို မျက်စောင်းထိုးရင်း ဆင်ခြေတက်ရန်ကြိုးစားလိုက်သေး၏။

"ဘာလဲ. . . တွေ့တော့မတွေ့ဖူးပါဘူး အသံကြားဖူးတယ်လား. . ."

"မဟုတ်ပါဘူး. . . အဲဒါ ဖေဖေ့ဘေးကလူ"

"နင့်အဖေဘေးကလူပေမယ့် သူနဲ့ နင်နဲ့ဆက်သွယ်နေတာ နင့်အဖေမသိဘူး"

"ဒါ. . . ဒါက"

"ဒါက. . . ဘာဖြစ်လဲ အကြောင်းတစ်ခုခုရှိမှာပေါ့"

အရင်ဒီကအကြောင်းတွေ ပုံ့ပုံ့နှင့်ပြောဖြစ်တုန်းက ဒီလောက်မဟုတ်. . .။ ခုတော့ နီ ဘာကိုမှ မခံချင်. . .။ အကုန်ပြောချင်နေသည့်အတွက် မနည်းစိတ်ကိုထိန်းရင်း ကိုယ့်ကိုကိုယ်လည်း အံ့သြနေမိသည်။

"နီ တွေးမိပါတယ်"

"တွေးမိရဲ့သားနဲ့"


www.burmeseclassic.com

www.burmeseclassic.com



"မတာတ်နိုင်ဘူး"

နီ ကျွတ်ဆတ်ဆတ်စကားကြောင့် ပင်းယကရယ်သည်. . .။ 'အာဂပဲ' ဟုလည်း မှတ်ချက်ချသည်။

"အာဂဆို နင့်ညီမလေ"

"အေး. . . ပင်းယညီမ ဖြစ်ရတာတော့ကောင်းပါရဲ့. . . ငါ့လို နာမည်ဆိုးကျန်ခဲ့မယ်. . . နဂိုကမှ နင့်အမေကိုမကောင်းခုထိ ပြောချင်နေတာ"

"စိတ်မဝင်စားဘူး"

"အေး. . . နင်အရင်က နင့်အဖေနဲ့တစ်တိုင်းပြည်နေတာ ကိစ္စမရှိဘူး. . . ခုဟာက နင် အန်တီနဲ့နေ,နေရတာ အန်တို့ကိစ္စလည်း နင်သိတာပဲ. . . မင်းညီ တုန်းကတောင် ဖုန်းကိစ္စနဲ့ ခေါ်မေးခံရသေးတာပဲ၊ ကြည့်လေ ခုနင့်ကိစ္စကမှ အန်တီနဲ့ကွက်တိ၊ ရာဇဝင်လှန်ပြီး နင်ကော၊ နင့်အမေကော၊ နင့်အဖေကော၊ အန်တီကော အပြောခံရမှာမြင်ယောင် သေး. . ."

"ပြောပစေလေ. . . သူတို့ဘယ်ထိပြောနိုင်မှာလဲ ပြီးတော့. . ."

"ပြီးတော့ ဘာဖြစ်လဲ"

"နီက အန်တို့လိုဖြစ်မယ်လို့ဘယ်သူကပြောသေးလို့လဲ"

မင်းညီနှင့် ပင်းယတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မဲ့ပြုကြ၏။ မင်းညီက ဆက်ပြော၏။

"နင့်ကို ဖြစ်မယ်မပြောသေးပေမယ့် ခုထိ နင် အဲဒီလူအကြောင်း ဘာသိလဲ. . ."

"ဖေဖေ့ဘေးကလူ၊ နာမည်ကလင်းတည်ထင်၊ ရန်ကုန်မှာနေတာမဟုတ်ဘူး၊ ဇာတိက နယ်က ရှမ်း၊ ဓနုစပ်. . ."

"ဘာ. . . ရှမ်း-ဓနုစပ်. . . ဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကတော့ ဘာသေလို့ဝင်စားလဲမသိဘူး. . . အန်တီ ပွင့်သီခင်ဇာတ်ကို ခိုးကနေလားမှတ်ရတယ်"

"ဘာဆိုင်လဲ"

"ဆိုင်တယ်. . . ခု နင့်ကောင်က ရှမ်းစပ်တဲ့ အန်တီ့လူက 'ရှမ်း' ပြီးတော့. . ."

"ဘာကျန်သေးလဲ"

နီ ဆောင့်ကြီးအောင့်ကြီးမေးမိ၏။

"ကျန်သေးတယ် နာမည်က လင်းတည်ထင် တဲ့"

"ငါတို့နဲ့ တူနေတာကိုပြောတာလား"

"အေး. . . ငါတို့နဲ့တူနေတာမကဘူး၊ အန်တီ့လူနဲ့ပါတူတာ"

"ဘာ. . ."

"အန်တီ့လူနာမည်က 'ဝင်းညီသွင်' တဲ့"

"မြတ်စွာဘုရား"

ဒီတစ်ခါဘုရားကိုတ,မိသူက နီတစ်ယောက်တည်းမဟုတ်။ တရားခံပွဲ့ပွဲ့ပါ, ပါ၏။ နို့မှာလည်း တအံ့တသြနှင့်. . .။ဘာဆက်ပြော ရမှန်းမသိသလို. . .။ ဘာလုပ်ရမှန်းလည်းမသိတော့။ ခုမှ ရင်က တဒိတ်ဒိတ်ခုန်လာကာ. . . စိုးရိမ်စိတ်တွေတဒိုင်းဒိုင်းခုန်ဝင်လာသည်။

ပင်းယကတော့ နို့ ခေါင်းကိုဖွဖွလေးပုတ်လိုက်ပြီး ပြော၏။

"နင်ကတော့စံပဲနီရာ၊ နင်နဲ့အန်တီက ဘာရေစက်လဲမသိဘူး"

"အေးဟာ. . ."

"သေချာတာကတော့ အန်တီသိသွားရင် နင့်ကိုသူ့လို အဖြစ်ခံ ရှာ မဟုတ်ဘူးဆိုတာပဲ"

"ဒါတော့ ငါလည်းယုံတယ်. . . ဒါပေမယ့်ပင်းယ. . ."

"ဘာလဲ"

"ငါယုံတာတစ်ခုတော့ရှိသေးတယ်"

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အနိတီက အရာရာကို ဂယနဏမသိပဲနဲ့တော့ မတရားသဖြင့်ကြီး စီရင်ချက်ချမှာ မဟုတ်ဘူးဆိုတာ"

နီ့ထင်မြင်ချက်ကို ပင်းယပြန်ပြောသံကအားရစရာ. . ။

"ထင်ရတာပဲလေ". . . တဲ့။

ထင်တာဟာထင်တာပဲ. . ။တကယ်မှမဟုတ်တာ။

မင်းညီကတော့ နီ့ကို ပြော၏။

"အေး. . . ဟိုဘက်ကလူအတွက်နင့်အဖေ grantee ပါလို့ကတော့ ငါတို့က နင့်ဘက်တော်သားပဲ. . ."

"နင့်ဟာက နိုင်မယ့်အမှုလိုက်မယ့်ရှေ့နေကျနေတာပဲ. . ."

"အဲလိုမဟုတ်ပါဘူး နင့်အတွက်ပြောတာပါ"

ပို့ပို့က မင်းညီဘက်မှဝင်ကာပေး၏။ ဒါတောင် ပင်းယကောင်မလေးကအနေဝေးလို့. . . ။ မဟုတ်လို့ကတော့ နီ့ဘက်မှာလူတောင်ရှိမှာမဟုတ်. . . ။

"အဲဒီလူက ဘယ်တော့ပြန်လာမှာတဲ့လဲ"

"နောက်. . . သုံးလေးလဆိုပြန်လာပြီ"

"မပြန်လာခင် နင် သူ့အကြောင်းသိအောင်စုံစမ်းထားလေ"

"ဘယ်လိုစုံစမ်းရမှာလဲ"

"မသိလဲ မစုံစမ်းနဲ့ဟာ. . ."

မင်းညီက စိတ်မရှည်သလိုပြောသည်။ ပင်းယ ကသာ နယ်မှလင်းတည်ထင်မိဘများလိပ်စာကိုမေးသည်။ နီလည်း အတိအကျမသိသော်လည်း သိသလောက်ပြန်ပြောပြလိုက်၏။

"သူက အသက်ဘယ်လောက်ရှိပြီလဲ"

"၂၇-တဲ့"

"မကြီးတို့အရွယ်ပဲ၊ ဘာနဲ့ကျောင်းပြီးလဲ"

"ရိုးရိုးဘွဲ့တစ်ခုနဲ့ GTI "

"ခု သူကဟိုမှာဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



" Technician "

"ကံကောင်းတာပေါ့"

ဒီလောက်ပညာနဲ့ ဒီလိုအလုပ်ရတာ ကံကောင်းတာပေါ့ဟု ပင်းယက ဆိုချင်ပုံရသည်။ ဒါတော့ နီ နားမလည်ပါ။ ပင်းယက သူသိလိုသည်များကို သေသေချာချာတစ်ထိုင်တည်းမေးကာ မှတ်ထားလိုက်သည်။

"မင်းကဘာလုပ်ပေးမှာမို့မေးနေတာလဲ"

မင်းညီကတောင်ပင်းယကို ထိုသို့မေးယူရသည်ထိပင်. . .။

"ကြုံရင်ကြုံတဲ့လူဆီမှာစုံစမ်းရအောင်လို့လေ အလကားမဖြစ်ပါဘူး. . . ပြီးတော့ ကမ္ဘာကြီးကကျဉ်းကျဉ်းလေးပါ. . . ငါဆို ငါ့အဘွားကရန်သူလို့သတ်မှတ်ထားတဲ့သူမှ ခဲရာခဲဆစ်ရွေးကြိုက်ခဲ့သေးတာပဲ"

"အရာရာကို မင်းလိုပဲ ဘာမှအားမစိုက်ရပဲ သူ့ဟာသူဖြစ်သွားတာလို့ နီ့ကိုပြောဦးမလို့လား"

"ဟုတ်တာပဲ အရာရာဟာ သူ့ဟာသူဖြစ်လာတာ နီလည်းအန်တီ့လိုဖြစ်ရမယ်လို့ ခဲရာခဲဆစ်ကြိုးပမ်းကြံစည်ခဲ့တာမဟုတ်ဘူး"

"ဟုတ်တယ်. . . ဟုတ်တယ်"

ဒါကိုတော့ နီလည်းထောက်ခံပစ်လိုက်သည်။

ခု ဖြစ်စဉ်တွေထဲမှာ နီ့ကြိုတင်ကြံစည်မှုတွေတစ်ခုမှ ပါဝင်မနေတာတော့ နီလည်း အာမခံနိုင်သည်ပဲ. . .။

"ဟင်း. . . ခုမှထောက်ခံနေတယ်"

မင်းညီက ခါးထောက်ကာကြိမ်း၏။

"နင်က ကိုယ်ချင်းမှမစာတာ"

"ဒါ. . . မစာတာလား. . . စာလို့ နင့်အတွက်စဉ်းစားပေး၊ ပြောပေး၊ ကြံပေးနေကြတာ"

"တကယ်. . ."

"သေလိုက်"



www.burmeseclassic.com

www.burmeseclassic.com



မင်းညီက နီ့ကို 'သေလိုက်' ဟုပြောကာ ထိုင်ရာမှ ထ,ထွက်သွားသဖြင့် ပွဲ့ပွဲ့က အပြေးတစ်ပိုင်းနှင့်ထလိုက်သွား၏။ နောက်ဆုံးကျ ပင်းယနှင့်နီသာ စားပွဲဝိုင်းတွင်ကျန်ခဲ့သည်။ မောင်နှမနှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိချိန်တွင် ပင်းယက နီ့ကို နှစ်သိမ့်၏။

"လောကကြီးကတော့ ဒီလိုပါပဲ. . ." တဲ့။

ဒီလိုပါပဲဆိုတာ ဘယ်လိုဟာကိုပြောတာမှန်း နီသေချာမသိသေးပါ။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

တကယ်ဆို. . . နီက အဖြစ်အပျက်အလုံးစုံကို ပုဂ္ဂိုလ်လေး 'လင်းတည်ထင်' ကိုပြောထားသင့်ခဲ့တာ. . .။ ဒါပေမယ့် နီ့ကိုယ်၌က မပြောရဲတာကော၊ စကားမစပ်မိတာကော နှင့် ဘာဆိုဘာမှ မပြောဖြစ်. . .။ ဒါက နီ့ အားနည်းချက်ဖြစ်သည်။ 'လင်းတည်ထင်' ပြောနေသော စကားလုံးများနှင့် အသံတွင်သာ နစ်မျောသွားတတ်တာကိုတော့ ဘယ်လိုမှ နီ မတတ်နိုင်။

"နီ ခုတလော စကားနည်းလာသလိုပဲ. . . ကိုယ်ကချည်း ပြောနေရတယ်"

"မဟုတ်ပါဘူး. . . နားထောင်နေတာပါ"

"ကိုယ်. . . ဘာပြောပြော နားထောင်မှာပဲလား"

www.burmeseclassic.com

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



"အင်း. . . ပေါ့"

အင်း. . . ဟု ပြောမိပြီးမှ နီ ကိုယ့်လျှာကိုယ်ပြန်ကိုက်မိသည်။ မှားသွားပြီလားမသိ. . .။

"နီ့မှာ ပြောစရာစကားမရှိတော့တာလား. . . ကိုယ်နဲ့စကား မပြောချင်တော့တာလား"

ဒီမေးခွန်းက ပိုဆိုးသည်။

"စကားမပြောချင်တာလည်းမဟုတ်ဘူး. . .၊ ပြောစရာစကား မရှိတာလည်းမဟုတ်ဘူး"

"ပြောစရာတော့ရှိတယ်ပေါ့. . ."

"ရှိပါတယ်"

"ရှိရင်ပြောလေ"

"အင်း. . ."

နီ ဘာပြောရမှန်းမသိတော့။ ကိုယ်ပြောစရာရှိတာတွေကိုလည်း စနစ်တကျစဉ်မထားမိသဖြင့် ဘယ်ကစ,မှန်းမသိ. . .။ ထို့ကြောင့် စိတ်ထဲရှိရာတစ်ခုခုကို အမြန်ပြောလိုက်ရသည်။

"အချိန်တွေက ကုန်တာနှေးသလိုနဲ့မြန်သားပဲ"

"နီက ဘာကိုပြောချင်တာလဲ"

"နီလား အရင်က ရှစ်လဆိုတာအရမ်းကြာမယ်ထင်တာ ခုတော့လည်း သိပ်မလိုတော့ဘူးလို့ပြောချင်တာပါ"

"ကိုယ်ပြန်လာရင် နီနဲ့တွေ့ခွင့်ရမှာလား"

"ရပါတယ်"

"ကိုယ်ကတော့ မြန်မာပြည်ရောက်တာနဲ့ ပထမဆုံးလုပ်ချင်တဲ့ အလုပ်ကနီနဲ့ တွေ့ရဖို့ပဲ. . . တွေ့မှ ပြောရမယ့်စကားတွေ ကိုယ့်မှာရှိ တယ်. . . သိလား"

"အင်း. . . နီ့မှာရောပဲ"

"ဟုတ်တယ်. . . နီ့မှာလည်းပြောစရာရှိတယ်. . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်"

"ဒါဆို တွေ့မှ တူတူပြောကြတာပေါ့"

ပြီတော့ ဘာရယ်မဟုတ်ပဲရယ်ဖြစ်ကြသည်။ တွေ့ကြလို့ခုလို ပြောဖြစ်ကြရင် ဒီလိုရယ်မောနိုင်ပါဦးမလား။

"ကိုယ့်မှာက အဓိကပြောစရာနှစ်ခုရှိတယ်. . . အရေးလည်း ကြီးတယ်"

"အင်း. . . နီ့ပြောမှာလည်း အရေးကြီးတာတစ်ခုပါတယ်"

"ဒါဆိုတွေ့မှ မဲနှိုက်ကြမယ် ဘယ်သူအရင်ပြောရမလဲလို့"

"ရပါတယ် နီကအရင်နားထောင်မှာပေါ့"

"ကောင်းပါတယ်. . . ကိုယ်ကအရင်ပြောချင်တာနဲ့ အတော်ပဲ"

ဖေဖေ့ထံမှဖုန်းလာလျှင်လည်း သတိထားနားထောင်ဖြစ်သည်။ လင်းတည်ထင်နှင့် ပတ်သက်ပြီးများ တစ်စွန်းတစ်စပါလာလေမလားဟု၊ တကယ်ဆို 'သမီးတို့နဲ့နာမည်ချင်းကာရန်တူတဲ့သူတစ်ယောက်ရှိတယ်' ဆိုတာလောက်တော့ စကားကြုံပြောသင့်သည်ဟု ထင်တာပဲ. . .။

ပင်းယတစ်ယောက်လည်း data တွေယူပြီး ဘာတွေစုံစမ်းနေ လည်းတော့ မသိ. . .။နီ့ကိုတော့ ဘာမှလာမပြော. . .။ သေချာတာက တော့ နီတို့ စာမေးပွဲတွေပြီးကတည်းက ပင်းယတစ်ယောက် အိမ်ကပ်သည် မရှိ. . .။ကျောင်းပိတ်ထားတော့ နီ ပျင်းရသည့်အထဲ ပင်းယပါမရှိတော့ ပိုဆိုးသည်။ မင်းညီကတော့ သူနှင့်ပုံ့ပုံ့အပြင်မှာ ချိန်းတွေ့ကြလျှင်ခေါ်ရှာပါသည်။ သို့သော် အကြိမ်တိုင်းလိုက်နေလို့မှ မကောင်းပဲ. . .။များသောအားဖြင့် နီ ပျင်းကျန်ခဲ့တာများ၏။

ထို့အချိန်များတွင် နီ အင်္ကျီတစ်ထည်ကို ကြိုးစားပမ်းစားထိုးနေ ခဲ့သည်။ ဂျာစီလို လက်မျိုးနှင့် အင်္ကျီပုံစံကို စီလွန်ခြည်အဖြူနှင့် ထိုးခြင်းဖြစ်သည်။ တစ်ရက်တော့ မကြီးကမြင်သွားသဖြင့်မေးသည်။

"အယ်. . . နီက ဒါတွေထိုးတတ်တယ် ဟုတ်လား"

"ဟုတ်. . ."

www.burmeseclassic.com



"ဒါက ဘာထိုးနေတာလဲ"

"အင်္ကျီလေ"

"ဟုတ်လား. . . မကြီးကိုလည်းထိုးပေးလေ"

"ဒါပြီးရင်ထိုးတာပေါ့"

"ဒီအင်္ကျီကဘယ်သူ့အတွက်လဲ"

"အင်း. . ."

နီ ဘာပြောရမှန်းမသိ. . .။ပြီးမှ 'ဖေဖေ့အတွက်. . .' ဟု ပြီးလွယ်စီးလွယ် ဖြေလိုက်သည်။

"ဟင်. . . ဒါမျိုးကယောကျ်ားလေးဝတ်လို့လား နီရဲ့"

"ဝတ်လို့ရပါတယ်. . . ဂျာစီပုံထိုးမှာလေ"

"သြော်. . ."

မကြီးက ဘာမှဆက်မမေးဘဲထွက်သွား၍ တော်တော့သည်။ မဟုတ်လျှင်တော့ခက်ရချည်ရဲ့. . .။ တကယ့်တကယ် နီစိတ်ကူးက ဒါ နီ့စိတ်ကူးထဲက ပုဂ္ဂိုလ်လေးအတွက်ဖြစ်သည်။ သို့သော် စိတ်ကူးမျှသာ ဖြစ်၍ ဘယ်သူ့ကိုမှလည်း ပြောလို့မဖြစ်နိုင်ပေ. . .။လင်းတည်ထင်ကို မေးကြည့်မိသေးသည်။

"crochet အင်္ကျီတွေဟိုမှာဝတ်လား"

"ခြည်နဲ့ထိုးတာတွေလား၊ သိုးမွေးစက်ထိုး၊လက်ထိုးတွေတော့ ဝတ်ကြတယ်. . . ဒါပေမယ့် လက်ထိုးကရှားပါတယ်"

"တခြားခြည်နဲ့ထိုးတာကော"

"တခြားခြည် အင်း. . . အဲဒါတွေက ဂျစ်ပစီတွေ ဒါမှမဟုတ် လူမည်းတွေဝတ်တာပဲများတယ်"

"တခြားလူတွေကမဝတ်ဘူးလား"

"သိပ်မတွေ့ရဘူး"

"ရှင်ကော အဲလိုအင်္ကျီတွေဝတ်လေ့ရှိလား"

"ဟင့်အင်း. . . တစ်ခါမှမဝတ်ဖူးဘူး ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေးကြည့်တာပါ"

စကားက ရှေ့ဆက်လို့လည်းမရတော့. . .။ ကိုယ်က ရှေ့မဆက်တတ်တော့ပေမယ့် သူက ဆက်မေးလာသည်။

"နီက အဲလို handmade တွေကိုသဘောကျလို့လား"

"ဆိုပါတော့"

"ကိုယ် ပို့ပေးမယ်လေ"

"ဟင့်အင်း. . . မလိုဘူး နီ့ဘာသာထိုးတတ်ပါတယ်"

"နီထိုးတတ်တယ်. . . ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ကိုယ်လည်း ဂျစ်ပစီတွေလိုခဏ လုပ်ကြည့်မယ်လေ"

"ဘာလို့လဲ"

"နီ့လက်ရာအင်္ကျီဝတ်ရအောင်"

နီ ကျေနပ်စွာရယ်နေမိခဲ့သည်။ သေချာတာကတော့ သူပြန်မရောက်ခင် ထိုအင်္ကျီပြီးနိုင်သည်။ ဘာမှ မသက်ဆိုင်သေးပါဘဲနှင့် နီ့ ဖက်ကရည်ရွယ်ချက်တွေ အပြည့်နှင့် လူတစ်ယောက်ဝတ်ဆင်ဖို့ အင်္ကျီ တစ်ထည်ဖန်တီးနေခြင်းသည် စိတ်ကူးယဉ်ဆန်လွန်းလှ၏။ တစ်ခါ တလေတော့လည်း လူတွေသည် စိတ်ကူးနှင့် ရှူးတတ်ကြသည်ပဲလေ. . .။

အိမ်ကိုတံခါးမရှိ၊ဓားမရှိဝင်ထွက်နေပြီဖြစ်သာ ပုံ့ပုံ့ကတော့ နီထိုးလက်စအင်္ကျီကိုကြည့်ကာ သဘောတွေပေါက်နေသည်။

"နီကတော့သွားရှာပြီ"

သူ့သတ်မှတ်ချက်ကို နီ ဘာမှမချေပနိုင်. . .။ချေပစရာစကား လည်း ရှိမှမရှိဘဲ. . .။ တကယ်တော့ လင်းတည်ထင်ကို နီ ဖြူသလား မဲသလားပင် မမြင်ဖူးဘဲနှင့် စိတ်ကူးနှင့် သံယောဇဉ်တွယ်နေသော အဖြစ်အပျက်သည် သံသယဝင်စရာကောင်းသည်။ ကိုယ့်ကိုယ်ကို ပြန် စဉ်းစားကြည့်လျှင်ပင် သံသယဝင်ချင်စရာကောင်းနေမှတော့ ခြား သူတွေ စိတ်မအေးနိုင်တာက ဘယ်လိုမှ မဆန်း။

www.burmeseclassic.com



ဒီကြားထဲ နီ့ကိစ္စက အန်တီ့လို တစ်ထေရာတည်းဖြစ်နေသေးသည်။ ပိုခက်တာက အန်တီ့ကို အတွေ့အကြုံတွေသွားမေးလို့ကလည်း မရနိုင်. .။ အကြံဉာဏ်တောင်းလို့က ပိုတောင်မဖြစ်နိုင်သေး. . .။ နီ့မောင်နှမတွေက ခေတ်လူငယ်ပီသစွာ ခုထိကြည့်နေသေးတာတောင် အတော်နားလည်မှုထားပေးနိုင်လို့ဖြစ်သည်။

နီ့မှာက လုပ်နိုင်တာတစ်ခုတည်းရှိသည်။ နီနှင့် လင်းတည်ထင် ချစ်သူတွေ ဖြစ်သွားခဲ့သည့်တိုင် 'လင်းတည်ထင်သည် အန်တီ၏ ဦးဝင်းညီသွင် လို မဖြစ်နိုင်ဖို့ဆုတောင်းရုံပဲရှိသည်။ အဲဒါတစ်ခုကလွဲလျှင် နီ ဘာမှမတတ်နိုင် ။ မီးကိုမလောင်ခင်ကြိုတင်ထားသည့်အနေနှင့် ရှောင်လွှဲဖို့ကတော့ နီ့ကိုယ်နီ အာမ,မခံနိုင်. . .။ နီကိုယ်တိုင်က လင်းတည်ထင်၏ အသံတစ်စနှင့်တင် လောင်ကျွမ်းခဲ့ပြီးပြီဆိုတာ. . နီ့ဘာသာနီပဲသိသည်လေ. . .။

ကျောင်းပိတ်ရက်များသည်. . . နီ့အတွက်တော့ ရှည်လျားလွန်းလှသည်။ ကျောင်းပြန်ဖွင့်လျှင် ပင်းယကျောင်းတက်စရာမလိုတော့သဖြင့် နီ့ဘဝက မင်းညီလို အိပ်ရာကစောစော နိုးနိုင်အောင် ကြိုးစားရဦးမည်။ ပြီးလျှင် အချစ်ဆုံးသူငယ်ချင်းပွဲပွဲ့ကို သူ့လက်ထဲထည့်ကာ တစ်ယောက်တည်း အထီးကျန်နေရဦးမည်. . .။ ယုတ်စွအဆုံး တစ်ဘက်ခြံမှ ဆွေတော်မျိုးတော်များရန်လုပ်လာလျှင်ပင် နီတို့ ဘက်က အားနည်း သွားခဲ့ပြီမဟုတ်လား. . .။ ခါတိုင်းဆို ပင်းယက အားကိုးရသည်။ မင်းညီက အတို့အထောင်သာကောင်းသည်. . . တကယ့်တကယ်ကျ ပင်းယလောက်အားမကိုးရ၊ မနှစ်က ပင်းယကော၊ သူ့ကောင်မလေးပါ ပါသော အုပ်စုကြီးကိုသတိရမိကာ နီ မျက်ရည်ပင် ဝဲမိသည်။ 'အချိန်' ဆိုသောအရာသည် စောင့်ဆိုင်းနေလျှင် ကြာမြင့်တတ်ပြီး၊ အမှုမဲ့ အမှတ်မဲ့နေလျှင်မြန်လွန်းလှကာ. . ကျော်ဖြတ်သွားခဲ့ပြီးလျှင်လည်း ဘယ်လိုမှ ပြန်မရနိုင်တော့သော အရာဖြစ်သည်. . .။ဒါနဲ့များ ဘယ်လို ပညာရှိက သူ့ကိုသမားတော်



www.burmeseclassic.com

www.burmeseclassic.com


ဟုခေါ်ခဲ့မှန်းမသိ. . .။

မြတ်စွာဘုရား ကတော့ 'ပစ္စုပ္ပန်ကိုတည့်တည့်ရှု' ဟု ဟော ခဲ့သည်ပဲ. . .။သို့သော်လည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သုံးပါးလုံးဆီ စက္ကန့်နှင့်အမျှ တဖျတ်ဖျတ်ကူးလူးနေတတ်သော နိတ္တိလို ပုထုဇဉ်လူသား အများစု၏ စိတ်ကတော့ အတော်ကလေးကို ထိန်းချုပ်ရခက်ပေလိမ့် မည်။ ထိန်းချုပ်နိုင်မှု၊ ရှုမှတ်နိုင်မှုဖြင့် လူသားများတွင် 'ဝေဒနာ' ဆို သောအရာပင် ရှိလိမ့်မည်မဟုတ်. . .။

ခုတော့ နို့ပတ်ဝန်းကျင်သည်ပင် ခါတိုင်းထက်ပို၍ မှိုင်းညို့နေ သလို ခံစားရလေသည်။

❄ ❄ ❄


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ကိုယ်ပြန်လာတဲ့နေ့မှာပဲ. . . နီနဲ့ ဆီချက်ချင်းလာတွေ့မယ် ကျောင်းကိုပဲ လာခဲ့ရမလား"

မပြန်ခင်တစ်ပတ်လောက်အလိုမှ မေးသောစကားဖြစ်သည်။ လေဆိပ်ကဆင်းဆင်းချင်း နီ ရှိရာကျောင်းသို့လာဖို့ဆိုတာ ခရီးမသင့်လှပါ. . .။ နီတို့ကျောင်းက ဝေးလံလှသောနေရာမှာ ဖြစ်နေသည်။

"ကျောင်းကဝေးတယ်"

"ရပါတယ် ရောက်အောင်လာမှာပေါ့"

ထိုကြောင့်ပင် 'နီ' လာခွင့်ပြုမိခဲ့သည်။

သို့သော် လင်းတည်ထင်မပြန်လာခင်တစ်ရက်အလိုမှာ ပျောက်ချက်သားကောင်းနေသော ပင်းယ နီနဲ့ ဆီရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နီ ငါနဲ့ခဏလိုက်ခဲ့စမ်း"

"ဘယ်လဲ ပင်းယရဲ့"

"ဘယ်ဖြစ်ဖြစ်ဟာ. . . ခဏလိုက်ခဲ့ပါ ကိစ္စရှိလို့"

နီ ဘုမသိဘမသိနှင့်လိုက်သွားရသည်။ ကားပေါ်ရောက်တော့မှပင်းယက ပြော၏။

"ငါ နင့်ကို ပြောပြစရာရှိလို့"

"ပြောပြစရာ. . . ဟုတ်လား"

"ဟုတ်တယ်. . တစ်နေရာမှာအေးအေးဆေးဆေးပြောမယ်"

. . . ဟုဆိုကာ ပင်းယက နီ့ကို ဆိုင်တစ်ဆိုင်ခေါ်သွားသည်။

"မြန်မြန်ပြောပါ ပင်းယရဲ့. . . ငါရင်တုန်လှပြီ"

"အင်း. . . ရင်တုန်ရမယ့်စကားပဲပြောမှာပါ၊ တစ်ခုတော့ရှိတယ်၊ နင်က ငါ့ညီမ. . . အန်တီဆင့်သီဇင်ရဲ့သမီးဆိုတာတော့ မမေ့နဲ့နော်. . ."

"ဘာကိုဆိုလိုတာလဲ"

နီ နားမလည်၍ ပြန်မေးမိသည်။

"မာကျော၊ ပြတ်သားဖို့ပြောတာ"

နီ တွေကနဲဖြစ်သွားရ၏။

"နင် ပြောမယ့်စကားက ငါမာကျော၊ ပြတ်သားဖို့လိုတယ်ပေါ့"

"အင်း. . . ခုထိတော့လိုနေသေးတယ်"

"ခုထိ. . ."

"အေး. . . လူတစ်ယောက်ရဲ့ကံကြမ္မာဆိုတာ နှစ်ရက်စာတည်းမှ မဟုတ်တာ. . . မိုးလင်းတိုင်းပြောင်းလဲမှုတွေရလာနိုင်တယ်ဆိုတာတွေ့ထားစမ်းပါ. . . အကောင်းဘက်ကဖြစ်ဖြစ်၊ အဆိုးဘက်ကဖြစ်ဖြစ်ပေါ့. . ."

ပင်းယက တကယ်ပဲ တရားနှင့်ဖြေတတ်လွန်းတာလား၊ နေတတ်လွန်းတာလား၊ စိတ်ဓာတ်က နဂိုတည်းက မာကျောခိုင်ခံ့လား



www.burmeseclassic.com

www.burmeseclassic.com



မသိ. . ။ပင်းယကြည့်ရတာ နီနှင့်လုံးဝမတူပါ. . ။

"ကဲ. . . ထားပါတော့. . . ပြောပါ"

"ပြောမယ်. . . ပြောရမှာက ချို့ပြောရင်တိုတိုလေး"

"အင်း. . . ပြောပါဦး ဘယ်လိုတိုတာလဲ"

"လင်းတည်ထင် ဆိုတာ၊ ဦးဝင်းညီသွင်ရဲ့ တူအရင်းကြီးတဲ့" မြတ်စွာဘုရား. . . ။

နီ ဘုရားပင်အသံထွက်မတ, နိုင်လောက်အောင်ဆွံ့အငြိမ်သက်သွားမိသည်။ မယုံကြည်နိုင်စွာ ပင်းယကို ငေးကြည့်ရင်း နီငြိမ်တိတ်နေမိ၏။

"နီ. . ."

". . ."

"နီ. . ."

နီ သက်ပြင်းတစ်ခုကို ခက်ခဲစွာမှုတ်ထုတ်ပစ်လိုက်သည်. . ။

"ပြော. . . ပင်းယ"

"ငါ. . . ပြောဖို့ခေါ်တာမဟုတ်ဘူး. . . နင့်ကိုအသက်မှရှိသေးရဲ့လားလို့ခေါ်ကြည့်တာ"

"ရှိတော့ရှိပါတယ်ဟာ. . . အသက်မဲ့မသွားရုံတမယ်ပေါ့"

"မဆိုးပါဘူး ဒီလောက်ဆို နင် သွေးမနည်းပါဘူး ကဲ. . . နင်ဘာလုပ်မလဲ"

"ဘာလုပ်စရာရှိလဲပင်းယရာ. . . ငါတို့လုပ်သလိုမဖြစ်တဲ့လောကကြီးကို သူဖြစ်လာသလိုထိုင်ကြည့်နေဖို့ပဲ ရှိတော့တာပေါ့"

ပင်းယက နီ့ကို နှစ်သိမ့်သလိုပြုံးပြ၏။

"အဲလောက်မဟုတ်သေးပါဘူးဟာ၊ ဦးဝင်းညီသွင်ရဲ့တူဟာ ဦးဝင်းညီသွင်နဲ့ထပ်တူ ကျချင်မှကျမှာပေါ့. . ."

"ငါ. . . အဲလောက်မျှော်လင့်ချက် ဆက်ထားလို့ဖြစ်ပါ့မလား ပင်းယ"



www.burmeseclassic.com

www.burmeseclassic.com


"ရတာပေါ့ ဘာလို့မရ,ရမှာလဲ"

"မရတော့ဘူးလေ၊ လမ်းဆုံးနေပြီ သူဟာ ခုချိန်ထိတော့ ငါနဲ့ ချစ်သူတွေမဟုတ်သေးပါဘူး. . . ဒါပေမယ့်"

"ဒါပေမယ့် ဘာလဲ၊ မဖွင့်ပြောပေမယ့် သိနေကြပြီဆိုတာမျိုး လား"

တော်သေးသည်။ နီ မပြောရဲသောစကားကို ပင်းယကဆက် ပေး၏။

"အဲလိုပဲဆိုပါတော့ပင်းယရယ်. . . ခုကိစ္စက သူ့မှာ အပြစ် မရှိတောင်မှအန်တီပွင့်သီကလည်းခွင့်လွှတ်မှာမဟုတ်ဘူး. . . ဟိုဘက် ခြံကပြောမှာကိုတော့ငါက ဂရုမစိုက်ပါဘူး၊ နဂိုတည်းက ငါက အပြင်လူ ပဲ. . ."

"အေးလေ. . . အပြင်လူဖြစ်လက်စနဲ့ ဆက်ဖြစ်နေရင်တောင် နင်ဒီ image တွေကို ခံရမှာမဟုတ်ဘူး"

"အပြင်လူဖြစ်လက်စနဲ့ဆက်ဖြစ်နေရင်လည်း ငါ နင်တို့နဲ့ဒီလို နေခွင့်ရမှာမဟုတ်သလို ဖေဖေ ဟိုကိုမသွားဖြစ်ခဲ့ရင်၊ သူနဲ့ငါလည်း ဆုံစရာအကြောင်းမှမရှိတာ. . ."

"ဒါလည်းဟုတ်တာပဲ"

ပင်းယက တစ်စုံတစ်ခုကိုတွေးတောသလိုလုပ်နေပြီးမှ စကား ကိုဆက်ပြော၏။

"သေချာတာတစ်ခုရှိသေးတယ်"

"ဘာလဲ"

"သူ့အကြောင်း သူပြောထားတာတွေအားလုံးမှန်တဲ့အပြင် သူ့ အာရုံမှာ ဦးဝင်းညီသွင်လို အိမ်ထောင်မရှိဘူး"

"နင် ဘယ်လိုသိလဲ"

"ငါ စုံစမ်းတာလေ. . . ငါ့ကောင်မလေးရဲ့သူငယ်ချင်းက အဒီ မြို့က၊ သူက ကိုလင်းတည်ထင်ကို ကောင်းကောင်းသိတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . သူ ဟိုကိုရောက်နေတာ သုံးနှစ်လောက်ရှိပြီ ဆိုတာတော့ မမေ့နဲ့နော်. . ."

"နင်ဘာကိုဆိုလိုတာလဲ. . . နီ. . .၊ အဲဒီ သုံးနှစ်အတွင်းမှာ သူ အိမ်ထောင်ကျခဲ့နိုင်တယ်လို့ ဆိုလိုတာလား. . ."

"အင်း. . ."

နီ့စကားကြောင့် ပင်းယကရယ်သည်။ ပြီးမှ. . .

"ကောင်းပါတယ်. . . ဒီလိုတွေးထားတာကောင်းပါတယ်. . . အဆိုးဆုံးကိုကြိုတွေးပြီးမှ တော့ ဘာတွေဖြစ်လာလာ ကိစ္စမရှိတော့ဘူးလေ. . .၊ အရမ်းမျှော်လင့်ထားရင်တောင် နင်ခံစားနေရဦးမယ်. . .၊ အဲဒါ. . . ပင်းယလက်ကိုင်ထားတဲ့အကျင့်ပဲ. . . ဘာမဆို အဆိုးဆုံးကို ကြိုတွေးထားလိုက်တယ်. . . ဒါမှ ဘာဖြစ်လာလာမမှုတော့တာလေ"

"ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ"

"ငါက နင့်လောက်ခံနိုင်ရည်မရှိဘူးထင်တာပဲ"

"ဘယ်သူကမှ ဘယ်သူ့ထက်ပိုပြီးခံနိုင်ရည်ရှိတယ်. . . ဆိုတာ တကယ်တော့မရှိပါဘူး. . . လောကမှာ လူတစ်ယောက်မခံနိုင်တဲ့ ကံကြမ္မာဆိုတာမရှိဘူး နီ. . .။ အားလုံးဟာ ခံနိုင်ရည်ရှိအောင် ကြိုးစားသွားကြရတာချည်းပဲ. . . လိုအပ်ချက်ကတော့ ရှိတာပေါ့၊ ဥပမာ-ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်းနဲ့ အလေ့အကျင့်ကောင်းတွေ၊ အလေ့အကျင့်ကောင်းဆိုတဲ့နေရာမှာ. . . တရားမွေ့နဲ့ သက်ဆိုင်တာတွေပါသလို. . . လူတစ်ယောက်အတွက် စိတ်အာရုံနှစ်ထားနိုင်ဖို့လိုလောက်တဲ့ဝါသနာပါရာ အပန်းဖြေနည်း. . . အဲဒါတွေလည်းပါတယ်"

ပင်းယစကားကြောင့် နီ ရင်မောမောနှင့်ပင် ရယ်ချမိသည်။

"မရယ်နဲ့. . . ဒါတွေနင်တကယ်လက်တွေ့ရင်ဆိုင်ရတော့မှ သိမှာ. . . အဲ. . . ရင်မဆိုင်ရဘဲ ကျော်လွှားသွားနိုင်ပါစေလို့တော့ ငါဆု



www.burmeseclassic.com

www.burmeseclassic.com


တောင်းပါတယ်"

"နင်ပေးတဲ့ဆုနဲ့ပြည့်ချင်ပါတယ်"

"ငါကလည်း နင့်ကိုပြည့်စေချင်ပါတယ်"

မောင်နှမနှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် နား လည်စွာကြည့်မိကြသည်။

"ခုမှသတိရတယ်. . . နင် အဲဒါဘယ်သူ့ကိုပြောပြီးပြီလဲ"

"ဘယ်သူ့မှမပြောရသေးဘူး၊ ကာယကံရှင်နင့်ကိုအရင် ပြောတာပဲ"

"ကောင်းပါတယ်"

နီ ခေတ္တငြိမ်သက်သွားပြီးတွေးနေမိသည်။ လင်းတည်ထင် ပြန်လာတဲ့နေ့မှာ နီ မတွေ့ဘဲနေလိုက်တော့ရင်ကောင်းမလား. . .။ ဒါမှမဟုတ်တွေ့လိုက်ရမလား. . .။သူ့ဘက်က အရေးတကြီးပြောစရာ ရှိတာတွေကဘာလဲ. . .။ နီ့ဘက်က အရေးတကြီးအရာတွေကကော သူ့ကို ပြောပြဖို့လိုသေးလား. . .။ ပြောစရာမလိုတော့ဘူးဟု ဆုံးဖြတ် လိုက်ရမှာလား. . .။ နီ မဝေခွဲတတ်၊ နီ ဘယ်စကားကိုပြောသင့်မပြော သင့် နီမဝေခွဲတတ်. . .။ ဘာဆက်ဖြစ်လာမယ်မှန်းမသိပဲနှင့်လည်း နီ. . . ဖြတ်တောက်မထားခဲ့ချင်. . .။

"ပင်းယ"

"ဘာလဲ"

"နီ ဘာဆက်လုပ်ရမှာလဲဟင်"

"ဘာဆက်လုပ်ရမလဲဆိုတာ နင်ဆုံးဖြတ်ရမှာလေ"

"သူက မနက်ဖြန် ပြန်ရောက်တော့မှာ ရောက်ရောက်ချင်း နီ့ ကိုကျောင်းမှာ လာတွေ့မှာတဲ့. . . နီ. . . ဘာလုပ်ရမလဲ"

"နင်. . . မတွေ့ချင်ဘူးလား"

"တွေ့ချင်ပါတယ်"

"တွေ့ချင်ရင်တွေ့လိုက်"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီး နီကိ အန်တီတို့၊ သူဦးလေးတို့အကြောင်းတွေပြောပြရမှာလား"

ပင်းယက နီ့ကို ကြည့်ကာရယ်၏။ပြီးမှ . . .

"လိုအပ်မှပြောလေ. . . သူနဲ့တွေ့ရင် နင် သူ့ကိုဘယ်လိုမြင်လဲ ဘယ်လိုခံစားရမလဲ. . . ဆုံးဖြတ်ပေ့ါ. . . အချိန်တွေရှိပါသေးတယ်. . . နင်လိုရင်ငါ့ကိုခေါ်လိုက်"

"ဟင်. . . သူဖြင့် မိတောင်မမိနိုင်ပဲပျောက်နေတာများ"

"ငါ အလုပ်,လုပ်ဖို့ စ,နေလို့. . . ငါ့ဖုန်းကိုခေါ်လေ"

"နင်ဖုန်းကဖွင့်ထားပြီလား"

"အင်း. . . ဖွင့်ထားပြီ. . . မှတ်ထားစမ်းပါနီရာ. . . အရာရာတိုင်းဟာ တစ်သမတ်တည်း မသွားပါဘူး"

အရာရာတိုင်းဟာ တစ်သမတ်တည်းမသွားဘူးတဲ့. . .။ ဒါဆို အန်တီ့ ကံကြမ္မာအဟောင်းကြီးက ဘာလို့ နီ့ဆီမှ တည့်တည့်လာရတာတဲ့လဲ. .။ အဲဒီတစ်သမတ်လမ်းကြောင်းကနေ ဘယ်တော့များ သွေဖီသွားဦးမှာလဲ . . . မသိ. . .။ နီ. . . ရှင်မောနေမိသည်. . .။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

သူလေဆိပ်ကိုရောက်နေပြီဆိုကတည်းက နီ့ကိုဖုန်းဆက်သည်။

"နီ. . . ရှိမယ့်နေရာကိုပြော. . ." တဲ့။

နီက နီတို့အတန်းနားက အတန်းချိန်မရှိသော အခန်းတစ်ခုသို့ ချိန်းလိုက်မိသည်။ ဒါမှ တစ်ဘက်က အတန်းတက်နေမည့် ပုံ့ပုံ့တို့နှင့် နီ နီးနေအောင်. . .။

ဇော်ရှင်းစောင့်ရှင်းက 'နီ' ဘာလုပ်ရမှန်းမသိသည့်အတွက် ပင်းယွန်းကိုလည်း ဖုန်းဆက်ပြောမိသည်။ ပင်းယက အားလုံးပြီးမှပြန်ဆက် ဘူး ဆိုကာ ဖုန်းချသွားသဖြင့် ဘာမှဆက်မပြောလိုက်ရ. . .။

နီထိုင်နေရာအခန်းလေးသည် တိတ်ဆိတ်နေ၏။ တစ်နေ့ နှောက်မှ နီတို့အတန်းတွင် စာသင်နေသဖြင့် တစ်ချက်တစ်ချက်ရှဲ့လွင့်



www.burmeseclassic.com

www.burmeseclassic.com



လာတတ်သော ဆရာ့အသံနှင့်ရယ်သံတချို့ကိုသာ ကြားရသည်။ နီ့ပတ်ဝန်းကျင်တစ်ခိုမှာတော့ ထုံးစံအတိုင်း နီ့ စိတ်တို့နှင့် မှိုင်းညို့လို့ . . ။

ခြေသံတစ်ခုနှင့်အတူ အတန်းတံခါးကိုတွန်းဖွင့်သံကြားရသဖြင့် နီ မော့ကြည့်မိသည်။

"နီ . . ."

"အို . . ."

လင်းတည်ထင် ဆိုသော ပုဂ္ဂိုလ်သည် နီထင်ထားလွန်းသည်ထက်ပင် သပ်ရပ်ခန့်ငြားလွန်းနေသည်။ ဆံပင်တချို့ရှည်ကျကာ ခရီးပမ်းလာပုံပေါက်သည်ကလွဲလျှင် သူ့ပုံစံက ကြည့်ရတာအဆင်ပြေလှသည်။'နီ' ဆိုသော ခေါ်သံတစ်ခုနှင့်ပင် နီ့အတွက် ဒီလူဟာ လင်းတည်ထင်ပဲဟု လုံလောက်သွားသော်လည်း အတန်းထဲမှာ တစ်ယောက်တည်း ငြိမ်သက်စွာထိုင်နေရုံနှင့် သူ့ဘက်က ဒါဟာ 'နီ' ပဲလို့လုံလောက်ခဲ့သလား . . ။

နီ့ ရှေ့ကခုံမှာ လာထိုင်သည်ထိ နီ တွေကြည့်နေမိသည်။

"နီ . . ."

"ရှင် . . ."

"ဘာကြည့်နေတာလဲ . . . ကိုယ်က နီထင်ထားတာတက်ချောနေလို့လား"

"ဆိုပါတော့"

သူ့ အနောက်အပြောင်စကားကိုကြားရမှ နီ အလိုက်အထိုက်ပြန်ပြောရင်း . . . အသက်ဝင်လာသလိုခံစားရသည်။

"ရှင်က ခုလိုထိုင်နေတာ နီ ပဲလို့ ဘာလို့သေချာသိလဲ ပြောထားလို့လား"

"မပြောထားလဲ ကိုယ် နီ့ကို ခွဲခြားတတ်မှာပါ၊ ဒီထဲမှာ မိန်းကလေးသုံးယောက်ထိုင်နေရင်တောင်မှ နီ့ကို ကိုယ်ခွဲတတ်မှာပါမယ်"

"ဘယ်လိုခွဲမှာလဲ၊ ဖေဖေ့ဆီက နီ့ပုံကိုမြင်ဖူးထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး. . . ကိုယ့်အာရုံသိနဲ့ကိုယ်ခွဲမှာ. . . ကိုယ့်နှလုံးသားက နီ့ကို ပြလိမ့်မယ်လေ"

သူက ပြောပြီးရယ်၏။ သူ့ရယ်သံက ဖုန်းထဲမှာပင် ဝါညက်ချိုကြည်နေလေသည်။ နီကတော့ သူ့ရယ်သံမှာပင် ထပ်မံကျဆုံးသွားရပြန်ကာ ဘာမှပြန်မပြောမိ. . .။

"နီ. . ."

"ရှင်. . ."

"သေချာတယ်သိလား"

"ရှင်. . ."

"ကိုယ် နီ့ကိုအရမ်းချစ်တယ်"

ဒီတစ်ခါတော့ နီ 'ရှင်' ဟုပင်အသံမထွက်နိုင်တော့. . .။

"ဒါ ကိုယ့်ရဲ့ပထမဦးဆုံးအရေးကြီးသောစကားပဲ. . . ကိုယ်နီ့ကို နီ့ဖေဖေကို ဖုန်းခေါ်ပေးကတည်းက ကြားလိုက်ရတဲ့အသံကိုစချစ်မိတာ ဆိုရင် နီယုံချင်ပါ့မလား မသိဘူး"

နီ ယုံ ချင်ပါသည်။ နီ ကိုယ်တိုင်လည်း ထိုသို့ခံစားရသည်ပဲ၊ သို့သော် 'နီလည်းဒီလိုပါပဲ' ဟုတော့ နီ ဝန်မခံရဲ. . .။

"ဒါပေမယ့်. . . ကိုယ် နီ့ကိုဖွင့်မပြောရဲခဲ့ဘူး. . . လူချင်းတွေ့တော့မှ ဖွင့်ပြောမယ်လို့ ရည်ရွယ်ထားခဲ့လို့၊ အဲလိုရည်ရွယ်ထားရတဲ့အကြောင်းရင်းကလည်း ရှိတယ်လေ. . .၊ အဲဒီအကြောင်းအရင်းကတိုယ်ပြောချင်တဲ့ ဒုတိယအချက်ပဲဆိုပါတော့. . ."

သူက စကားကိုခေတ္တဖြတ်ကာ နီ့ကိုကြည့်သည်။ သူ့အကြည့်များက နွေးထွေးတည်ငြိမ်လှ၏။ ထိုအကြည့်များနှင့်ပင်. . . နီ့ တစ်ဘဝလုံးစာလွှဲလှောက်သွားသလို. . . နီ. . . ခံစားရသည်။

"နီ. . ."

"ရှင်. . ."

နီ့. . . ထူးသံကြောင့်သူပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"နို့အန်တီ. . . အန်တီပွင့်သီခင်ရဲ့ဇာတ်လမ်းကို နီသိလား"

"ဟင်. . . အန်တီ့အကြောင်း. . . ဟုတ်လား"

နီ. . . အံ့ဩသွားရ၏။နီက မောင်နှမတွေအကြောင်း၊ အန်တီ့အကြောင်းစကားတွေထဲထည့်ပြောတတ်သော်လည်း. . . အန်တီ့နာမည်အပြည့်အစုံတော့မပြောမိ. . .။

"ဟုတ်တယ်. . . နို့ဖေဖေကတော့ နီ. . . မသိသေးဘူးလို့ပြောတယ်"

"ရှင်. . . ဖေဖေက ဟုတ်လား"

"ဟုတ်တယ်. . . ကိုယ့်ကို နို့ဖေဖေကောင်းကောင်းသိတယ်"

သူ. . . ဘာကိုဆိုလိုတာလဲ. . .။'လင်းတည်ထင်'ဘာဆိုတာ Dr. မြင့်လွင်က ကောင်းကောင်းသိတယ်လို့ဆိုလိုချင်တာလား. . .။ သူက. . . သူ့စကားကိုဆက်၏။

"ကိုယ်ဘယ်သူဘယ်ဝါ ဆိုတာ အန်ကယ်(လ်) သိတယ်လို့ဆိုလိုချင်တာပါ"

"ရှင်ကဘယ်သူမို့တုန်း"

"အန်တီပွင့်သီခင် အကြောင်းကိုသိမှပြောလို့ရမယ်"

နီ သက်ပြင်းကိုချလိုက်မိသည်. . .။ နီ. . . ဘာမှ မပြောရ၊ မမေးရဘဲ အားလုံးကို နီ သိရတော့မှာလား. . .။ နီ ပင်းယကိုသတိရလိုက်မိ၏။

"နီ သိပါတယ်. . . သိတာမကြာသေးဘူး"

"ဒါဆို ဦးဝင်းညီသွင်ကို သိမှာပေါ့"

"အင်း. . . သိပါတယ်"

"ကိုယ်က နို့အန်တီအရမ်းမုန်းနေတဲ့ ဦးဝင်းညီသွင်ရဲ့. . . တူ"

နီ. . . ခေါင်းကိုငုံ့ထားလျှက်က ပြောလိုက်မိသည်။

"နီသိပါတယ်"

"ဘာ. . . ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com


"နီသိတယ်လို့"

"နီသိတယ်. . . ဟုတ်လား. . . ဘယ်လိုသိတာလဲ"

"ပင်းယပြောပြတာ. . . ဒီအကြောင်းကို. . . ပင်းယနဲ့ နီပဲ သိသေးတယ်. . . နီတောင် မနေ့ကမှ သိတာ"

"ဒီတော့. . . နီ့ရင်ထဲမှာဘယ်လိုခံစားရလဲ"

ဘယ်လိုခံစားရလဲ. . . တဲ့။

ခံစားရမှုက စာပင်မဖွဲ့တတ်တာမို့ ပြန်လည်မပြောပြတတ်ပါ။ ပင်းယကတော့ နီဘယ်လောက်ထိ တုန်လှုပ်ခဲ့သည်ကို ခန့်မှန်းတတ်ပေလိမ့်မည်။

"နီ. . . နီ မပြောတတ်ဘူး"

"ဒါနဲ့တောင် ကိုယ့်ကို ဒီနေ့ နီတွေ့သေးတယ်နော်. . . နီ့ကို ကိုယ်ပိုချစ်သွားတယ် သိလား"

နီကလည်း ခုလိုဖွင့်ဟပြောမည်ဟုမထင်ထားဘဲ ပြောလာ၍ လင်းတည်ထင်ကို ပိုလေးစားသွားမိတာ အမှန်. . .။

"နီ. . . တစ်ခုမေးချင်တယ်"

"မေးလေ. . . နီ"

"ဖေဖေက ဦးဝင်းညီသွင်ကိုသိလား"

"သိတယ်. . ."

"ဒါကြောင့်. . . နီနဲ့ဆက်သွယ်တာကို ဖေဖေ့ကို မပြောပြတာလား"

"အဲလိုမဟုတ်ပါဘူး. . . အန်ကယ်လ်က အရမ်းနားလည်တတ်ပါတယ်. . . ဟိုမှာကိုယ်နဲ့ဆုံတော့မှ သူမသိသေးတဲ့ အကြောင်းအရာတစ်ခုကို သူသိခွင့်ရသွားတယ်. . . အဲဒီအချိန်မှာ သူ အားလုံးကို နားလည်လိုက်တယ်. . . ကိုယ်က နီ့ကို ဘာအကူအညီမှမပါဘဲ ချဉ်းကပ်ချင်တာလေ"

နီ. . . မျက်စောင်းမသိမသာလေးထိုးမိလိုက်သလားမသိ။

www.burmeseclassic.com



သူက ယောင်ယောင်လေးပြုံးသည်. . .။

"ပင်းယကဲ ဒီအကြောင်းတွေသိတော့ ဘာဖြစ်လဲ"

"ဘယ်သူ့ကိုမှ အသိမပေးဘဲ နီ့ကိုအရင်ပြောတယ်. . . ပြီးတော့ ဦးဝင်းညီသွင်ကသပ်သပ်၊ လင်းတည်ထင်က သပ်သပ်ဆိုတာကိုပြောပြတယ်. . . ပြီးတော့ ဒီနေ့လည်း တွေ့လိုက်ဖို့ သူပဲတိုက်တွန်းတယ်"

"ပင်းယကျော်ဆိုတာ အန်ကယ်လ် ညွှန်းလောက်အောင်တော်ပြီး စိတ်ဓာတ်ကောင်းတဲ့ လူတစ်ယောက်ပဲ. . . ပြီးတော့ နီ. . . တစ်ခုသိလား. . ."

"ဘာလဲဟင်"

"အန်ကယ်လ်ကအမြဲပြောတယ်. . . နီ့မေမေနဲ့တူတာ ပင်းယကျော်တဲ့. . . စိတ်ဓာတ်ကော၊ ထက်မြက်တာရော. . . မာကျောတာရော. . . တဲ့. . . အဲလိုလူကို ယောက်ဖတော်ရမှာ ဂုဏ်ယူစရာပဲ"

နီတောင်မသိပါ. . .။ဖေဖေက နီ့မေမေဘက်က အမျိုးတွေအကြောင်း နီ့ကိုပြောပြခဲလှ၏။ခုလို. . . နေထိုင်ရတော့မှသာ နီ့မှာ သိရ,ကျွမ်းရ တော်စပ်ရခြင်းဖြစ်သည်။

"ဘာ. . . ယောက်ဖလဲ"

"အာ. . . ဟုတ်သားပဲ. . . ဆောရီး. . . ရင်ထဲကသိနေတာတွေ များသွားတာ. . . နီ့ပါးစပ်ကမှ အဖြေမရသေးတာ. . . ပြောပါဦး"

"မဖြစ်နိုင်ဘူးထင်တာပဲ ရှင်ရယ်. . ."

"ဘာလို့မဖြစ်နိုင်ရမှာလဲ. . ."

"အန်တီသိရင် သတ်မှာပေါ့"

"ဒါပဲလား. . . အန်တီကမသတ်ရင်တော့ အိုကေပြီပေါ့"

"အံမယ်. . ."

သူက တကယ့်ကို ပိုင်နိုင်ထားသူ တစ်ယောက်ပုံစံနှင့်. . .။ ထူးဆန်းတာကတော့ နီနှင့်သူက ခုမှ လူချင်းတွေ့ရပြီး၊ အကျိတ်အခဲ



www.burmeseclassic.com

www.burmeseclassic.com


အတားအဆီး ပြဿနာလေးတွေရှိနေသည့်တိုင်. . . စိမ်းဝေးမနေဘဲ. . . ရင်းနှီးနွေးထွေးနေတာပင် ဖြစ်သည်။

"ကိုယ့်မှာ ပြောစရာကျန်သေးတယ်သိလား. . . ဒါပေမယ့် နီတစ်ယောက်တည်းကိုပြောရုံနဲ့ လုံလောက်မှာမဟုတ်ဘူး"

"ဘယ်သူ့ကိုပါ ပြောချင်လဲ"

"ပင်းယကျော်. . . မင်းညီဇင်. . . ပြီးတော့. . . အန်တီပွင့်သီခင်"

"ရှင်. . ."

"ဟုတ်တယ်. . . အန်တီ့ကို ချက်ချင်းပြောခွင့်မရသေးရင်တောင် ကိုယ်. . . နီ့ မောင်နှမတွေကို အရင်ပြောပြချင်တယ်. . . ဒီည ကိုယ်တို့တွေ့ရအောင် နီစီစဉ်ပေးပါ"

သူ့နှုတ်ထွက်စကားတစ်ခွန်းသည် နီ့အတွက်အလိုလို နာခံချင်မိသော အမိန့်ဖြစ်သွားတာကိုတော့ နီ မအံ့ဩမိတော့ပါ. . . ။သေချာပါသည်. . . ။နီလည်း. . . သူ့ကို. . . မယုံကြည်နိုင်လောက်အောင် ချစ်မိသွားပြီ ဖြစ်သည်။

❄ ❄ ❄


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

နီတို့ မောင်နှမတွေတစ်ယောက်ကိုဖုန်းတစ်လုံးစီ ပိုင်ဆိုင်ထားတာ. . . ခုတော့အရမ်းကို အဆင်ပြေစရာအကြောင်းကြီး ဖြစ်သွားရသည်။ အားလုံးကို ညစာကျွေးမည်ဆိုပြီး စားသောက်ဆိုင်တစ်ခုကို ချိန်းရသည်. . .။အန်တီမသိစေနှင့်. . . အရေးကြီးသည် ဆိုတာကို အရိပ်အမြွက်မက မှာရသည်. .။ ခုထဲက အမျိုးစာရင်းသွင်းလျှင် ဝင်နေပြီဖြစ်သော ပုံ့ပုံ့နှင့် ပင်းယကောင်မလေးကိုပါ ခေါ်ရသေး၏။ မခေါ်လို့က ပင်းယကဘာမှမဖြစ်သော်လည်း မင်းညီကဖြင့် တစ်စက်လေးမှ ငြိမ်ခံနေမှာမဟုတ်. . .။ပြဿနာရှာလို့ဆုံးမှာမဟုတ်တာ သိနေသည်။

ညကျ လူစုံတော့ ကိုကိုမင်းကြည်စင်က အရင်စ,မေး၏။

"ဘာဖြစ်တာလဲ. . . နီ သူကဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက နီ့ချစ်သူ လင်းတည်ထင် တဲ့. . ."

နီ့ကိုယ်စားဝင်ပြောသူက ပင်းယ. . .။ ညီမကိုအတော်တလေး ရက်ရက်ရောရောရှိပုံက ကျေးဇူးဆပ်ချင်စရာပင်. . .။ နီပင် မျက်နှာ နွေးကနဲဖြစ်သွားရသည်။ မကြီးကတော့ မျက်လုံးအပြူးသားနှင့် နီ့ကို ကြည့်သည်။ မင်းညီနှင့် ပုံ့ပုံ့ကတော့ ဘာမှမဖြစ်သလို. . .။ သူတို့က အခြေအနေကို သိတစ်ဝက်၊ မသိတစ်ဝက်ကိုး. . .။ ကိုကိုမင်းကြည်စင် ကတော့ သူ့ကိုလက်ကမ်းပေးကာ. . . လှမ်းနှုတ်ဆက်၏။

"ညီအစ်ကိုချင်းပဲ. . ." တဲ့။

နီ့ကို ပေးလိုက်ရလို့လား. . .။ဒါမှမဟုတ် နာမည်ကြောင့်လား။ ကိုကိုမှသိနိုင်ပေလိမ့်မည်။

"နီတို့ပြောစရာရှိလို့ ကိုကို"

"ပြောလေ"

ပြောလေ ဆိုတော့ နီ. . . သူ့ပဲ လှမ်းကြည့်ရ၏။ သူက မကြီး ကို ဦးတည်ကြည့်ကာစကားစသည်။

"ဒီထဲမှာ ပင်းယကလွဲရင် ကျွန်တော်ဘယ်သူဆိုတာ ဘယ်သူမှ သိကြဦးမှာ မဟုတ်ဘူး"

အားလုံးက ဇဝေဇဝါနှင့် နားမလည်သလိုသူ့ကို ဝိုင်းကြည့်ကြ ၏။

"ကျွန်တော် ဦးဝင်းညီသွင်ရဲ့တူပါ. . ."

ဆိုင်းမဆင့်. . . ဗုံမဆင့် ပြောချလိုက်သော လင်းတည်ထင် စကားကြောင့် မကြီး. . . မျက်လုံးအပြူးသားနှင့်တုန်လှုပ်သွားရသည်။ ကိုကိုမင်းကြည်စင်ကလည်း ပါးစပ်အဟောင်းသားနှင့်. . .။မင်းညီနှင့် ပုံ့ပုံ့ကလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့ အဖြေရှာမရကြ။

"နီ. . . နင်ဘာတွေလုပ်လာတာဟင်"

မကြီးက တုန်ယင်စွာမေး၏။ ပင်းယက မကြီးလက်ကိုအားဆုပ်ကိုင်လိုက်ရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏာနေဦးမကြီး. . . သူ့မှာပြောစရာပါတယ်. . . ပြီးတော့ ကိုလင်းတည်ထင်ဟာ ဦးဝင်းညီသွင် မဟုတ်တာကိုလည်း ခဏာလောက် တော့ သတိရပေးပါ. . ."

ပင်းယစကားကြောင့် မကြီးရော. . . ကိုကိုပါ ပြန်လည် ငြိမ် သက်သွားသည်။

"ကျွန်တော့်မှာပြောစရာရှိပါတယ်. . . ကျွန်တော်ပြောတာ တွေ မှန်မမှန်သက်သေပြလို့လည်း ရပါတယ်. . .၊ ပြီးတော့ နီ့ဖေဖေ အန်ကယ်လ် ဒေါက်တာမြင့်လွင် သူလည်း အားလုံးကို သိသွားပြီးပါပြီ"

ကိုကိုက ခေါင်းညိတ်၏။ မကြီးကတော့ ကြောင်ငေးနေဆဲ. . ။

"အားလုံးသိပြီးကြတဲ့အတိုင်း ဦးလေးဝင်းညီသွင်ဟာ အန်တီ ပွင့်သီခင်ကို လိမ်လည်ချစ်ကြိုက်ပြီး မင်္ဂလာဆောင်ဖို့ကြိုးစားခဲ့တယ်. . . အဲဒီမှာ မယားကြီးဆိုသူလိုက်လာပြီး မင်္ဂလာပွဲဖျက်လို့ ပျက်ခဲ့ရတယ်. . . ဆိုတာ. . ."

"ဟုတ်တယ်လေ"

မင်းညီက ဝင်ထောက်ခံ၏။

"တကယ်တော့. . . အန်တီ့ဆီပြန်လာပြီးလက်ထပ်ပွဲလုပ်ခဲ့ တဲ့သူဟာ ဦးဝင်းညီသွင်မဟုတ်ပါဘူး"

"ဘာ. . ."

ဒါကတော့ နီနှင့်ပင်းယပါ အံ့ဩသွားရသောစကားပင်. . .။ လင်းတည်ထင်က စကားကိုဆက်၏။

"ဦးလေးက မြန်မာပြည် ပြန်လာမယ်အလုပ်မှာပဲ အက်ဆီးဒင့် တစ်ခုနဲ့ တော်တော် ကြီးကြီးကျယ်ကျယ် ထိခိုက်သွားခဲ့တယ်. . . လပေါင်းများစွာ ဆေးရုံပေါ်မှာ သတိကောင်းကောင်းမရပဲ နေခဲ့ရတာ"

"ဒါ. . . ဒါဆို. . . အန်တီဆီလာတဲ့သူက. . ."

မကြီးက တအံ့တဩမေး၏။

"အင်း. . . အဲဒီလူက ဦးလေးနဲ့ အန်တီပွင့်သီရဲ့ဇာတ်လမ်းကို



www.burmeseclassic.com

www.burmeseclassic.com


အစအဆုံးသိတားတဲ့ ဦးလေးရဲ့လုပ်ဖော်ကိုင်ဖက်တစ်ယောက်ပဲ"

"ဟင်. . . ယုတ်မာလိုက်တာ"

"အင်းလေ. . . မိတ်ဆွေကောင်းမပီသလိုက်တာ"

နီနှင့်ပုံ့ပုံ့ စိတ်တိုတိုနှင့် တစ်ယောက်တစ်ခွန်းပြောမိကြသည်။

"အဲဒီလူက အဲဒီတုန်းက အရမ်းဒုက္ခရောက်နေတာ. . . နိုင်ငံခြားမှာလည်း ဘာမှမစုမိ၊ မဆောင်းမိ၊ ဒီပြန်ရောက်တော့လည်း. . . သူ့မိသားစုကသူ့ကို လက်မခံနဲ့ ဆိုတော့ ဝင်းညီသွင် သတင်းလည်းကြားရော. . . အဲဒီနေရာကြားဝင်ဖို့ကြိုးစားတော့တာပဲ. . . ဘာလို့လဲဆိုတော့ အန်တီပွင့်သီခင်တို့က အရမ်းချမ်းသာတယ်လေ. . ."

"သူဝင်းညီသွင်မဟုတ်တာ အန်တီကဘာလို့မသိရတာလဲ"

"မြင်မှမမြင်ဖူးတာ. . ."

"အသံလေ. . . သူနှစ်ရှည်လမျှားနားထောင်ခဲ့တဲ့ အသံ"

လင်းတည်ထင်က နီ့စောဒကတက်မှုကို အသိအမှတ်ပြု၏။

"ဟုတ်တယ်. . . အဲဒါ main point ပဲ. . . ဒါပေမယ့် တံကောင်းချင်တော့ အဲဒီလူရဲ့အသံက ဦးလေးရဲ့အသံနဲ့တူနေတယ်"

"ပုံပြင်ကျနေတာပဲ. . ."

မကြီးက မျက်နှာလေးမသိမသာမဲ့ကာ ပြော၏။

"ဟုတ်ပါတယ်. . . ပုံပြင်တော့ဆန်တာပေ့ါ ဒါပေမယ့် ဒါကအကယ်ဖြစ်ခဲ့တာပါ"

"ဘာနဲ့သက်သေပြမလဲ"

"ခုထိ ခြေထောက်အောက်ပိုင်းဖြတ်ထားရတဲ့ ကျွန်တော့်ဦးလေးနဲ့. . ."

ခြေထောက်အောက်ပိုင်းဖြတ်ထားရတဲ့ ဆိုသောစကားကြောင့် မကြီး မျက်နှာကလေး ငြိမ်သက်သွားရသည်။လင်းတည်ထင်က စကားဆက်၏။

"ပြီးတော့ အဲဒီကာလမှာ ဦးဝင်းညီသွင်ဟာ ဘယ်နိုင်ငံတ


www.burmeseclassic.com

www.burmeseclassic.com


ဘယ်ဆေးရုံမှာကုသနေခဲ့ပါတယ်ဆိုတဲ့ စာရွက်စာတမ်းတွေ. . ."

"ဒါဆို ဦးဝင်းညီသွင်ရဲ့မှတ်ပုံတင်က ဘာလို့ အဲဒီ့လူလက်ထဲ ရောက်နေရတာလဲ"

"ဒါက လုပ်ယူတာပါ အစ်ကို"

ကိုကိုမင်းကြည်စင်၏ စောဒကတက်မှုကို သူ အေးအေး ဆေးဆေးပင် တုံ့ပြန်၏။

"လိမ်တယ်၊ညာတယ်ဆိုကတည်းက အကွက်ချလိမ်ရတာပါ ဒီလိုအကြံကြီးတဲ့သူတွေဆို ပိုတောင်ဆိုးသေးတယ်. . . သေသေချာချာ မပြင်ဆင်ပဲနဲ့ဘယ်လုပ်ပါ့မလဲ. . . အဲဒီလူရဲ့အမှားကတစ်ခုပဲရှိတယ်၊ သူ့ကိုလက်မခံတော့တဲ့မိသားစုကို အနှောက်အယှက်မပေးနိုင်လောက် ဘူးလို့ လျှော့တွက်ထားတာပဲ"

"အမှန်တော့ ဒါဟာရာဇဝတ်မှုပဲ"

မင်းညီက လူတတ်ကြီးလုပ်ကာဝင်ပြော၏။ ပုံ့ပုံ့က ထောက်ခံ သည်။

"တရားတောင်စွဲလို့ရသေးတယ်"

သူတို့ဟာနှင့်သူတို့ကတော့ဟုတ်နေတာပါပဲ. . .။ ဘာမှ မသိပဲ ခံခဲ့ရသော အန်တီ့မှာသာ လိမ့်နေတာ. . .။ အန်တီသာသိလျှင်ဘယ် လောက်များယူကြုံးမရဖြစ်လိုက်မလဲ. . .။ ချစ်သူကို မှားယွင်းလက်ခံ မိရသည်လို့ သူ့ကိုယ်သူလည်း အပြစ်တင်လို့ဆုံးမှာမဟုတ်. . .။ နိဂုံး ချုပ်လိုက်တော့ မသမာသူ လူတစ်ယောက်၏ လက်ချက်နှင့်လူတစ် ယောက်က ကံကောင်းလို့တစ်ဘဝလုံးမဆုံးခဲ့တာ. . .။ ဒါတောင် ဂုဏ်သိက္ခာတွေ စုန်းစုန်းမြုပ်ကျဆင်းသွားခဲ့ရသည်။ ဘယ်လိုမှ မဖြေ နိုင်သော သောကဒဏ်ရာများကိုလည်း ခံစားခဲ့ရရှာသည်။

"အဲဒါ အန်တီ့ကိုပြောပြရမှာလား"

ဒီစကားကိုမေးလိုက်သူက နီ. . .။ အားလုံးက နီ့ကို အမှုမြင်ဖူး သောသတ္တဝါလို ဝိုင်းကြည့်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မေးတာလဲ. . . နီ"

"ခုမှ ပြောလို့ဘာအကျိုးထူးမှာလဲ. . . လို့ နီတ ပြောချင်တာပါ"

"ဟုတ်ပါတယ်. . . ဒါကြောင့် ကျွန်တော် ဒီအကောင်းမှုတွေကို အရင်ခေါ် ပြောတာပါ"

လင်းတည်ထင်ကပါ နီ့စကားကိုထောက်ခံ၏။ ထုံးစံအတိုင်း ပင်းယကတော့ 'ပြောသင့်သည်' ဟု အဆိုသွင်းသည်။ မကြီးတဝေခွဲရေး ကိုကိုမင်းကြည်စင်က နီ့လိုပင် အကျိုးရှိပါ့မလားတွေးသည်။ မင်းညီ ကတော့ ခေါင်းသာရမ်း၏။ ဘာအဓိပ္ပာယ်မှန်းမသိ. . .။ ဖြစ်နိုင်တာက တော့. . . မသိဘူး၊ လုပ်ချင်တာလုပ်ကြပဲ ဖြစ်မည်ထင်သည်။

"ဒီအချိန်မှာ သိလို့သူတို့ပြန်ပေါင်းဖို့ဆိုတာဖြစ်နိုင်ပါ့မလား"

မကြီးက တနုံတလျား ထိုသို့တွေးသည်. . .။ပင်းယကတော့ ပြော၏။

"ပေါင်းဖို့ကနောက်ထားပါ. . . မကြီးရာ. . . အန်တီခံစား နေရတဲ့အထင်အမြင်လွဲမှုတွေ၊ နာကျည်းမှုတွေ၊ သောကတွေအားလုံးကို တစ်သက်လုံး ခံစားနိုင်းမလား. . . မပြောပြပဲထားရင်. . . ဒီအတိုင်း ခံစားသွားရမှာပဲ. . . ပြောပြလိုက်မှသာ. . . ဖြေသာလိမ့်မယ်လို့ ထင်တယ်. . ."

. . . တဲ့။

ကိုကိုကတော့တစ်မျိုးတွေးသည်။

"အဲဒါတွေနောက်ထားပါ. . . ပြောဖို့ကိုပဲ ဘယ်သူက ဘယ်က ရတဲ့သတ္တိနဲ့သွားပြောပြမှာလဲ. . . ဆိုတာအရင်တွေးပါ"

"ဒါလည်းဟုတ်တာပဲ"

"မကြီးကအကြီးပဲ. . . မကြီးပြော"

"အယ်. . . ငါလည်းမပြောရဲဘူး"

မကြီးက အကြောက်အကန်ငြင်း၏။

"မပြောပဲတောထားမလား"



www.burmeseclassic.com

www.burmeseclassic.com



ပင်းယ ဝင်မေးလိုက်သောအမေးကိုဘယ်သူကမှ မဖြေနိုင်ကြ။ လင်းတည်ထင်ကဖြတ်ပြော၏။

"ပြောပြဖို့ မပြောဖို့က အားလုံးရဲ့ဆန္ဒနဲ့ဆုံးဖြတ်ပါ တကယ့် တကယ်ပြောတော့မယ်ဆိုရင်တော့ ကျွန်တော်ပဲပြောပေးပါ့မယ်"

"ဖြစ်ပါ့မလား. . . ကို"

ရုတ်တရက် ထွက်သွားသော အခေါ်အဝေါ်အတွက် လင်းတည်ထင်က ကျေနပ်သယောင်ပြုံး၏။ နီ့မှာသာ နောင်တနှင့် ရှက်မဆုံး. . .။ ကျန်လူများကတော့သိပင်သိလိုက်ပုံမပေါ်. . .။ တော်ပါသေး၏။ အားလုံးက ကိုယ်အာရုံနှင့်ကိုယ်မို့. . .။

"ဖြစ်တယ်နီ. . . ကိုယ်တာဝန်ယူမယ်. . . ပြီးတော့ အပြောပြ သင့်ဆုံးလူက ကိုယ်ပဲလို့လည်း ကိုယ့်ဘာသာကိုယ်ထင်တယ်လေ"

အားလုံးက 'လင်းတည်ထင်' ကိုကြည့်လိုက်ကြသည်။

ပင်းယကတော့ ပြောစရာမှမလိုပဲ. .။မကြီးက နီ့ကိုကြည့် သည်။ ပြီတော့ ပင်းယကို ကြည့်သည်။ နောက် ကိုကိုမင်းကြည်စင်၊ မင်းညီ. . .။မောင်နှမတွေစုံတော့မှ မကြီးက 'ဘယ်လိုလဲ' ဟုမေးသည်။ ပင်းယကခေါင်းညိတ်၏။ ပင်းယညိတ်တော့ မင်းညီကပါ ညိတ်သည်။ ကိုကိုမင်းကြည်စင်ကလည်း 'သဘော' ဟု မေးဆတ်ပြ၏။ မကြီး တစ်ယောက်သက်ပြင်းကို သိသိသာသာချကာ ခေတ္တစဉ်းစား၏။

ပြီးမှ လင်းတည်ထင်ကိုကြည့်ကာ. . .

"မင်းပဲတာဝန်ယူလိုက်ပါ. . .' ဟု ပြောသည်။

နီကတော့ ထိုတာဝန်အတွက် ခုထိရင်မအေးနိုင်သေးပေ။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

နောက်တစ်နေ့ကျတော့ အန်တီပွင့်သီခင်အလုပ်သို့မဆင်းမီ မင်းညီက ဧည့်သည်ရောက်နေကြောင်း သွားသတင်းပို့သည်။

"အန်တီ ဧည့်သည်"

"ဟဲ့. . ဘယ်ကလဲ"

"မသိဘူး"

"ဘယ်သူလဲ"

"မသိဘူး"

"ဟင်. . . အားကိုးရတယ်. . . သွားသွား. . . ခေါ်လာခဲ့ ငါ အလုပ်သွားတော့မှာ"

အောက်ထပ်မှာဆင်းလုပ်ရမည့်ကိစ္စကို အန်တီက ခေါင်း

www.burmeseclassic.com


တနေ့နှင့်. . .။

ခဏာနေတော့မောင်နှမတစ်စုံ၏လမ်းညွှန်မှုနှင့် လင်းတည်ထင် အန်တီပွင့်သီအခန်းသို့ ရောက်ရှိသွားသည်။ အန်တီက သူတစ်ခါမှ မတွေ့ဖူးသော လင်းတည်ထင်ကို မျက်မှောင်ကျုံ့ကာကြည့်၏။

"ဘာကိစ္စရှိပါသလဲကွယ်"

"ကျွန်တော်ပြောစရာရှိလို့ပါ"

"အလုပ်ကိစ္စလား၊ ဒါဆို အောက်ကိုသွားရအောင်လေ"

"မဟုတ်ပါဘူး. . . ကိုယ်ရေးကိုယ်တာပါ"

"ကိုယ်ရေးကိုယ်တာ. . ."

အန်တီ မျက်မှောင်ပိုကြုတ်သွားရသည်။

"ဟုတ်ကဲ့"

"မင်းက. . ."

"ကျွန်တော် လင်းတည်ထင်ပါ. . ."

"လင်းတည်ထင်. . ."

တစ်ခါမှမကြားဖူးသော်လည်း ဒီလိုကာရန်တွေနှင့်နာမည် ပေါင်းစုံထဲကျင်လည်နေရသည့်အပြင် ဝင်းညီသွင်ဆိုသော လူတစ်ယောက်နှင့်လည်း ပတ်သက်ခဲ့ဖူးလေတော့. . . အန်တီ ဒီနာမည်ကို သံသယမဝင်ပဲ နေမှာမဟုတ်. . .။

အန်တီက နာမည်ကိုရေရွတ်ကာ လင်းတည်ထင်ကို သေသေချာချာကြည့်၏။ ဘယ်လိုမှ မသိနိုင်ပါ။ သူမမှ ဦးလေးကိုမမြင်ဖူးပဲ. .။ ဦးလေးနှင့်သူသည် အတော်လေးဆင်သည်ဟု လူတော်တော်များများ က အသိအမှတ်ပြုကြသည်။

"ကျွန်တော် ဦးဝင်းညီသွင်ရဲ့ တူပါ. . ."

ဝင်းညီသွင် ဆိုသောအမည်ကိုကြားသည်နှင့် အန်တီ့အကြည့်များက မီးတောက်တွေလို ဟုန်းဟုန်းထသွားရသည်။

"မင်း ဘာလာလုပ်တာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောစရာရှိလို့ပါ"

"ဘာမှပြောစရာမလိုဘူး. . . မင်းလှည့်ပြန်ပါ"

"မပြောနဲ့ဆို. . . မပြောပါဘူး၊ ကျွန်တော် စာရွက်တချို့ပဲ ပြချင်ပါတယ်"

"မကြည့်နိုင်ဘူး"

"ဒါက. . . အန်တီ့သဘောပါ၊ ကျွန်တော့်တာဝန်ကပြရမှာပဲ"

အန်တီပွင့်သီခင်က သူ့ကို မီးဝင်းဝင်းတောက်နေသော မျက်ဝန်းများနှင့် ကြည့်၏။ လင်းတည်ထင်က ထိုအကြည့်များကို လွှဲရှောင်ဖယ်ကာ ဦးလေးဖြစ်သူ၏ ပေါင်ရင်းမှဖြတ်ထားရသော ခြေထောက်နှင့် wheel chair ပေါ်ထိုင်နေသောပုံ. . .၊ ဆေးရုံ စာရွက်စာတမ်းများကို စားပွဲပေါ်ဖြန့်ခင်းပေးလိုက်သည်။

"အဲဒီပုံထဲကလူက ကျွန်တော့်ဦးလေး ဦးဝင်းညီသွင် အစစ်ပါ"

"ဘာ. . ."

အန်တီပွင့်သီခင်၏ အသံကခက်ထန်မာကျောပေမယ့် အားတော့ပျော့နေသည်ဟု လင်းတည်ထင် ထင်မိသည်။

"ဒီလူကမှ အန်တီ့ကိုချစ်တဲ့ ဝင်းညီသွင်ပါ အန်တီ"

အန်တီပွင့်သီခင် ဓာတ်ပုံကို အမှတ်တမဲ့ကောက်ယူကြည့်၏။ ပြီးမှ ပြန်ပစ်ချကာ ရယ်၏။

"ဟင်းဟင်း. . . မင်းရဲ့စကားကို ဘယ်သူက သက်သေထူပြနိုင်မှာလဲ"

"ဒီ မှတ်ပုံတင်နဲ့ နိုင်ငံကူးလက်မှတ်၊ ပြီးတော့ ဒီဆေးရုံစာရွက်စာတမ်းတွေ"

"မှတ်ပုံတင်အတုက လုပ်လို့ရတာပဲ"

"မရဘူးလို့ကျွန်တော်မပြောပါဘူး. . . ရပါတယ်. . . ရလို့ သည်း. . . ဟိုလူက အန်တီ့ကို လိမ်သွားနိုင်တာပေါ့. . . ခုဟာ ဘာတယ့်အစစ်ပါ. . . ဆေးရုံစာရွက်စာတမ်းတွေနဲ့ နိုင်ငံကူးလက်မှတ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ပုံတွေတိုက်ကြည့်နိုင်ပါတယ်. . . "

မကြည့်နိုင်ဘူး. . . ဟု ငြင်းဆိုထားသော ဒေါ်ပွင့်သီခင်၏ လက်များက စာရွက်တွေပေါ် ရောက်သွားပြန်သည်. . .။ ဒီတစ်ခါတော့. . . သူမ အသံမထွက်နိုင်တော့. . .။စာရွက်စာတမ်းများနှင့် နိုင်ငံကူးလက်မှတ်၊ ဓာတ်ပုံတို့ကို တစ်လှည့်စီကြည့်ကာ အသက်မဲ့သူပမာ ငြိမ်သက်သွားရှာသည်။

ထိုစဉ် လင်းတည်ထင် အိတ်ထဲမှ ဖုန်းကလေးထမြည်သည်။

ဖုန်းသံကြားတော့ အသက်မဲ့သူပမာငြိမ်သက်နေသော အန်တီ ခေါင်းထောင်လာသည်။

"မင်းဖုန်းကိုပိတ်ထားလိုက်စမ်း. . . ဒီအိမ်မှာ ဘယ်ဖုန်းသံမှ မကြားရဘူး. . . ဘယ်သူမှ ဖုန်းကို ring ဖွင့်ခွင့်မရှိဘူး. . . "

"ကျွန်တော်သိပါတယ်"

"ဘာ. . . မင်းသိတယ်. . . သိသိကြီးနဲ့များ"

အန်တီ ဒေါသတို့နှင့် ပိုပြီးတင်းထန်လာသည်။

"ဒါပေမယ့် ဒီဖုန်းသံက အန်တီ့အတွက်မို့ပါ"

"ဘာ. . . ဘာပြောတယ်"

"ဒီဖုန်းသံက အန်တီ့အတွက်ပါ. . . ဒါ ဦးလေးဆီကဖုန်းပါ. . . အန်တီအသံကိုမှတ်မိမှာပါ. . . နားထောင်ကြည့်ပါလား. . . "

အန်တီပွင့်သီခင်. . . ခေါင်းကို ခါငြင်း၏။

"ဟင့်အင်း. . . "

"ကျွန်တော် သက်သေပြနေတာမခိုင်လုံသေးလို့လား. . . နှုတ် တစ်ရာစာတစ်လုံးမို့ အန်တီ့ကို ကျွန်တော်စကားများများမပြောပဲ. . . ပြစရာရှိတာတွေပြခဲ့တာ. . . အန်တီ သဘောပေါက်လိမ့်မယ် ထင်ပါတယ်"

အန်တီက ခေါင်းခါမြဲ. . .

"အန်တီဘာကိုငြင်းတာလဲ. . ကျွန်တော်ရှင်းပြတာကိုလား



www.burmeseclassic.com

www.burmeseclassic.com


ဦးလေးနဲ့စကားပြောရမှာကိုလား"

သူမ, မဖြေ။

ဖုန်းကမြည်မြဲ မြည်နေသည်။ အန်တီပွင့်သီက ဖုန်းသံနှင့် ပတ်သက်ပြီးဘာမှမပြောတော့. . .။ လင်းတည်ထင်က ဖုန်းကလေးကို အန်တီ့ရှေ့က စားပွဲပေါ်တင်ထားပေးလိုက်သည်. . .။ဖုန်းသံက မြည်ဆဲ. . .။

လင်းတည်ထင်က စာရွက်စာတမ်းများနှင့်ခုံတပ်ပုံကို ယူလာသောအိတ်ထဲ ပြန်ကောက်ထည့်လိုက်၏။ဖုန်းသံက မြည်နေဆဲ။

"ကျွန်တော် ဖုန်းထားခဲ့မယ်. . . အန်တီမကိုင်မချင်း ဦးလေးက မရပ်မနားခေါ်နေမှာပဲ. . . သူ့ခမျာ wheel chair မပါရင် ဘယ်မှ သွားနိုင်ရှာတာ မဟုတ်ဘူး. . . ကျွန်တော်သွားတော့မယ်. . ."

ပြောပြောဆိုဆို လင်းတည်ထင်က ထိုင်ရာမှထ၏။

"နေဦး. . ."

အန်တီက အသံမာမာနှင့်တားသဖြင့် သူရပ်နေလိုက်သည်။

"ဟုတ်ကဲ့ ပြောပါ"

"မင်းဖုန်းကိုပြန်ယူသွားပါ"

"ကျွန်တော်နဂိုတည်းက ပြန်ယူသွားဖို့အစီအစဉ်ပါမလာခဲ့ဘူး။ စိတ်မကောင်းပါဘူး အန်တီ. . . ကျွန်တော့်ကို ခွင့်လွှတ်ပါ"

လင်းတည်ထင် ခပ်တည်တည်ပင် အန်တီ့အခန်းထဲမှ ပြန်ထွက် ခဲ့သည်။

အန်တီဘယ်လိုကျန်ခဲ့သည်မသိ. . .။အောက်မှာတော့ နီ. ..ငးယ နှင့် မင်းညီတို့က အဆင်သင့်စောင့်နေကြသည်။

"ဘယ်လိုလဲ. . . အဆင်ပြေလား"

"မသိပါဘူး"

လင်းတည်ထင်ဖြေပုံက အားရစရာ။

"ဘယ်လိုဖြစ်လဲ ပြောဦးလေ. . . ရှင်ကလဲ"


www.burmeseclassic.com

www.burmeseclassic.com



နီတာအားမလို အားမရမေးတော့မှ သူကဖြေသည်။

"စာရွက်စာတမ်းနဲ့ ပုံတွေချပြီးပြောပြခဲ့တာပဲ. . . ပြီးတော့"

"ပြီးတော့. . . ဘာဖြစ်လဲ"

"ဦးလေးဆီက ဖုန်းဝင်လာတယ်"

"ဖုန်းသံကြားတော့ မအော်ဘူးလား"

"ဘယ်နေလိမ့်မလဲ၊ ဒါပေမယ့် အဲဒီဖုန်းက ဦးလေးဆီကဖုန်း အန်တီ့ဆီလာတာ လို့ပြောပြီး ဖုန်းကိုချထားပေးခဲ့တယ်"

"အန်တီကိုင်လား"

"ဟင့်အင်း. . . ခုလိုထွက်လာတဲ့အထိတော့မကိုင်ဘူး"

ပင်းယက ညက်ညက်ကလေးပြုံးသည်။ ဘာအဓိပ္ပာယ်လဲတော့ မသိ. . .။ နီ့မှာတော့ အန်တီဖုန်းကိုင်မလား၊ မကိုင်လား သိချင်တာ နေမထိထိုင်မရ. . .။မင်းညီကတော့ ခုန်ဆွခုန်ဆွနှင့် အငြိမ်မနေ. . .။ လူတင်မက ပါးစပ်ကလည်းပွဲ့ပွဲ့ကိုလှမ်းအစီရင်ခံနေရတာမအား. . .။ အတော်မျက်စိနောက်ချင်စရာ ကောင်းနေသည်။

"အန်တီကိုင်,မကိုင် ဘယ်လိုသိရမလဲဟင်. . ."

နီ. . . သူ့ကိုအားကိုးတကြီးမေးမိ၏။

သူက ထုံးစံအတိုင်းညင်သာစွာပြုံးကာပြော၏။

"မပူပါနဲ့ အန်တီနဲ့စကားပြောခွင့်ရရင် ဦးလေးကို ဖုန်းပြန် ခေါ်ခိုင်းထားပါတယ်. . . နီ့ဖုန်းနံပါတ်ကိုသာစောင့်ကြည့်. . . နီ့နံပါတ် ပေးခဲ့တယ်"

နီတို့ လေးယောက်သား ဖုန်းကလေးကိုရှေ့ချကာ ကားထဲမှာစု ထိုင်နေမိကြသည်။ မျောက်မင်းညီပင် ငြိမ်သက်သွားပြီဖြစ်သည်။ နီ့ ဖုန်းကလေးတုန်ခါလာဖို့အရေး နီတို့မျှော်မောနေကြရ၏။

ဆယ်မိနစ်. . .။

ဆယ့်ငါးမိနစ်. . .။

မိနစ်နှစ်ဆယ်. . .။



www.burmeseclassic.com

www.burmeseclassic.com



နီ. . . နာရီကိုကြည့်ကာ မျှော်လင့်ချက်မဲ့သူလိုဖြစ်နေဆဲ. . . ဖုန်းကလေးထမြည်သည်။ နီ့ထက် ဦးအောင်ဖုန်းကိုကောက်ယူသူက လင်းတည်ထင်. . . ။ လက်များပင်ဆုံသွားရသေးသည်။ လင်းတည်ထင်က ဖုန်းနံပါတ်ကို အရင်ကြည့်သည်.

"ဟုတ်လား. . ."

ပင်းယက စိတ်အားထက်သန်စွာမေး၏။ လင်းတည်ထင်က ခေါင်းကိုဆတ်ခနဲညိတ်ပြကာ လက်မထောင်ပြလိုက်သည်။ 'ဟေး' ခနဲ အော်လိုက်သော အသံသည် ကားအပြင်သို့ပင် လျှံသွားရတော့သည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ခုတော့ နို့ဖုန်းကလေးက အသံမြည်လာခဲ့ပြီ. . .။

ဂီတာပုံလေးလုပ်ထားသော ဖုန်းကလေး၏မြည်သံက ချိုကြည်လှ၏။ ထိုမြည်သံနောက်က ကပ်ပါလာသော အသံတစ်သံကတော့ ပြောစရာပင်မရှိတော့. . .။

"နို. . ."

"ရှင်. . ."

"ဖုန်းသံလေးက နားထောင်လို့ကောင်းတယ် မဟုတ်လား"

"အင်း. . ."

"ဒါဆို ကိုယ့်ကိုအဖြေပေးတော့"

"ဟင်. . . ဘာဆိုင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ဘူးလား"

"မဆိုင်ပါဘူး"

"ဒါဆို 'ကို' လို့ ပြန်ခေါ်ကြည့်လေ"

"အာ. . . ခေါ်ပါဘူး. . . ဘာလို့ခေါ်ရမှာလဲ"

"အဲဒါ ဘယ်သူ့ကိုခေါ်နေကျလဲဟင်. . ."

"မသိဘူး"

"နီ့ ရည်းစားကိုလား"

"မသိပါဘူးဆို"

"နီ့မှာ ရည်းစားရှိတယ်လေ"

"မသိပါဘူး"

"ဩော်. . . ကိုယ့်ရည်းစားတောင် ကိုယ်မသိဘူးလား. . . မှတ်ထား. . . လင်းတည်ထင် တဲ့"

"အံမယ်. . . ဘယ်သူပြောလဲ"

"ဆင်းနီလွင်"

နီ ရယ်ပါသည်. . .။ နီ့ ရယ်သံကို ချစ်သည်ဆိုသောသူ့အတွက် နီအမြဲရယ်မောနေချင်ပါသည်။

"ကို. . ."

"ဟာ. . . ကိုယ့်ကိုဘယ်လိုခေါ်လိုက်တာလည်း ပြန်ခေါ်စမ်း"

"ပြောစရာရှိလို့"

"ပြောလေ. . ."

"မနေ့က ဟိုဘက်အိမ်က ဒီသတင်းတွေအကုန်သိသွားတယ်"

"ဟုတ်လား ထုံးစံအတိုင်း ဆူညံကုန်တာပေါ့. . . ခုတော့ နီတို့အိမ်က တကယ့်ကို သူပုန်အိမ်ဖြစ်သွားပြီသိလား. . ."

"ခေါင်းဆောင်က အန်တီလား"

"ဟင့်အင်း ပင်းယ"

ပင်းယကလည်း မနေ့ကပဲ သူ့ကောင်မလေးနှင့် ရန်းတတ်



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးပစ်လိုက်သည်ကိုး. . .။

"နီကကော ပင်းယနောက် ဘယ်တော့လိုက်မှာလဲ. . ."

"အန်တီပွင့်သီနဲ့ မင်းညီလိုက်ပြီးမှ"

လင်းတည်ထင် တဟားဟားထ,ရယ်သည်။ အန်တီနှင့် ဦးလေးတို့၏အချစ်ကို လင်းတည်ထင် ယုံသည်။ သူတို့၏ချစ်ခြင်းက ဘယ်လိုမှ ထပ်မံ မပျက်စီးနိုင်တော့. . .။ကံကြမ္မာ၏ အသွားအလာသည် လျို့ဝှက်သည်းဖိုဆန်လွန်းလှသည်။ ခြေသံလုံလုံနှင့် ရင်ထဲထိဝင်လာပြီးမှ. . . ခြေသံပြင်းပြင်းနင်းလျှောက်သွားတတ်သော ချစ်ခြင်း၏ ရင်ခုန်သံများတိုလည်း သူတို့ မြည်းစမ်းခဲ့ပြီးပြီပဲ. . .။

ခုတော့ နီတို့အိမ်ကလေးတွင် ဖုန်းသံများပြန်လည် ရှင်သန်ခွင့်ရသွားခဲ့ပြီ. . .။ အလုပ်ခန်းမှာ. . .၊ အလယ်ခန်းမှာ. . .၊ အပေါ်ထပ်မှာ. . . ဖုန်းသံတွေညံလျက်. . .။ ထိုအထဲတွင် အန်တီ့အခန်းက ဖုန်းသံများကတော့ သာယာနာပျော်ဖွယ်အကောင်းဆုံးနှင့် အဆွဲဆောင်နိုင်ဆုံးဖြစ်ပေလိမ့်မည်။

နှလုံးသားချင်းနီးစပ်ခဲ့ပြီးကြသောသူနှစ်ဦးအတွက် နောက်ထပ်မည်သည့်အရာကမှ အရေးတကြီးမရှိလှပါ. . .။ သို့သော် vibrator လေးအလုပ် လုပ်နေကြောင်းကို ထိကပ်ထားမှသိနိုင်သလို ring သံလေးတော့ကြားချင်တတ်သေးတာ လူ၏သဘာဝပဲ မဟုတ်လား. . .။

လင်းတည်ထင် ကြားချင်သောစကားတစ်ခွန်းအတွက် နီ့ဘက်မှ ပြောရန်အဆင်သင့် ဖြစ်နေတာသိပ်ကို သေချာပါသည်။

"နောက်ထပ် နှစ်မိနစ်လောက်နေရင် ဖုန်းပြန်ဆက်သိလား"

"ဘာဖြစ်လို့လဲ"

"အဖြေပေးမလို့"

နီ့စကားကြောင့် တဟားဟားရယ်သံက ကြည်လင်စွာထွက်ပေါ်လာသည်။ နှစ်ချီစောင့်ခဲ့ရသော အန်တီနှင့်ဦးလေးတို့နှင့်စာလျှင် နှစ်,မိနစ်သည် ဘာမှမဟုတ်ဘဲ. . .။ နောက်ထပ် နှစ်မိနစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ကမ္ဘာ့ပေါ်တွင် အတိအလင်းကြေညာသော ချစ်သူနှစ်ဦး ထပ်တိုး လာပေတော့မည်။

လောကကြီး၏ သာယာမှုအားလုံးသည်. . . ချစ်ခြင်း. . . နှင့်သာ သက်ဆိုင်နေတာ. . . သေချာပါသည်။

ချစ်သူ၏ စကားသံများသည်လည်း ရှင်သန်ခြင်း၏ဂီတပင် မဟုတ်ပါလား. . .။

❄ ❄ ❄

(မနော်တာရီ)
12-7-2005
3:30 A.M

www.burmeseclassic.com